အခန်း(၆၆၇) - ဝယ်မယ် ဝယ်မယ်။

မြင့်မြတ် မဟာမိတ်အဖွဲ့မှ စိန်ခေါ်သူ သုံးယောက်သည် ထိတ်လန့်နေကြသည်။

လင်းဟွမ်၏ ယခင်တိုက်ပွဲကို ကြည့်ပြီးနောက် သူတို့အတွက် အနိုင်ရရန် အခွင့်အရေး မရှိကြောင်း သိနေကြသည်။ သူတို့ကို ပထမဦးဆုံး စစ်ဆေးရေးဂိတ်သို့ ပြန်ပို့ရုံသာမက မြင့်မြတ် မဟာမိတ် အဖွဲ့ဝင်များထံမှ ချေးယူထားသော အမှတ်များကိုလည်း လင်းဟွမ်ထံ ပေးရအုံးမည်။

ထို့အပြင် ယခုလက်ရှိတိုက်ပွဲကို တိုက်ရိုက်ထုတ်လွှင့်နေသဖြင့် ရှုံးနိမ့်ကြောင်း ဝန်ခံရမှာလည်း ရှက်စရာ ကောင်းနေသည်။ သို့သော်လည်း သူတို့အသတ်ခံရပြီးနောက် အမှတ်ပါ ပေးရအုံးမည်ဆိုလျှင် ပို၍ အရှက်ကွဲ ပေလိမ့်မည်။ ထို့ကြောင့် သူတို့သုံးယောက်သည် တိတ်တဆိတ် ဆွေးနွေးကြပြီး မကြာခင် ဆုံးဖြတ်ချက် ချလိုက်ကြသည်။

"လင်းရှီ မင်းရဲ့အမှတ်တွေကို ခိုးယူဖို့ ကြိုးစားမိခဲ့တာ ငါတို့အမှားပဲ။ ငါတို့ အားနည်းတာကို ဝန်ခံပါတယ်"

ပိန်လှီသော လူငယ်က ညောင်နာနာ အသံနှင့် ပြောလိုက်သည်။

"မင်းက ကျန်းဟွေ့ကို သတ်ပြီး အမှတ်လေးသန်းကျော်လည်း ရသွားပြီးပြီ။ ဒီကိစ္စကို ဒီမှာပဲ ရပ်လိုက်ရအောင်။ ဘာမှ မဖြစ်ခဲ့တဲ့အတိုင်း ထားလိုက်ကြမယ်။ မင်းကိုလည်း ပြဿနာ မရှာတော့ဘူးလို့ ငါတို့ အာမခံတယ်။ ဒီလိုဆို နောင်တစ်ချိန် ပြန်တွေ့အချိန်ကျရင် ငါတို့က မိတ်ဆွေ ဖြစ်နိုင်သေးတယ်”

"မင်း ဘာပြောချင်တာလဲ"

လင်းဟွမ်က မျက်မှောင ကြုတ်သွားပြီး

"မင်းသဘောတူချက် စာချုပ်ကို လက်မှတ်ထိုးပြီး အခုမှ ဘွာတေး(ဆောရီး) လို့ ပြောချင်တာလား။

မင်းတို့ကိုယ်မင်းတို့ သူငယ်နှပ်စားလေးလို့ ထင်နေကြတာလား။ ငါ့ကို မလုခင်ကတည်းက ဖြစ်လာမယ့် အကျိုးဆက်တွေကို ဘာဖြစ်လို့ မစဉ်းစားခဲ့တာလဲ။ မင်းတို့ မတိုက်ခိုက်လို့ မရတော့ဘူး။ တကယ်လို့ ငါရှုံးသွားရင် မင်းတို့ ငါ့အမှတ်ကိုမယူဘဲ နေမှာလား။ မင်းတို့ထက် အားနည်းလို့ ငါက အနိုင်ကျင့်ဖို့ ထိုက်တန်နေတာလား...."

လင်းဟွမ် စကားကြောင့် ထိုလူသုံးယောက်လုံး ထိတ်လန့်သွားကြသည်။

"မင်းတို့ရဲ့ လွတ်လပ်တဲ့ သဘောဆန္ဒအရ စာချုပ်မှာ မင်းတို့ရဲ့ လက်ဗွေရာ ရိုက်နှိပ်ထားတယ်။ မင်းတို့ကို

ဘယ်သူကမှ အတင်းအကြပ် မလုပ်ခိုင်းဘူး။ ဒီမှာရှိနေတဲ့ လူတွေအားလုံးနဲ့ ဒီဗီဒီယိုကို တိုက်ရိုက်ကြည့်ရှုနေတဲ့ လူတွေအားလုံး ဒါကို မြင်တယ်။ စည်းကမ်းက စည်းကမ်းပဲ။ မင်းတို့ စာချုပ် စည်းကမ်းကို ဖောက်ဖျက်ချင်နေတယ်လို့ ငါ ထင်တယ်။။ ပရိတ်သတ်က သဘောတူလို့ ထွက်သွားချင်ရင်လည်း မင်းတို့မှာ ရွေးချယ်စရာနှစ်ခုပဲ ရှိတယ်။ ပထမ ရွေးချယ်မှုက ရှုံးနိမ့်မှုကို ဝန်ခံပြီး မင်းတို့ရဲ့ အမှတ်တစ်ဝက်ကို ငါ့ဆီ ပေး။ ဒုတိယရွေးချယ်မှုက ငါက မင်းတို့ကို ပထမဆုံး စစ်ဆေးရေးဂိတ်ဆီ ပြန်ပို့ပေးမယ်"

လင်းဟွမ်သည် ထိုလူသုံးယောက်က အားနည်း၍ ရှုံးနိမ့်ပါသည်ဟု ဝန်ခံရုံမျှနှင့် လက်ခံမည် မဟုတ်ပေ။

"လင်းရှီ၊ သိပ် ဘောင်ကျော်မလာနဲ့"

ပိန်ပိန်ပါးပါး လူငယ်က မှုန်ကုပ်ကုပ် အမူအရာဖြင့် ပြောလိုက်သဖြင့်

"ငါ့ကို ဆရာ လာ မလုပ်နဲ့။"

လင်းဟွမ်က ထိုလူ၏ လေသံမှတဆင့် သူ့ကို ကြောက်ရွံ့နေကြောင်း သိနေသည်။

"အေး နောင်တစ်ချိန်မှာ ပြဿနာ ရှာချင်တယ်ဆိုလည်း ငါ့ဆီလာခဲ့။ မင်းက အင်မော်တယ်

အဆင့် (၉) ဖြစ်နေရင်တောင် မင်းတို့ကို ကြယ်လမ်းစဉ်သစ်ပင်ရဲ့ ပထမဆုံး စစ်ဆေးရေးဂိတ်ကို ပြန်ပို့ပေးမယ်။"

ပရိသတ်၏ မျက်လုံးများ ပြူးကျယ်သွားပြီး တိုက်ရိုက်ထုတ်လွှင့် ပြသနေသော မျက်နှာပြင်ပေါ်တွင် မှတ်ချက်များ ပြည့်လျှံသွားသည်။

"ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အကြီးအကဲက ငါ့ကို သူနဲ့အတူ ခေါ်ထားဖို့ မျှော်လင့်တယ်။ အိမ်မှူကိစ္စတွေကို ဘယ်လိုလုပ်ရမလဲ ဆိုတာ ငါသိတယ်။"

"ငါ အပြာရောင် မီးလျှံအဆင့်တုန်းက ကြယ်လမ်းစဉ် သစ်ပင်ရဲ့ ဒုတိယမြောက် စစ်ဆေးရေးဂိတ်မှာ အကြိမ်ကြိမ် ပိတ်မိနေခဲ့တာ။ အခုခေတ် အပြာရောင် မီးလျှံအဆင့်ကို ကြည့်ပါအုံးကွာ။ ဘာဖြစ်လို့ ဒီလောက် ကွာခြားရတာလဲ"

"ငါ့မှာလည်း နတ်ဘုရားသတ် အမြောက် ဆယ်လက်ရှိရင် ငါလည်း လုပ်နိုင်တယ်။ တော်ပြီ ပေါက်ကရ စကားတွေ မပြောတော့ဘူး။ ခုတော့ နတ်ဘုရားသတ် အမြောက်တစ်လက် သုံးဖို့တောင် မတတ်နိုင်ဘူး..."

...

"တိုက်မှာလား ဒါမှမဟုတ် အရှုံးပေးမှာလား။ မင်းတို့ ရွေးချယ်။"

လင်းဟွမ်က တတိယလမ်းကို ရွေးချယ်ခွင့် မပေးချေ။

ယခုလက်ရှိ အခြေအနေထိ ရောက်နေပြီ ဖြစ်သဖြင့် စိန်ခေါ်သူသုံးယောက်သည် သူတို့အတွက် ထွက်ပေါက် မရှိတော့ကြောင်း သိလိုက်သည်။ ထို့အပြင် သူတို့၏ ခေါင်းဆောင်ကလည်း တိုက်ရိုက် ထုတ်လွှင့်မှု ဗီဒီယိုကို ကြည့်ရှုနေကြောင်း သိနေသဖြင့် တိုက်ခိုက်ရန်မှလွဲ၍ ရွေးချယ်စရာ မရှိတော့ချေ။

နောက်ထပ် တိုက်ပွဲ သုံးခုလုံးတွင် သူတို့အတွက် မျှော်လင့်ချက် တစ်စုံတစ်ရာမျှ မရှိခဲ့ပေ။

သူတို့ သုံးယောက်တွင် နေရာကူးပြောင်းခြင်း ခတ်ကြွင်းများ ရှိသော်လည်း လင်းဟွမ်သည် နယ်မြေပိုင်နက် အသိစွမ်းရည်နှင့် သူတို့၏ လူပ်ရှားမှုများကို ဖမ်းယူနိုင်ခဲ့သည်။ နတ်ဘုရားသတ် အမြောက်ကို နေရာအနည်းငယ် ကြိုချိန်ပြီး ပစ်ခတ်ကာ သူတို့ကို သတ်ပစ်ခဲ့သည်။ မည်သူကမျှ သူ၏ တိုက်ခိုက်မှုကို နှစ်စက္ကန့် ထက်ပို၍ တောင်မခံနိုင်ခဲ့ကြပေ။

ကျန်းဟွေနှင့် ကျန်သည့်လူများကို သတ်ပြီးနောက် လင်းဟွမ်၏အမှတ်သည် (၂၄) သန်း ကျော်သွားပြီး ယခင်က ပထမရထားသော ချန်းသွမ်၏ အမှတ်ထက်

နှစ်ဆ ကျော်သွားကာ ဇယားထိပ်ဆုံးတွင် ရပ်တည်နေသည်။

လူတော်တော်များများက သူ၏ အမှတ်များကို စိုက်ကြည့်နေကြသည်။ သို့သော်လည်း တိုက်ရိုက် ဗီဒီယိုကို ကြည့်ရှုဖူးသည့် လူတိုင်းသည် အခြေခံအားဖြင့် သူ့အမှတ်များကို လုယူရန် မဖြစ်နိုင်ကြပေ။ နတ်ဘုရားသတ် အမြောက် ခြောက်လက်က ဟာသ မဟုတ်သလို စုစုပေါင်း မည်မျှရှိကြောင်း မည်သူမှ မသိကြပေ။

တိုက်ပွဲလေးခု ပြီးဆုံးပြီးနောက် ညနေ (၆) နာရီ မိနစ်(၄၀) ခန့်ရှိပြီး ကောင်းကင်ကြီး

မှောင်လာသောကြောင့် လင်းဟွမ်သည် ဝမ်ကျန်းနှင့် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ခွဲသို့ ပြန်လိုက်သွားသည်။

"ကြွက်စုတ်လေး၊ မင်း ငါ့ကို စိတ်ဆင်းရဲအောင် လုပ်တာပဲ။ ကံကောင်းလို့ မင်းက တိုက်ပွဲမှာ အနိုင်ရခဲ့ပြီး ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကို အရှုက်မခွဲခဲ့ဘူး"

ဝမ်ကျန်းက သဘောကျနေသည်။

"သူတို့ကို တစ်ချိန်လုံး ရှောင်ဖို့ကြိုးစားနေရင် ပိုရောက်တက် လာလိမ့်မယ်။ နည်းနည်းလောက် ကြမ်းပြမှ ရမယ်"

လင်းဟွမ်သည် သေသေသေချာချာ စဉ်းစားပြီးမှ တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းပင် ။

“နောင်တစ်ချိန် အဲ့ဒီကောင်တွေ ဒီကို ပြန်ရောက်လာရင်တောင် ပုံရိပ်နှိမ့်ချပြီး နေမယ် ထင်တယ်။ ကျန်တဲ့လူတွေလည်း ငါ့ရဲ့နတ်ဘုရားသတ် အမြောက်နဲ့ မတွေ့ချင်ဘူးလို့ ထင်တာပဲ”

"တတိယမျိုးဆက် နတ်ဘုရားသတ် အမြောက်က အစွမ်းထက်ပေမယ့် အသုံးပြုတဲ့ အရေအတွက်က အကန့်အသတ် ရှိတယ်။ အရေးပေါ် အခြေအနေအတွက် ချန်ထားအုံး။ မကြာခဏ သုံးဖို့ မကြိုးစားနဲ့။"

ဝမ်ကျန်းက တတိယမျိုးဆက် နတ်ဘုရားသတ် အမြောက်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

"ငါ သိတယ်။ ငါ့ဆီမှာ အမှတ်အများကြီး မရှိရင် နတ်ဘုရာသတ် အမြောက်ကို သုံးမှာမဟုတ်ဘူး။ အခုတော့ နောက်ထပ် (၁၆) သန်း ထပ်ရလိုက်တယ်၊ အုံ့ဩစရာကောင်းတဲ့ ပစ္စည်းတွေ အများကြီးနဲ့ လဲလို့ရပြီ။"

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်သည်။

"ကြယ်လမ်းစဉ် အမှတ်တစ်ခုက ကံကြမ္မာသလင်းကျောက် တစ်ထောင်နဲ့ ညီမျှတယ်။ အမှတ် (၂၄)သန်းက ကံကြမ္မာသလင်းကျောက် (၂၄) ဘီလီယံနဲ့ ညီမျှတယ်။ နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်း နှစ်ခု ဝယ်ယူဖို့ လုံလောက်တယ်"

ဝမ်ကျန်းက အံ့အောသင့်စွာ ရေရွတ်လိုက်သည်။

"ဒါပေမဲ့ မင်းကို နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းတွေ မဝယ်ဖို့ အကြံပေးချင်တယ်။ မင်းအတွက် အခုလောလောဆယ် ဒါမှမဟုတ် မဝေးတော့တဲ့ အနာဂတ်မှာ အသုံးပြုနိုင်တဲ့ ပစ္စည်းတွေပဲ ဝယ်ဖို့ ကြိုးစားပါ။ အခုလက်ရှိ လုပ်သင့်တာက နတ်ဘုရားသတ်အမြောက်က ပြင်ပ အကူအညီ တစ်ခုပဲ။ ဒါကြောင့် မင်းရဲ့စွမ်းရည်ကို မြှင့်တင်သင့်တယ်"

"မှတ်ထားလိုက်မယ်။ စိတ်မပူနဲ့။"

လင်းဟွမ်သည် အမှတ်များအား မည်ကဲ့သို့ အသုံးပြုရမလဲ ဆိုသည်ကို သိထားပြီးသားပင် ။

ဝမ်ကျန်းကို နှုတ်ဆက်ပြီးနောက် ပါရမီရှင်သမဂ္ဂထဲမှ ထွက်လာခဲ့သည်။ ဟိုတယ်ကို ပြန်ရောက်သောအခါ ရှာဖွေမှုပုံစံဖြင့် ပါရမီရှင်သမဂ္ဂ ကြယ်လမ်းစဉ် ကုန်တိုက်ထဲ ဝင်ရောက်ခဲ့သည်။

သူ ရွေးထုတ်ခဲ့သည့် ပထမဆုံး ပစ္စည်းမှာ စိတ်ဝိညာဉ် ဓားမြှောင်များပင် ။

သာမန် အခြေအနေဆိုလျှင် လင်းဟွမ်သည် အင်မော်တယ်အဆင့် ရောက်မှ ရှေးဟောင်း ဓာတ်ကြွင်းများကို အသက်သွင်း နိုင်လိမ့်မည်။ သို့သော်လည်း အသွင်ပြောင်းကတ်ကို

အသုံးပြုသည့်အချိန်၌ အသုံးပြုနိုင်သောကြောင့် ယခုပင် ဝယ်ယူချင်ခဲ့သည်။

ထို့အပြင် ယခုအခါ၌ သူသည် အပြာရောင် မီးလျှံအဆင့်ကို ရောက်နေပြီ ဖြစ်သည်။ သင့်တော်သော မီးစာမွန်းစတား တစ်ကောင်ကို တွေ့သည်နှင့် ရွှေရောင် မီးလျှံအဆင့်သို့ ရောက်ရှိနိုင်သည်။ ထို့ကြောင့် အလွန်ဆုံး နှစ်လ၊ သုံးလသာ ကြာမြင့် လိမ့်မည်။ အင်မော်တယ်အဆင့် ရောက်ရှိရန် နှစ်ဝက်ခန့်သာ အချိန်ယူ ရလိမ့်မည်။ ထို့ကြောင့် ယခုအချိန် ပြင်ဆင်ခြင်းက စောလွန်းသည်ဟု ပြောရမရချေ။

ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် စိတ်ဝိညာဉ် ပေါက်ဓားမြှောင် အမျိုးအစား ခြောက်မျိုးကို တွေ့ရှိခဲ့သည်။ လင်းဟွမ်သည် တစ်ချက်ကြည့်ရုံနှင့် အစွမ်းအထက်ဆုံး ဖြစ်နေသည့် လက်နက်ကို စိတ်ဝင်စားသွားသည်။ ထိုစိတ်ဝိညာဉ် ဓါးမြှောင်၏ အမည်မှာ မှင်အမွေး ဖြစ်သည်။ သန္ဓေသုံးကြိမ်ပြောင်း အမှောင်ထုနတ်သား၏ ခန္ဓာကိုယ်မှ ဆင်းသက်လာခြင်းပင် ။

အမှောင်ထု နတ်သား၏ တိုက်ခိုက်ရေးအဆင့်မှာ ရွှေခရမ်းရောင် အဆင့်သာ ရှိသော်လည်း ၎င်း၏စွမ်းရည်များသည် နတ်ဘုရားတစ်ပိုင်းများနှင့်ပင်

ယှဉ်နှိုင်သည်။ ထိုသက်ရှိများသည် ရှားပါးပြီး သတ်ဖြတ်ရ ခက်ခဲလှ၏။

ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် မှင်အမွေး (ခါးမြှောင်) သုံးစုံသာ ရှိသည်။ တစ်စုံကို ကျောက်စိမ်းနက်နှင့်တူသော ဓားမြှောင် (၃,၆၀၀) ဖြင့် ဖွဲ့စည်းထားကာ (၁.၈) သန်း တန်ဖိုးရှိသည်။

"စျေးကြီးတယ်၊ ဒါပေမယ့် တန်တယ်။ ဒါက နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းနဲ့ အဆင့်အတူတူပဲ"

လင်းဟွမ်က ထိုခါးမြှောင်များကို ချက်ချင်း မှာယူလိုက်သည်။

တစ်စုံသည် အမှတ် (၁.၈) သန်း ကုန်ကျသဖြင့် သုံးစုံဆိုပါက အမှတ် (၅.၄) သန်း ကုန်ကျမည်။ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်များက (၃၀) ရာခိုင်နှုန်း လျှော့ဈေးရသည်။ ထို့ကြောင့် ဈေးနှုန်းမှာ (၃.၇၈) သန်းသာ ကုန်ကျ၏။

"ဝိုး.. (၃၀) ရာခိုင်နှုန်း လျှော့ဈေးက အရမ်းမိုက်တယ်။ နောက်ပြီးတော့ အမှတ်ပေါင်း (၁.၆) သန်းကျော် သက်သာတယ်။"

လင်းဟွမ်သည် ငွေ ပေးချေပြီးနောက် ခါးကျင့်စဉ်များကို စတင် ရှာဖွေလိုက်သည်။

သူ့တွင် သာလွန်အဆင့် ဓါးကျင့်စဉ် အနည်းငယ်သာ ရှိသောကြောင့် ဓါးတာအိုအဆင့် (၄) တွင် ပိတ်မိ နေခဲ့သည်။

လျှပ်တပြတ်၊ တစ်သားတည်း ကျခြင်း၊ အကာအကွယ် ထိုးဖောက်ခြင်း စသည်တို့မှာ ဓါးကျင့်စဉ်များ အပေါ်က အဆင့် သတ်မှတ်ချက်များပင် ။ သူတို့တွင် ဓါးတာအို အဆင့် (၃)၊ အဆင့် (၄) ၊ နှင့် အဆင့်(၅) အသီးသီး ရှိကြသည်။

ရှောင်ဖိန်၏ အဆိုအရ မော်ကွန်းအဆင့် ဓါးကျင့်စဉ်တွင် လျှပ်တစ်ပြတ်နှင့် တစ်သားတည်းကျခြင်း ဟူသော အဆင့် (၂)ဆင့် ပါဝင်သည်။ ဂန္ဓဝင်အဆင့်

ဓါးကျင်စဉ်သည် အကာအကွယ် ချိုးဖောက်ခြင်းနှင့် သက်ဆိုင်သည်။

လင်းဟွမ်သည် အဖွဲ့ခွဲ (၇) သိုင်းပညာ မုဆိုးကောလိပ်တွင် ရှိစဉ်က သာလွန် အဆင့်အောက် ဓားကျင့်စဉ် အားလုံးနီးပါးကို သင်ယူခဲ့သည်။ သို့သော်လည်း သာလွန်အဆင့် ဓါးကျင့်စဉ်များကို မတူညီသော အဖွဲ့အစည်း အမျိုးမျိုးမှ ပိုင်ဆိုင်ထားသဖြင့် လူသိရှင်ကြား မရရှိနိုင်ပေ။

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်တွင် သူရရှိခဲ့သော ဓါးကျင့်စဉ်နှစ်ခုနှင့် သူကိုယ်တိုင် သင်ယူထားခဲ့သည့် ဓါးကျင့်စဉ် အနည်းငယ် အပါအဝင်

မော်ကွန်းအဆင့် ခါးကျင့်စဉ် ဆယ်မျိုးအောက်သာ သင်ယူနိုင်ခဲ့သည်။ ဂန္ဓဝင်အဆင့် ဓားကျင့်စဉ်နှင့် ပတ်သက်၍မူ သူ့တွင် ရှိသည့်အရာမှာ တစ်ခုတည်းသော ခါးကျင့်စဉ်ဖြစ်သည့် ကြယ်တာယာလိပ်ခုံး ပင်။

ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် လျှပ်တပြတ်အဆင့် ဓားကျင့်စဉ် အမျိုးမျိုးရှိသည်။ စုစုပေါင်း (၁,၃၀၀) ရှိသည်။အမှတ် (၁၀) မှတ်လောက်နှင့် ဝယ်ယူနိုင်သောကြောင့် တော်တော်လေး ဈေးသက်သာသည်။ ဈေးအကြီးဆုံးကျင့်စဉ်မှာ အမှတ် (၈၀) ခန့် ကုန်ကျပြီး တစ်ခုမှ အမှတ် (၁၀၀) ထက် မပိုပေ။

လင်းဟွမ်သည် လျှပ်တပြတ် ခားကျင့်စဉ် အမျိုးအစား(၁,၃၀၀) ကျော်ကို ဒေါင်းလုဒ် လုပ်နိုင်ရန် အမှတ် (၄၀,၀၀၀) ကျော် အသုံးပြုခဲ့ရသည်။

ထို့နောက် တစ်သားတည်း ကျခြင်းနှင့် အကာအကွယ် ချိုးဖျက်ခြင်း ဓါးကျင့်စဉ်တို့ကို စတင် စစ်ဆေးလိုက်သည်။

တစ်သားတည်းကျခြင်း အဆင့် ဓါးကျင့်စဉ် တစ်ခုလျှင် အနည်းဆုံး အမှတ် (၃၀၀) ကုန်ကျသောကြောင့် အလွန် စျေးကြီးသည်။ အချို့က အမှတ် (၅,၀၀၀) မှ (၆,၀၀၀) ခန့်ထိ လိုအပ်သည်။ ကျင့်စဉ်ပေါင်း (၇၀၀) ရှိသည်။ လင်းဟွမ်သည်

ထိုကျင့်စဉ် အားလုံးကို ဝယ်ယူရန် အမှတ် (၁.၂) သန်း အသုံးပြုခဲ့ရသည်။

အကာအကွယ် ချိုးဖျက်ခြင်း ဓားကျင့်စဉ်ကမ္ဘာ အမှတ်(၁၀,၀၀၀) ကျော် ကုန်ကျသည်။ တော်တော် များများက အမှတ် (၁၀၀,၀၀၀) ခန့်ရှိသည်။ ထို့အပြင် ဓားကျင့်စဉ် ခုနစ်ခု၏စျေးနှုန်းမှာ အမှတ် တစ်သန်းကျော် ကုန်ကျသော်လည်း အကာအကွယ် ချိုးဖျက်ခြင်း အဆင့် ဓားကျင့်စဉ်မှာ အမျိုးအစား (၈၀) ခန့်သာ ရှိသည်။

ခြုံငုံပြီး ပြောရလျှင် လင်းဟွမ်သည် စျေးအကြီးဆုံး ဓါးကျင့်စဉ် ခုနစ်ခုနှင့် ကျန်သည့်ဓါးကျင့်စဉ် (၇၈) ခုကို ဝယ်ယူရန် အမှတ် (၁၈) သန်းခန့် သုံးစွဲခဲ့ရသည်။

ပစ္စည်း အားလုံးဝယ်ယူပြီးနောက် လင်းဟွမ်တွင် ရှိနေသော အမှတ် (၂၄) သန်းက ပြုတ်ပြုတ် ပြုန်းသွားသည်။

အခန်း(၆၆၈) - “မင်း အပြာရောင်မီးလျှံ အဆင့်တုန်းက ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှာ စစ်ဆေးရေးဂိတ် ဘယ်နှခု ရောက်ခဲ့လဲ..”

လင်းဟွမ်သည် လက်ကျန်အမှတ် (၇) သိန်း (၈) သောင်းကိုကြည့်ပြီး ဖျစ်ညှစ်ကာ ပြုံးလိုက်သည်။

“အာ.. အမှတ်တွေ သုံးရတာ လွယ်လိုက်တာ.”

သူလိုချင်သည့် ပစ္စည်းများကို အကုန် ဝယ်ယူပြီးနောက် ည (၈) နာရီ ထိုးနေပြီ။ ပူပူနွေးနွေးလေး ရရှိထားသော ဓားကျင့်စဉ်များကို စတင်

စစ်ဆေးလိုက်သည်။ ခါးကျင့်စဉ်များကို ကုတ်ဝှက်ထားကာ ငွေပေးချေပြီးနောက် အင်ပါယာနှလုံးသားလက်စွပ်မှတစ်ဆင့် သူ့ထံပေးပို့ခဲ့ခြင်းပင် ။

တစ်သားတည်းကျခြင်းအဆင့် ခါးကျင့်စဉ်သည် ပထမဦးဆုံး အတွဲ ဖြစ်သည်။

လင်းဟွမ်သည် လက်တွေ့သရုပ်ပြမှုကို (၁၅) မိနစ်ခန့် ကြည့်ရှုခဲ့သည်။ သူ၏ခါးတာအိုသည် အဆင့် (၄) နယ်ပယ်တွင် ရှိနေပြီ ဖြစ်သောကြောင့် ခါးကျင့်စဉ် လက်တွေ့သရုပ်ပြမှုနှင့် သင်ခန်းစာကို ကြည့်ပြီးနောက် အဆင့် (၃) ခါးကျင့်စဉ်များကို သင်ယူနိုင်ခဲ့သည်။

ဒါသည် အဆင့်မြင့်သန့်ရှင်းကို ကျွမ်းကျင်ထားသော လူတစ်ယောက်က အထက်တန်း သန့်ရှင်းကို ပြန်လေ့လာ နေရသလိုပင်။ တစ်ခေါက်ကြည့်ရုံဖြင့် နားလည် သွားခဲ့သည်။

ဓါးကျင့်စဉ် သရုပ်ပြမှုကို (၃) ကြိမ်ကြည့်ရှုရန် လေး၊ ငါးမိနစ် ခန့် အချိန်ယူခဲ့ရသည်။ သို့သော်လည်း အသေးစိတ် သင်ခန်းစာများကိုတော့ မကြည့်ခဲ့ပေ။

မိနစ် (၂၀) ခန့် ကြာသောအခါ ဟိုတယ် အခန်းထဲတွင် ဓါးသိုင်းကို စတင် လေ့ကျင့်ခဲ့သည်။ မိနစ်အနည်းငယ်လောက် ကြာပြီးနောက် အစအဆုံး (၃)ခေါက် လေ့ကျင့်နိုင်ခဲ့သည်။ ဓါးကျင့်စဉ်ကို အစအဆုံး

တစ်ခေါက် လေ့ကျင့်တိုင်း ကတ်အပိုင်းအစ ထောင်ပေါင်းများစွာ ရရှိခဲ့သည်။ သုံးခေါက် လေ့ကျင့် ပြီးသည့်အချိန်တွင် ပထမဆုံး ဓါးကျင့်စဉ်၏ စွမ်းရည်ကတ်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ထို့နောက် မိနစ် (၂၀) ကြာတိုင်း သူ့ခန္ဓာကိုယ်ထဲတွင် စွမ်းရည်ကတ်များ ပေါ်လာသည်။

သန်းခေါင်ယံ အချိန်ကို ရောက်သွားသောအခါ လင်းဟွမ်သည် လျှပ်တစ်ပြက် ဓါးကျင့်စဉ် (၁၁) ခုကို သင်ယူ တတ်မြောက်ခဲ့သည်။ သူ၏ ဓါးတာအိုက အနည်းငယ် တိုးတက်လာသလို ခံစားလိုက်ရသည်။

သူ၏လေ့ကျင့်မှု နည်းလမ်းက မှန်ကန်နေသည်မှာ သိသာထင်ရှားနေသည်။

နောက်တစ်နေ့တွင် လင်းဟွမ်သည် မနက်စောစော အိပ်ရာထကာ ပါရမီရှင်သမဂ္ဂ လောကထဲ ဝင်ရောက်ပြီး နောက်တစ်ကြိမ် သစ်ပင်ပေါ် ထပ်တက်ပြန်သည်။ (၂)နာရီကျော် ကြာပြီးနောက် စစ်ဆေးရေးဂိတ် (၄၉) ကို ဖြတ်ကျော်နိုင်ခဲ့သည်။ သို့သော်လည်း နောက်ထပ် (၂) နာရီကျော် ကြာသောအခါ လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၅၀) တွင် ပိတ်မိနေခဲ့သည်။

စစ်ဆေးရေးဂိတ် (၅၀) သည် ကပ်စေးနဲ့များနှင့် ကပ်ထားသလို စေးကပ်နေပြီး လုံးဝ မဖယ်ရှားနိုင်ပေ။

တိုက်ခိုက်ခြင်းကသာ လွတ်မြောက်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းပင် ။ ထိုနေရာကို လမ်းကြောင်းတစ်ခု ပေါ်အောင် ခုတ်ထွင်း၍ ဖောက်ထွက်သွားရမည်။ သို့သော်လည်း ထိုအစေးသည် ကံကြမ္မာစွမ်းအား၊ ဒြပ်စင်စွမ်းအား၊ နေရာ ကူးပြောင်းခြင်းစွမ်းအား၊ ပုံမှန် မဟုတ်သော စွမ်းရည် အမျိုးအစား အချို့ အပါအဝင် စွမ်းအင် အမျိုးအစား အားလုံးနီးပါးကို ခုခံနိုင်စွမ်း ရှိနေသည်။ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကသာ ဖျက်ဆီးနိုင်သည်။

ထို့အပြင် အစေးများက သူ့ဘာသာသူ ရွှေ့လျားနိုင်ပြီး အလိုလို ပြန်ကောင်းလာနိုင်သည်။ အကယ်၍

တိုက်ခိုက်မှုများကို လျင်မြန်စွာ မလုပ်ဆောင်ပါက ပျက်စီးနေသော အစိတ်အပိုင်းသည် လျင်မြန်စွာ ပြန်လည်ကောင်းမွန် လာလိမ့်မည်။

လူအချို့က ပူးပေါင်းပြီး တိုက်ခိုက်ရန် ကြိုးစားလာ ကြသည်။ သို့သော်လည်း တူညီသော အစိတ်အပိုင်းကို တိုက်ခိုက်သူက တစ်ဦးထက် ပိုလာပါက သစ်စေး၏ ခုခံကာကွယ်မှု စွမ်းရည်သည် (၁၀) ဆမှ အဆ တစ်ရာအထိ ပိုမို အားကောင်းလာသည်။

လင်းဟွမ်သည် ဤကဲ့သို့ စစ်ဆေးရေးဂိတ်မျိုးကို အကြောက်ဆုံးပင်။ သူသည် အပြာရောင်မီးလျှံ အဆင့်မျှသာ ဖြစ်သောကြောင့် သူ့ခန္ဓာကိုယ်မှာ

အင်မော်တယ် အဆင့်နှင့် မယှဉ်နိုင်ချေ။ သစ်စေးသည် သူ၏ စိတ်စွမ်းအားကို ခုခံနိုင်စွမ်း ရှိနေသောကြောင့် စိတ်ဝိညာဉ် လက်နက်များသည် သီးခြား နေရာလွတ်တစ်ခုထဲ ရောက်သွားသလို ဖိနှိပ်ခြင်း ခံနေရသည်။

သူတိုက်ခိုက်နိုင်သည့် အင်အား၏ တစ်သောင်းပုံ၊ တစ်ပုံထက်ပင် အားနည်းနေသည်။ အမှန်တကယ် ပြောရမည်ဆိုလျှင် ထိုသစ်စေးပေါ် ထိခိုက်ခြင်း လုံးဝ မရှိပေ။ လင်းဟွမ်သည် အကြိမ်ကြိမ် အခါခါ ကြိုးစားပြီးနောက် သစ်စေးပေါ်တွင် အက်ကွဲကြောင်းပင် မတွေ့ခဲ့ရချေ။

ထို့နောက် သစ်စေးအနီးကို ချဉ်းကပ်သွားပြီး သူ့စိတ်စွမ်းအားကို ဖယ်ရှားကာ ဓါးမြှောင်ကို အားကိုးပြီး လမ်းကြောင်းတစ်ခု ဖြစ်လာစေရန် ရုပ်ပိုင်းဆိုင်ရာ ခွန်အား သက်သက်ကိုသာ အသုံးပြု၍ ကြိုးစားခဲ့သည်။ ဆန်းကြယ် မျောက်ဝံကိုပင် ဆင့်ခေါ်ခဲ့သည်။ စောင့်ကြည့်နေသော ပရိသတ်များ ရှိနေသောကြောင့် အာဏာရှင်ကို မဆင့်ခေါ်ခဲ့ပေ။ ထို့အပြင် တိုက်ခိုက်သည့် အချိန်၌ ဓါးကျင့်စဉ်ကိုလည်း အသုံးမပြုခဲ့ချေ။ ထို့နောက် စစ်ဆေးရေးဂိတ် (၄၆) ကို ပြန်လာခဲ့သည်။

လင်းဟွမ်က စစ်ဆေးရေးဂိတ် (၄၆) ကို ပြန်လာစဉ် ပါရမီရှင်သမဂ္ဂ ဖိုရမ်ပေါ်တွင် လူတစ်ယောက်က ပို့စ်အသစ်တစ်ခု တင်လိုက်သည်။ ထိုပို့စ်ထဲတွင် လင်းဟွမ်က စစ်ဆေးရေးဂိတ် (၅၀) တွင် ကျရှုံးခဲ့ကြောင်း ဖော်ပြထားသည်။

လင်းရှီက နတ်ဘုရားသတ် အမြောက်ကိုသာ အားကိုးသည်ဟု လူအများက လျင်မြန်စွာ မှတ်ချက်ပေးလာသည်။ နတ်ဘုရားသတ် အမြောက်သာ မရှိပါက အမှိုက်တစ်စသာ ဖြစ်သည်ဟု ဝေဖန်ခဲ့ကြပြီးနောက် တော်တော်များများက နောက်မှလိုက်ပါ၍ မှတ်ချက် ပေးလာကြသည်။

ပြင်ပ အထောက်အပံ့ကို အားကိုးခြင်းမှာ အသုံးမကျကြောင်း မှတ်ချက် ပေးကြသည်။ အားနည်းသည့် လူများကသာ ပြင်ပ အထောက်အပံ့ကို မှီခိုအားထား ကြကြောင်း ဝေဖန် ပြောဆို ရေးသားနေကြသည်။

မနေ့က အဖြစ်အပျက်မှ စ၍ လင်းဟွမ်သည် ပရိသတ်အချို့ ရရှိခဲ့သော်လည်း သူတို့ထဲမှ အနည်းငယ်မျှသာ သူ့ကို အားပေးထောက်ခံခဲ့ကြသည်။ နောက်ဆုံးတွင် လူတိုင်း ဌတ်တုတ်မေ့သွားစေသည့် မှတ်ချက်မှာ ချန်းသွမ်၏ မှတ်ချက်ပင်။

“လင်းရှီကို အားနည်းတယ်လို့ ပြောနေတဲ့ ကောင်တွေ။ မင်းတို့ကောင်တွေ အပြာရောင် မီးလျှံ အဆင့်မှာတုန်းက ကြယ်လမ်းစဉ် သစ်ပင်ရဲ့ စစ်ဆေးရေးဂိတ် ဘယ်နှခုကို ရောက်နေလဲဆိုတာ ငါ မေးချင်တယ်”

ထိုမှတ်ချက်ကြောင့် လူတိုင်း ပါးစပ်ပိတ်သွားသည်။ ယခုလက်ရှိတွင် လင်းရှီသည် အပြာရောင် မီးလျှံအဆင့်သာ ရှိသေးသော်လည်း စစ်ဆေးရေးဂိတ် (၄၉)ကို ရောက်နေပြီ ဖြစ်သည်။ ဒါသည် ယခင်တုန်းက မည်သူမျှ မအောင်မြင်ခဲ့ဖူးသည့် အောင်မြင်မှုပင် ။

သူ့တွင် နတ်ဘုရားသတ် အမြောက်ရှိသည်။ သို့သော်လည်း လူတစ်ယောက်က နတ်ဘုရားသတ် အမြောက်ကို မှီခိုအားထားရုံနှင့် စစ်ဆေးရေးဂိတ် (၄၉) ခုကို ရောက်နိုင်ပါမည်လော..။ အရူးများပင် မဖြစ်နိုင်ကြောင်း သိကြသည်။ နတ်ဘုရားသတ် အမြောက်သည် အလုံးအရင်းနှင့် ပြေးတက်လာသော မွန်းစတားများအုပ်များနှင့် တိုက်ခိုက်ရာတွင် အသုံးဝင်သောကြောင့် မွန်းစတား အုပ်လိုက် ပြေးတက်လာ တတ်သည့် စစ်ဆေးရေးဂိတ် အချို့မှလွဲ၍ ကျန်သည့် စစ်ဆေးရေးဂိတ်များတွင် နတ်ဘုရားသတ် အမြောက်က လုံးဝ မကူညီနိုင်ပေ။

လင်းဟွမ်သည် သူ့ကို လူတော်တော်များများက မှတ်ချက် ပေးနေကြောင်း သိသော်လည်း နှုတ်ဆိတ်နေခဲ့သည်။ သိပ်ဂရုမစိုက်ပေ။ ကောင်းကင်ဘုံ မဟာမိတ် ဌာနခွဲသို့ ပြန်ရောက်ပြီးနောက် ပါရမီရှင်သမဂ္ဂထဲမှ ထွက်ခွာသွားသည်။

လင်းဟွမ်သည် ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ပိတ်မိနေပြီ ဖြစ်သဖြင့် ဓါးကျင့်စဉ် လေ့ကျင့်မှုကိုသာ အာရုံစိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် ပါရမီရှင် သမဂ္ဂထဲကို (၁၀) ရက်ဆက်တိုက် မဝင်ခဲ့ပေ။

သာမန်အခြေအနေ ဆိုလျှင် လင်းဟွမ်သည် ဓါးကျင့်စဉ်တစ်ခုကို ကျွမ်းကျင်ရန် မိနစ် (၂၀) ခန့်

အချိန်ယူရသည်။ သို့သော်လည်း ခါးကျင့်စဉ် အချို့ကမူ အနည်းငယ် ဆန်းကြယ်သောကြောင့် ကျွမ်းကျင်ရန် အချိန် နှစ်ဆ ပိုလိုအပ်သည်။ လွန်ခဲ့သော (၁၀) ရက်အတွင်းတွင် လင်းဟွမ်သည် လျှပ်တစ်ပြတ်အဆင့် ခါးကျင့်စဉ် (၄၅၀) ကို သင်ယူနိုင်ခဲ့ပြီး ဒါသည် သူ ဝယ်ယူခဲ့သော လျှပ်တစ်ပြတ်အဆင့် ခါးကျင့်စဉ် အရေအတွက်၏ သုံးပုံ တစ်ပုံခန့် ရှိသည်။

ဤ (၁၀) ရက်အတွင်းတွင် လင်းဟွမ်၏ ခါးနယ်ပယ်သည် လျင်မြန်စွာ တိုးတက်လာခဲ့သည်။ အစပိုင်းတွင် သူသည် တစ်သားတည်းကျခြင်းအဆင့်၏

အစအဆင့်တွင်သာ ရှိခဲ့သော်လည်း ယခုမူ အလယ်အလတ်အဆင့်သို့ ရောက်ရှိသွားခဲ့ပြီ။

လင်းဟွမ်သည် ဓါးကျင့်စဉ်အားလုံးကို သင်ယူနိုင်စေရန် ရက်ပေါင်း (၂၀) ဆက်တိုက် လေ့ကျင့်ရန် စီစဉ်ထားခဲ့သည်။ သို့သော်လည်း မနက် အစောပိုင်းတွင် ချန်းသွမ်က ဗီဒီယိုဖုန်း ခေါ်ဆိုလာခဲ့သည်။

ဗီဒီယိုဖုန်း ကိုင်လိုက်သည်နှင့် ချန်းသွမ်က အပြုံး ကလေးနှင့်

“မင်း ပါရမီရှင်သမဂ္ဂထဲ မဝင်တာ (၁၃) ရက်ရှိနေပြီ.. ဘာဖြစ်လို့လဲ”

“ဩော် အခုတလော ခါးကျင့်စဉ်တွေ လေ့ကျင့်ရင်း အလုပ်ရှုပ်နေလို့ လကုန် သွားတာတောင် မသိလိုက်ဘူး..”

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

“ငါကလည်း လကုန်ရက် နီးလာလို့ ဖုန်းခေါ်လိုက်တာ။ ရက်ပိုင်းလောက် ကြာရင် ကြယ်လမ်းစဉ် သစ်ပင်က မေလအတွက် ပေးမယ့်ဆုတွေကို အကျဉ်းချုံး ဖော်ပြထားတယ်။ (၅၀)မြောက် စစ်ဆေးရေးဂိတ်ကို ကျော်နိုင်အောင် အကောင်းဆုံး ကြိုးစားပြီး လုပ်ဖြစ်အောင် လုပ်ပါ။ (၅၀)မြောက် စစ်ဆေးရေးဂိတ်ကို ရောက်သွားတာနဲ့

မင်းကို ပေးမယ့်ဆုတွေက စစ်ဆေးရေးဂိတ် (၄၀) ကနေ (၄၉)အထိ ဖြတ်ကျော်လို့ရတဲ့ ဆုတွေနဲ့ လုံးဝ ကွဲပြားသွားလိမ့်မယ်။ “

“ တကယ်လို့ မင်း မလုပ်နိုင်ရင်လည်း ငါပြောခဲ့တဲ့ စကားတွေကို လျစ်လျူရှုလိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ စစ်ဆေးရေးဂိတ် (၄၆) မှာရှိတဲ့လူတွေရဲ့ (၉၀) ရာခိုင်နှုန်းလောက်က စစ်ဆေးရေးဂိတ် (၅၀) ကို ဖြတ်ကျော်ဖို့ ကျရှုံးကြတယ်.. အဲ့ဒီ စစ်ဆေးရေးဂိတ်အတွက် အသုံးဝင်တဲ့ နည်းဗျူဟာလည်း မရှိဘူး..”

“ငါ အားတဲ့အချိန်ကျရင် ထပ် ကြိုးစားလိုက်မယ်..”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

“အော် မေလတောင် ကုန်တော့မှာပါလား။ သတိတောင် မထားလိုက်မိဘူး”

လင်းဟွမ်သည် ဖုန်းချပြီးနောက် ပြက္ခဒိန်ကို တစ်ချက်ကြည့်လိုက်ရာ မေလ (၂၉) ရက် ဖြစ်နေပြီ။ ဇွန်လပထမရက်တွင် ဆုပေးမည် ဖြစ်သောကြောင့် နှစ်ရက် ကျန်သေးသည်။ ခေတ္တမျှ တုံ့ဆိုင်းသွားပြီးနောက် ပါရမီရှင်သမဂ္ဂထဲ ဝင်သွားလိုက်သည်။

အချိန်မှာ မနက် (၇) နာရီသာ ရှိသေးသဖြင့် စောလှသောကြောင့် လိုင်းပေါ်တွင် လူ သိပ်မရှိပေ။

ထို့နောက် ဆန်းကြယ်မျောက်ဝံကို စီးပြီး စစ်ဆေးရေးဂိတ် (၅၀) ကို ချီတက်သွားခဲ့သည်။

ပတ်ဝန်းကျင်ကို လေ့လာ အကဲခတ်လိုက်သည်။ သူ့ပတ်ဝန်းကျင်တွင် အခြား မည်သူမျှ မရှိကြောင်း သေချာအောင် အတည်ပြုပြီးနောက် တိုက်ပွဲဝင်ခါး မှင်နက်ကို ထုတ်ယူလိုက်ပြီး ခါးနယ်ပယ်ကို အပြည့်အဝ အသက် သွင်းလိုက်သည်။ ထို့နောက် ရှေ့တက်နိုင်ရန် ကံကြမ္မာစွမ်းအားများကို အသုံးမပြုဘဲ သစ်စေးများကို လှီးဖြတ်လိုက်သည်။

လင်းဟွမ် တိုက်ခိုက်လိုက်တိုင်း သူ့ရှေ့တွင် မြောင်းကြီးတစ်ခု ပေါ်လာလိမ့်မည်ဟု မမျှော်လင့်

ထားခဲ့ပေ။ ထို့နောက် သစ်စေးနယ်မြေကို အတားအဆီး မရှိ ဖြတ်ကျော်နိုင်ခဲ့သည်။

“ဒါ ငါ့ရဲ့ ဓါးနယ်ပယ်ပဲ..”

လင်းဟွမ်သည် သူ့ ဓါးနယ်ပယ်ကြောင့် ဤအပြောင်းအလဲ ဖြစ်လာကြောင်း ရှင်းရှင်းလင်းလင်း သိနေသည်။ သူ့ဓါးသည် သစ်စေးအလွှာထဲကို ထိုးဖောက်ဝင်ရောက် သွားသည်နှင့်အချိန်၌ တို့ဟူး လှိုးဖြတ်ရသကဲ့သို့ လွယ်ကူခဲ့သည်။

ဓါးနယ်ပယ်ကြောင့် စေးကပ်လှပါသည် ဆိုသော သစ်စေးများသည် မြင့်မားသော အပူချိန်ကြောင့် အရည်ပျော်နေသည့် ပလပ်စတစ်နှင့် ဆင်တူနေသည်။

တွန့်ကွေးကာ ကျုံ့သွားပြီး လမ်းကြောင်းတစ်ခု ဖန်တီးပေးသည်။

ဓါးနယ်ပယ်အားလုံးက အလုပ်မဖြစ်နိုင်ကြောင်း သူသိသည်။ သူ့ဓါးနယ်ပယ်၏ အကျိုးသက်ရောက်မှုမှာ မယုံကြည် နိုင်လောက်အောင် အစွမ်းထက်နေကြောင်း အထင်အရှားပင်။

လင်းဟွမ်သည် ဖြတ်လမ်းတစ်ခု ရှိနေပြီဖြစ်သဖြင့် ဤနေရာတွင် ဆက်နေရန် စိတ်မဝင်စားတော့ချေ။ ဓါးကို ရှေ့လွှဲခုတ်၍ သစ်စေးများအပေါ်တွင် မြောင်းများ ဖန်တီးကာ လမ်းကြောင်းဖွင့်လိုက်သည်။ (၅) မိနစ် မပြည့်သေးခင် လူပေါင်း တစ်သောင်းကျော်အတွက်

အတားအဆီး ဖြစ်ခဲ့သည့် စစ်ဆေးရေးဂိတ် (၅၀)ကို ဖြတ်ကျော်နိုင်ခဲ့သည်။

စစ်ဆေးရေးဂိတ် (၅၁) ကို ရောက်သည်နှင့် တိုက်ပွဲဝင်ခါးကို ချက်ချင်းသိမ်းပြီး ဤစစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ရန် အာဏာရှင်ကို ဆင့်ခေါ်လိုက်သည်။ စစ်ဆေးရေးဂိတ် (၅၀)မှ စတင်၍ အခက်အခဲအဆင့်က ပိုမို မြင့်မားလာခဲ့ပြီ။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၅၁) ကို ဖြတ်ကျော်နိုင်ရန် ငါးနာရီတိတိ အချိန်ယူခဲ့ရသည်။ ကောင်းကင်ကြီး မှောင်စပြုလာသည့် အချိန်မှာပင် စစ်ဆေးရေးဂိတ် (၅၂) ကို ဖြတ်ကျော်နိုင်ခဲ့သည်။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၅၁) မှနေ၍ စစ်ဆေးရေးဂိတ် (၅၄) အထိ စစ်ဆေးရေးဂိတ် လေးခုကို ဖြတ်ကျော်ရန် နှစ်ရက်တိတိ အချိန်ယူခဲ့ရသည်။

လင်းဟွမ်က (၅၅) ခုမြောက် စစ်ဆေးရေးဂိတ် လူသားများ ခြေကုပ်စခန်းကို ရောက်လာလိမ့်မည်ဟု မည်သူမှ မထင်ထားကြချေ။ လင်းဟွမ် ကိုယ်တိုင်လည်း ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု မထင်ထားခဲ့ပေ။

စစ်ဆေးရေးဂိတ် (၅၀) နောက်ပိုင်းက စစ်ဆေးရေးဂိတ် တစ်ခုစီတိုင်းသည် စိန်ခေါ်မှုများ အလွန်များပြီး လင်းဟွမ်သည် လက်လျှော့ချင်စိတ် ပေါက်လာသည်။ ကံကောင်းသည်မှာ ထိုနေရာတွင်

လူသူရှင်းလင်းနေသဖြင့် သူ၏ အစွမ်းထက်ဆုံးသော ခါးနယ်ပယ်ကို ထည့်သုံးနိုင်ခဲ့ပြီး ပိုင်နှင့် ကျန်သည် မွန်းစတားများကို အနှောင့်အယှက် ကင်းကင်း ဆင့်ခေါ်နိုင်ခဲ့သည်။

ထို့ကြောင့် ကောင်းကင်ကြီး မမှောင်ခင် စစ်ဆေးရေးဂိတ် (၅၅)ကို ရောက်ရှိလာခဲ့သည်။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၅၅) ကို ရောက်သည်နှင့် တပြိုင်နက် သစ်ခေါက်ပေါ်က အက်ကွဲကြောင်းကို ချက်ချင်းရှာပြီး ပုံရိပ်ယောင် လောကထဲမှ ထွက်ခွာသွားသည်။

အခန်း(၆၆၉) - ထူးခြားဆန်းကြယ်သော မျိုးစေ့

ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် အသုံးပြုသော အမှတ် အသုံးစရိတ်က သူတို့၏ အဆင့်သတ်မှတ်ချက်ကို ထိခိုက်ခြင်း မရှိသောကြောင့် လင်းရှီ၏ နာမည်မှာ ဦးဆောင်သူ စာရင်းတွင် ပထမအဆင့်၌ ရှိနေဆဲပင်။

ယခုရက်ပိုင်းအတွင်း လင်းဟွမ်၏ အောင်မြင်မှုနှင့် အပြောင်းအလဲများကို လူအများက အာရုံစိုက်နေခဲ့ကြသည်။ အစပိုင်းတွင် လူအများစုက လင်းရှီတော့ စစ်ဆေးရေးဂိတ် (၄၆) တွင် ပိတ်မိနေပြီး

စစ်ဆေးရေးဂိတ်(၅၀) ကို မရောက်တော့ဘူး ဟု ထင်နေကြသည်။

လင်းဟွမ်သည် တစ်ရက်အတွင်းတွင် စစ်ဆေးရေးဂိတ် (၂) ခုသာ ဖြတ်ကျော်နိုင်ခဲ့သည်။ သူ့အတွက် အပေါ် တက်ရသည်မှာ ပို၍ ခက်ခဲလာပြီဖြစ်ကြောင်း လူတိုင်း တွေးလိုက်ကြသည်။

စစ်ဆေးရေးဂိတ် (၅၁) တွင် နာရီပေါင်းများစွာ ကြာနေသောအခါ ထိုစစ်ဆေးရေးဂိတ်တွင် ပိတ်မိနေစေရန် လူတိုင်းက မျှော်လင့်နေကြသည်။ သို့သော်လည်း ငါးနာရီကျော် ကြာပြီးနောက် လင်းဟွမ်က ဖြတ်ကျော်နိုင်ခဲ့သည်။

သူ့အတွက် နောက်ထပ် စစ်ဆေးရေးဂိတ်အချို့က ခက်ခဲစေခဲ့ပြီး စစ်ဆေးရေးဂိတ် တစ်ခုချင်းစီကို ဖြတ်ကျော်ရန် အချိန် တော်တော်လေး ပေးခဲ့ရသည်။ သို့တိုင်အောင် လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၅၅) ကို ရောက်အောင်လာနိုင်ခဲ့သည်။

စစ်ဆေးရေးဂိတ် (၅၅) ဆိုသည်မှာ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် လူသားများ စုဝေးနေထိုင်ရာ စတုတ္ထမြောက် နေရာပင် ။ အခြေခံအားဖြင့် ဤစစ်ဆေးရေးဂိတ်သို့ ရောက်ရှိအောင် လာနိုင်သော လူတိုင်းသည် အင်မော်တယ် အဆင့် (၇) တွင် ရှိကြသည်။

ပါရမီရှင်သမဂ္ဂရှိ လူတိုင်းသည် အပြာရောင်မီးလျှံအဆင့် လင်းရှိက ဤစစ်ဆေးရေးဂိတ်ကို ရောက်ရှိလာလိမ့်မည်ဟု မမျှော်လင့် ထားကြပေ။ လင်းဟွမ်ကိုယ်တိုင်ပင် ဤကဲ့သို့ အောင်မြင်လိမ့်မည်ဟု မထင်ထားခဲ့ချေ။

ယခင်အချိန်ကတည်း အခုအချိန်အထိ သန့်ရှင်းမီးလျှံအဆင့် မည်သူ တစ်ဦးတစ်ယောက်ကမျှ စစ်ဆေးရေးဂိတ် (၅၅) ကို ရောက်ရှိအောင် မတက်ရောက်နိုင်ခဲ့သဖြင့် ဒါသည် စိတ်လှုပ်ရှားစရာ ကောင်းသော စွမ်းဆောင်ချက်ဖြစ်ကာ သမိုင်းတွင် မှတ်တမ်းတင်ရလိမ့်မည်။

လင်းဟွမ်က ပထမဦးဆုံးနှင့် တစ်ယောက်တည်းသောလူပင် ။

လင်းဟွမ်က မှတ်တမ်းကို စံချိန်ချိုးပြီးနောက် အင်ပါယာနှလုံးက ပါရမီရှင်သမဂ္ဂ၏ လက်ရှိအဖွဲ့ဝင် အားလုံးကို ကြေညာချက်တစ်ခု ထုတ်ပြန် ကြေငြာ လိုက်သည်။

“အပြောရောင် မီးလျှံအဆင့် လင်းရှီအတွက် ဂုဏ်ပြုပါတယ်။ အခုလက်ရှိတော့ လင်းရှီက စစ်ဆေးရေးဂိတ် (၅၅) ကို ရောက်နေပြီ။ ဒါက အခုအချိန်အထိတော့ သန့်ရှင်းမီးလျှံအဆင့်တွေ ရောက်ခဲ့ဖူးသမျှထဲမှာ အမြင့်ဆုံး စစ်ဆေးရေးဂိတ်ပဲ”

အင်ပါယာနှလုံး၏ ကြေညာချက်ကို ပါရမီရှင်သမဂ္ဂ၏ ဖိုရမ်ထိပ်ဆုံးတွင်ပင်ချိ တ်၍ ကြေငြာထားသည်။

(ဘာသာပြန်သူ မှတ်ချက်။ ဒီထဲတွင် သုံးသော မျက်နှာပြင်များ၊ ဖိုရမ်များသည် အလွယ်ပြောရလျှင် ယခုလက်ရှိ ကျွန်တော်တို့ သုံးနေသော FaceBook ကဲ့သို့ ဆိုရှယ်လ် app ကဲ့သို့ ဖြစ်ကြသည်။ သို့သော်လည်း ဤဇာတ်လမ်းထဲတွင် သုံးဖက်မြင် ထွင်းဖောက်မြင်ရသော ပရိုဂျက်တာကဲ့သို့ ဖြစ်နေကာ သိပ္ပံ ရုပ်ရှင်ဇာတ်လမ်းထဲက ပုံစံများကို မြင်ယောင်ကြည့်နိုင်ပါသည်။)

လင်းဟွမ်၏ အောင်မြင်မှုကို ဂရုမစိုက်ကြသော လူအများစုသည် ထိုကြေညာချက်ကို လက်ခံရရှိသောအခါ

တုန်လှုပ်ချောက်ချား အံ့အောမှင်တက် သွားကြသည်။ အချို့ကမူ ဖိုရမ်တွင် ပင်ထိုးထားသော ပို့စ်အောက်တွင် ခေါင်းစဉ်တစ်ခုကိုပင် စတင် ရေးသားလာကြသည်။ ဒါသည် ရှုပ်ဖ် ခံထားသော စာသားပင် ။

(# မင်း အပြောရောင် မီးလျှံအဆင့်မှာ ကြယ်လမ်းစဉ် သစ်ပင်ရဲ့ စစ်ဆေးရေးဂိတ် ဘယ်နှခုထိ ရောက်နေလဲ # ”

မကြာခင် လူအများက ဤအကြောင်းအရာနှင့် ပတ်သက်၍ မှက်ချက်များ ပေးလာသည်။

“ပ... ပထမအဆင့်” (ကာဗာ မျက်နှာဖုံး)

“ဒုတိယမြောက် စစ်ဆေးရေးဂိတ်မှာ (၁၁) ကြိမ်တိုင်တိုင် ပိတ်မိပြီး သေတယ်။ ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို ရွေးချယ်ခွင့်မရှိဘဲ ပြန်ပြန် အပို့ခံရတယ်” (နှာခေါင်း ကောက်သူ)

“ငါကတော့ (၁၃) ကြိမ် အေးခဲပြီး သေတယ်”

“”ဟေ့..... ငါက (၂၈) ကြိမ် အေးခဲပြီး သေတယ်။ ဒီအကြောင်းနဲ့ ပက်သက်ရင် ပြန်မပြောချင်တော့ဘူး” (ပခုံးတွန့်သူ)

“ငါကတော့ အပြာရောင် မီးလျှံအဆင့်မှာ စစ်ဆေးရေးဂိတ် (၂၉) မှာ ရှိခဲ့တယ် ထင်တယ်”

ဒါက ချန်းသွမ် ပင်။

“အို... ဘုရားရေ။ ပရိတစ်ယောက် ပေါ်လာပြီ။ ဟော့ မင်းနဲ့မွေးတဲ့ ကလေးကို နို့တိုက်ချင်တယ်”

“ငါကတော့ ပရိတစ်ယောက်အစား နို့စို့တဲ့ကလေးပဲ မြင်တယ်ဟော့”

....

အင်ပါယာနှလုံးက လင်းဟွမ်၏ စံချိန်ချိုးခဲ့သော အောင်မြင်မှုကို ပင်ထိုးပြီး ကြေညာနေသည့်အချိန်တွင် လင်းဟွမ်က ပုံရိပ်ယောင် လောကထဲမှ ထွက်ခွာ သွားခဲ့သည်။

ကြေညာချက်နှင့်အတူ ဆုချီးမြှင့်သည့် အကြောင်း ကြားစာကို ပေးပို့လာခဲ့သည်။

“ပါရမီရှင်သမဂ္ဂက မင်းရဲ့ ထူးချွန်ပြောင်မြောက်တဲ့ စွမ်းရည်ကြောင့် ထူးခြားဆန်းကြယ် မျိုးစေ့ကို ဆုချီးမြှင့်လိုက်တယ်...”

လင်းဟွမ်အတွက် အကြောင်းကြားစာအပြင် ပူးတွဲပါ(attach တွဲထားသော) ဖိုင်တစ်ခုလည်း ပါရှိသေးသည်။ ထိုအထဲတွင် အနက်ရောင် မျိုးစေ့ကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် သိချင်စိတ်ဖြင့် ချက်ချင်း ဒေါင်းလုတ်လုပ်လိုက်သည်။ ခဏအကြာ ဒေါင်းလုတ်လုပ်၍ ပြီးစီးသွားခဲ့သည်။ မထင်မှတ်ထားသည်မှာ အနက်ရောင် မျိုးစေ့သည် လင်းဟွမ်လက်ထဲတွင် ပေါ်လာသည်။

“ဟာ... ဘာဖြစ်တာလဲဟ...”

လင်းဟွမ် အံ့အောသင့်သွားသည်။

ပါရမီရှင်သမဂ္ဂထဲမှ ပစ္စည်းအများစုကို လက်တွေ့အကောင်အထည် ဖော်နိုင်ကြောင်း သူသိသည်။ သို့သော်လည်း ထိုပစ္စည်းများကို အင်ပါယာနှလုံးသား လက်စွပ်ထဲတွင် သိမ်းဆည်းထားမှသာ ထုတ်ယူ၍ ရသည်။ သို့သော်လည်း အနက်ရောင်မျိုးစေ့မှာမူ ဒေါင်းလုတ် လုပ်ပြီးသည်နှင့် သူ့လက်ထဲတွင် ပေါ်လာသည်။

အစေ့ကို ဂရုတစိုက် လေ့လာရင်း အစေ့က သူ့လက်ချောင်း အရွယ်အစားသာ ရှိကြောင်း

သတိထားလိုက်မိသည်။ ဒါနှင့်ပတ်သက်၍ ထူးခြားမှု တစ်စုံတစ်ရာ ရှိ၊ မရှိကိုမူ သူမသိချေ။ လင်းဟွမ်သည် မျိုးစေ့ကို အင်ပါယာနှလုံးသား လက်စွပ်ထဲ ထည့်သိမ်းရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် အိတ်ကပ်ထဲ ထည့်ထားရုံမှလွဲ၍ အခြား ရွေးချယ်စရာ မရှိတော့ချေ။

လင်းဟွမ်သည် မသေချာ၊ မရေရာခြင်း များစွာဖြင့် ထူးခြား ဆန်းကြယ်မျိုးစေ့နှင့် ပတ်သက်သည့် နောက်ထပ် အချက်အလက်များကို ရှာဖွေရန် နှလုံးသား ကွန်ရက်ကို ဖွင့်လိုက်သည်။ သို့သော်လည်း ဒါနှင့် ပတ်သက်သည့် အချက်အလက်ကို ရှာမတွေ့ခဲ့ချေ။

ပါရမီရှင်သမဂ္ဂထဲတွင် ထူးခြားဆန်းကြယ်မျိုးစေ့ဟူသော ရှာဖွေရေးစာလုံးကို ရိုက်သွင်းပြီး ရှာဖွေသော်လည်း လုပ်ပိုင်ခွင့် မရှိကြောင်း ရလဒ်မျက်နှာပြင်က ပြသထားသည်။ ထိုအခါ လင်းဟွမ်သည် ပို၍ သိချင်လာခဲ့ပြီး ချန်းသွမ်ထံ မက်ဆေ့ချ် ပို့လိုက်သည်။

"ထူးခြား ဆန်းကြယ်မျိုးစေ့ ဆိုတာဘာလဲ"

မက်ဆေ့ချ်ပို့ပြီး နှစ်စက္ကန့်ခန့် ကြာသောအခါ ချန်းသွမ်က ဗီဒီယိုဖုန်း ခေါ်လာသည်။

လင်းဟွမ်သည် ဗီဒီယိုဖုန်း ခေါ်လာသဖြင့် ထူးခြားသည်ဟု တွေးလိုက်မိသည်။

“မင်းက ထူးခြားဆန်းကြယ် မျိုးစေ့ကို ဆုအဖြစ် ရခဲ့တာလား”

ချန်းသွမ်က မမျှော်လင့်ထားသဖြင့် အံ့အောသင့်စွာ ထုတ်မေးလိုက်သည်။

“အော် မေးရုံ မေးကြည့်တာပါ”

လင်းဟွမ်က အဖြေကို တိုက်ရိုက် မဖြေခဲ့ပေ။

“ဟုတ်လား”

ချန်းသွမ်သည် သူ့ပုံစံက အမှုအရာ ပိုနေကြောင်း သဘောပေါက်သွားသည်။ ထို့နောက် သူ့ကိုယ်သူ စိတ်တည်ငြိမ်အောင် ပြန်ထိန်းလိုက်ပြီး...

“ထူးခြား ဆန်းကြယ်မျိုးစေ့က ထူးချွန်ထက်မြက်ပြီး စွမ်းဆောင်ရည်ရှိတဲ့ လူတွေကို ပါရမီရှင်သမဂ္ဂက ပေးတဲ့ သီးသန့်လက်ဆောင် တစ်ခုပဲ...။ ပါရမီရှင်သမဂ္ဂရဲ့ အကောင်းဆုံး ဆုလာဘ်ပေါ့။ သူ့ရဲ့အဆင့်က နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းတွေကိုတောင် ဖိနှိပ်နိုင်စွမ်း ရှိတယ်”

“ငါတော့ တစ်ခါမှ မမြင်ဖူးဘူး။ တကယ်တော့ ထူးခြားဆန်း ကြယ်မျိုးစေ့က နတ်ဘုရား ပစ္စည်းလိုမျိုး မျိုးစေ့ဆိုပြီး စီနီယာတွေဆီက ကြားဖူးတာပဲ။ ဒါရဲ့ တန်ဖိုးက နတ်ဘုရားဓာတ်ကြွင်း တစ်ခုထက်တောင် ပိုမြင့်နိုင်သေးတယ်။ ဒီအစေ့ကို မင်းခန္ဓာကိုယ်ထဲ

ထည့်သွင်းလိုက်ရင် ထူးခြားဆန်းကြယ် မျိုးစေ့တစ်ခုစီက မတူညီတဲ့ အသီးတွေအဖြစ် ကြီးထွားလာကြတယ်။ အချို့အသီးတွေက မင်းကို သဘာဝလွန် စွမ်းအားတွေ ရရှိစေနိုင်တယ်။ တချို့ အသီးတွေကတော့ နတ်ဘုရား ဓာတ်ကြွင်း ဒါမှမဟုတ် နတ်ဘုရားပစ္စည်းတွေ အဖြစ် ပြောင်းလဲသွားတတ်တယ်”

“ခန္ဓာကိုယ်အပေါ် မူတည်ပြီး ပေါက်ဖွားလာတဲ့ အရာတွေလည်း ကွဲပြားတယ်။ နောက်ပြီးတော့ ပေါက်ဖွားတဲ့ ကြာချိန်ကလည်း ခန္ဓာကိုယ် အပေါ်လိုက်ပြီး မတူညီကြဘူးလို့ ပြောကြတယ်။ အချို့က အစေ့

အပင်ပေါက်ဖို့ တစ်ရက်ပဲ အချိန်ယူရတယ်။ တချို့ကတော့ နှစ်တစ်ရာ ကျော်တာတောင် အစေ့ မပေါက်ကြဘူး”

“အစေ့ကို အလွယ်တကူ အသက်သွင်းနိုင်တယ်။ မင်းရဲ့ ကံကြမ္မာစွမ်းအားတွေကို လုံးဝ ပြည့်သွားတဲ့အထိ ဖြည့်သွင်းပေးနေရင် အလိုလို အသက်ဝင်လာလိမ့်မယ်။ အသက်ဝင်လာတဲ့ မျိုးစေ့က ကံကြမ္မာစွမ်းအား ထည့်သွင်းပေးတဲ့လူရဲ့ ခန္ဓာကိုယ်ထဲ ရောက်သွားလိမ့်မယ်။ အဲ့ဒါပြီးရင် မင်းက ဘာမှ ဝင်လုပ်စရာ မလိုတော့ဘူး”

ချန်းသွမ်က အသက်သွင်းနိုင်သည့် နည်းလမ်းကို မျှဝေခဲ့သည်။ လင်းဟွမ်က ထူးခြား ဆန်းကြယ်မျိုးစေ့ကို

ဆုအဖြစ် ရရှိခဲ့ပြီဟု ချန်းသွမ် ခန့်မှန်းသည်မှာ အထင်အရှားပင်။

“ကျေးဇူးတင်ပါတယ်...”

လင်းဟွမ်ကလည်း ထူးခြား ဆန်းကြယ်မျိုးစေ့ ရရှိခဲ့သည့်အကြောင်းကို အထူးတလည်း ငြင်းဆိုခြင်း မလုပ်ခဲ့ပေ။

ချန်းသွမ်က အားကျစွာ ကြည့်နေသော်လည်း ဘာမှ မပြောပေ။ ထို့နောက် ဖုန်းချသွားသည်။

လင်းဟွမ်သည် ချန်းသွမ်နှင့် ဖုန်းပြောပြီးနောက် အိတ်ထဲမှ အနက်ရောင်မျိုးစေ့ကို ထုတ်ယူလိုက်သည်။ ထို့နောက် အချိန်မဆွဲတော့ဘဲ ချန်းသွမ်

သင်ပေးခဲ့သည့်အတိုင်း ကံကြမ္မာစွမ်းအားများကို စတင်ထည့်သွင်းလိုက်သည်။

လင်းဟွမ်က မျိုးစေ့ထဲကို ကံကြမ္မာစွမ်းအားများ ထည့်သွင်းနေရင်း စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်နေခဲ့သည်။

မကြာခင် ပထမ ကံကြမ္မာစက်ဝိုင်းထဲက ကံကြမ္မာစွမ်းအားများ ကုန်ဆုံးသွားပြီး ဒုတိယ၊ တတိယ၊ စတုတ္ထ၊ နောက်ဆုံးတွင် ကံကြမ္မာစက်ဝိုင်း (၁၀) ခုလုံး ကုန်ဆုံးသွားသော်လည်း မျိုးစေ့က ဘာမှ မဖြစ်လာပေ။ ဒါသည် အသက်မဝင်လာဘဲ သူ၏ ကံကြမ္မာစက်ဝိုင်းထဲရှိ

ကံကြမ္မာစွမ်းအားများကို မျိုချနေသော ချောက်နက်ကြီး တစ်ခုနှင့်ပင် တူနေ၏။

ကံကြမ္မာစွမ်းအားများ ကုန်ဆုံးသွားသောကြောင့် ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ်ကို ချက်ချင်း အသုံးပြုလိုက်သည်။ ကံကြမ္မာစက်ဝိုင်း (၁၀) ခုထဲကို ကံကြမ္မာစွမ်းအားများ ပြန်လည် ဖြည့်သွင်းပြီးနောက် အနက်ရောင်မျိုးစေ့ထဲကို ကံကြမ္မာစွမ်းအားများ ဒုတိယ အကြိမ်မြောက် စတင် ထည့်သွင်းလိုက်သည်။

နာရီဝက်ခန့် ကြာသောအခါ သူ့ကံကြမ္မာစက်ဝိုင်း (၁၀)ခုထဲရှိ ကံကြမ္မာစွမ်းအားများ နောက်တစ်ကြိမ်

ကုန်ဆုံးသွားပြန်သည်။ သို့သော်လည်း မျိုးစေ့ထံမှ တုံ့ပြန်မှု မရှိသေးချေ။

ထို့နောက် လင်းဟွမ်သည် ဒုတိယမြောက်၊ တတိယမြောက် ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်သွင်းခြင်း ကတ်များကို ထုတ်ယူပြီး ကံကြမ္မာစွမ်းအားများ ပြန်လည်ဖြည့်သွင်းကာ မျိုးစေ့ထဲ ထပ်မံ ထည့်သွင်းခဲ့သည်။

တစ်နာရီကျော် ကြာသွားပြီးနောက် ကံကြမ္မာစက်ဝိုင်း (၄၀) စာရှိသည် ကံကြမ္မာစွမ်းအား ပမာဏများကို ထည့်သွင်းခဲ့သော်လည်း အနက်ရောင် အစေ့လေးက တုံ့ပြန်မှု မပြသေးပေ။

“ကြည့်ရတာတော့ အချိန်တိုလေး အတွင်းမှာ ဖွင့်ဖို့ခက်တဲ့ပုံပဲ”

လင်းဟွမ်က အားတင်းပြီး ပြုံးလိုက်သည်။ သူလည်း ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သဖြင့် မျိုးစေ့ကို အိတ်ကပ်ထဲ ပြန်ထည့်လိုက်သည်။ ထို့နောက် သူ့ခန္ဓာကိုယ်ထဲကို ကံကြမ္မာစွမ်းအားများ ပြန်လည် ဖြည့်သွင်းရန် စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို လေ့ကျင့်လိုက်သည်။

အခန်း(၆၇၀) - လေးခုမြောက် ကံကြမ္မာမီးစာ မွန်းစတား။

လင်းဟွမ်သည် တစ်ညလုံး မအိပ်ဘဲ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်ကို ညလုံးပေါက် လေ့ကျင့်နေခဲ့သည်။ မွန်းတည့် အချိန်လောက်တွင် ကံကြမ္မာစက်ဝိုင်း ဆယ်ခု ပြန်ပြည့်စေရန် ဆယ့်ငါးနာရီခန့် အချိန်ယူခဲ့ရသည်။

တစ်ချိန်တည်းမှာပင် ကံကြမ္မာစွမ်းအား ပြန်လည် ဖြည့်သွင်းခြင်းကတော် သုံးခုလည်း ပြန်ပြည့်သွားခဲ့ပြီ။

လင်းဟွမ်သည် နေ့လည်စာ စားပြီးနောက် ပါရမီရှင် သမဂ္ဂထဲ မဝင်ခဲ့ပေ။ စစ်ဆေးရေးဂိတ် (၅၅) တွင် လူစည်ကားလှသောကြောင့် ပုံရိပ်ယောင် လောကထဲ ဝင်ရောက်ခြင်းက အဓိပ္ပာယ် မရှိချေ။ ကြယ်လမ်းစဉ် သစ်ပင်ပေါ် ဆက်တက်ပါက လူများ၏ အာရုံစိုက်ခြင်းကို ခံရလိမ့်မည်။

လင်းဟွမ်သည် သူက ဓါးတာအို ကျွမ်းကျင်ပြီး မွန်းစတားတပ်ကြီးကို ပိုင်ဆိုင်ထားသည့် အကြောင်းကို ထုတ်ဖော် ပြသလိုခြင်း မရှိပေ။ ဝှက်ဖဲများ ထုတ်သုံးလျှင်ပင် စစ်ဆေးရေးဂိတ် (၅၅) ကို ဖြတ်ကျော်နိုင်ချေ နည်းပါးနေသည်။ ထို့ကြောင့် ဤကဲ့သို့

အချိန်မျိုးတွင် သူ၏ အချိန်နှင့် အင်အားကို မဖြုန်းတီးချင်ပေ။

နေ့ခင်းဘက်တွင် ဓါးကျင့်စဉ်များကို စတင်လေ့ကျင့်လိုက်သည်။ ညဆယ့်တစ်နာရီ ထိုးသောအခါ လျှပ်တစ်ပြက်အဆင့် ဓါးကျင့်စဉ် (၃၁) ခုကို လေ့ကျင့်နိုင်ခဲ့သည်။

ထို့နောက် မအိပ်ခင် အနက်ရောင် မျိုးစေ့ကို ထပ်ထုတ်လိုက်သည်။

ထူးခြားဆန်းကြယ် မျိုးစေ့ကို အချိန်တိုလေးအတွင်း အသက်မသွင်းနိုင်ကြောင်း သိနေသဖြင့် အချိန်များစွာ သုံးစွဲရန် ရည်ရွယ်ချက် မရှိပေ။ အသက်သွင်းနိုင်လျှင်ပင်

ကြီးထွားလာစေရန် အချိန်မည်မျှ ပေးရမလဲ ဆိုသည်ကို မသိချေ။

ကံကြမ္မာစက်ဝိုင်း (၁၀)ခုအနက်မှ (၉)ခုထဲသို့ ကံကြမ္မာစွမ်းအားများကို ထည့်သွင်းခဲ့သည်။

အရေးပေါ် အသုံးပြုနိုင်ရန် ကံကြမ္မာစက်ဝိုင်း တစ်ခုထဲက ကံကြမ္မာ စွမ်းအားများကို ချန်ထားခဲ့ပြီးနောက် ရေချိုးလိုက်သည်။

မနက်(၆) နာရီ ထိုးသောအခါ ပြန်နိုးလာခဲ့ပြီး ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစက်ဝိုင်း (၁၀) ခုက ပြန်ပြည့်သွားခဲ့သည်။ စစ်တပ်တိုက်ခိုက်ရေး နည်းစနစ်သည် တကူတက ကျင့်စဉ် လည်ပတ်သည့် အချိန်ထက်

နေးကွေးသော်လည်း အလိုလို လည်ပတ်နေသည်။ မည်သို့ပင်ဆိုစေကာမူ ကံကြမ္မာစက်ဝိုင်း (၁၀) ခုကို ညတွင်းချင်း ပြန်လည်ဖြည့်သွင်းခြင်းက ပြဿနာ မဟုတ်ပေ။

နံနက်စာ စားပြီးနောက် ဓါးကျင့်စဉ်ကို နောက်တစ်ကြိမ် စတင် လေ့ကျင့်နေခဲ့သည်။

မနက် (၈) နာရီခန့်တွင် ပါရမီရှင် သမ္မဂ္ဂက မေလအတွက် ချီးမြှင့်သောဆုများကို လက်ခံရရှိခဲ့သည်။

ကြယ်လမ်းစဉ်သစ်ပင် ပထမဂိတ်မှ ဆယ်ဂိတ် မြောက်အထိ ဖြတ်ကျော်နိုင်ခဲ့သော လူတိုင်းအတွက် အမှတ် တစ်မှတ် ၊စစ်ဆေးရေးဂိတ် (၁၁) မှ (၂၀) အထိ

အတွက် အမှတ် ဆယ်မှတ်၊ စစ်ဆေးရေးဂိတ် (၂၁) မှ (၃၀) အထိအတွက် အမှတ်တစ်ရာ ပေးပြီး (၅၁) မှ (၆၀)အတွက်မူ စစ်ဆေးရေးဂိတ် တစ်ခုချင်းစီအတွက် အမှတ်တစ်သိန်း ထပ်မံရရှိသည်။

လင်းဟွမ်သည် စစ်ဆေးရေးဂိတ် (၅၄)ကို ရောက်ရှိနေသောကြောင့် မေလအတွက် အမှတ်လေးသိန်း ရရှိခဲ့သည်။ အဆိုပါ အမှတ်များကို ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဆယ်ကြိမ်ပေးမည် ဖြစ်ပြီး တစ်ကြိမ်တွင် အမှတ်လေးသိန်းသာ ချီးမြှင့်မည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အမှတ်ပေးမည် မဟုတ်ပေ။ သို့သော်လည်း ဤနှစ်လအတွင်း၌

အမှတ်များကို ပြန်လည် တွက်ချက်ပေးပြီး အောင်မြင်မှုအသစ် ထပ်မံရှိထားသည့် လူများက အမှတ်ပေး စည်းမျဉ်းအသစ်ကို ထပ်မံ ရရှိမည်။

ဥပမာအားဖြင့် လူတစ်ယောက်သည် ပြီးခဲ့သည့်လက စစ်ဆေးရေးဂိတ် (၅၀) ကို ဖြတ်ကျော်နိုင်ခဲ့လျှင် အမှတ်တစ်သိန်း အထိ ရရှိမည်ဖြစ်သည်။ အကယ်၍ နောက်လတွင် (၆၀) မြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်နိုင်ခဲ့ပါက အမှတ်တစ်သန်း အထိ တိုးလာရမည် ဖြစ်သော်လည်း လစဉ်လတိုင်း အမှတ်တစ်သိန်းသာ ရရှိနေလိမ့်မည်။ နိုဝင်ဘာလနှင့် ဒီဇင်ဘာလကို ရောက်မှသာ အမှတ်များကို ပြန်လည်

တွက်ချက်ပေးပြီးနောက် လွန်ခဲ့သော လအနည်းငယ်က ကျန်ရစ်ခဲ့သည့် အမှတ်များအတွက် သူတို့ကို ပေးအပ်မည် ဖြစ်သည်။

ဒီဇင်ဘာလ ပြီးနောက် အင်ပါယာနှလုံးက တစ်နှစ်စဉ်စာ အကဲဖြတ်မှုကို ပြုလုပ်လိမ့်မည်။ ဤတစ်နှစ်အတွက် စုဆောင်းရရှိခဲ့သော ကိုယ်ပိုင် အမှတ်များနှင့် အဖွဲ့အစည်းများ အလိုက် အဆင့်သတ်မှတ်မှု ပြုလုပ်၍ ဆုများပေးအပ်သည်။။ ဒါသည် ပါရမီရှင် သမ္မဂ္ဂထဲကို ပါရမီရှင်များစွာ ဝင်ရောက်လာကြသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

အမှတ်များ သို့မဟုတ် ဓါတ်ကြွင်းများကိုသာ ဆုအဖြစ် ပေးအပ်သောကြောင့် လစဉ်ဆုလာဘ်များသည် သူတို့အတွက် အဓိပ္ပာယ် သိပ်မရှိလှပေ။

(၅၀) မြောက် စစ်ဆေးရေးဂိတ် အထက် စစ်ဆေးရေး ဂိတ်များကို ဖြတ်ကျော်နိုင်သည့် လူများအတွက်မူ အကာအကွယ် ချိုးဖျက်ခြင်း ကျင့်စဉ်များ သို့မဟုတ် ရှေးဟောင်း ဓါတ်ကြွင်းများကိုလည်း ပေးအပ်တတ်သည်။ ဒါသည် (၅၀) မြောက် စစ်ဆေးရေးဂိတ်အောက်ကို ပေးအပ်သော ဆုလာဘ်များထက် များစွာ တန်ဖိုးရှိ၏။

သို့သော်လည်း စစ်ဆေးရေးဂိတ် (၆၀)အောက် စစ်ဆေးရေး ဂိတ်များကို ဖြတ်ကျော်နိုင်သည့်

လူများအတွက် အင်ပါယာနှလုံးမှ ပေးအပ်သော ဆုလာဘ်များမှာ အကာအကွယ် ချိုးဖောက်ခြင်း ကျင့်စဉ် သို့မဟုတ် အဆင့် (၂) ရှေးဟောင်း ဓါတ်ကြွင်းများသာ ဖြစ်သောကြောင့် ထိုလစဉ် ဆုလဒ်များသည် လင်းဟွမ်အတွက် စိတ်ကျေနပ်နိုင်ခြင်း မရှိပေ။ ဒါသည် ကံကြမ္မာသလင်းကျောက် ဆယ်သန်းကျော်မျှသာ တန်ဖိုးရှိသည်။

ထို့နောက် သူရရှိသော ပစ္စည်းကို ကြည့်ရှုလိုက်သည်။ ဒါသည် ရှေးဟောင်း ဓါးဓါတ်ကြွင်းဖြစ်ပြီး လွန်ခဲ့သော ရက်ပိုင်းက လင်းဟွမ်ဝယ်ယူခဲ့သည့် မှင်အမွှေး

သုံးစုံနှင့်ဆင်တူသည်။ တိုက်ခိုက်ရေး ခါးကို သိုလှောင်လက်စွပ်ထဲ တစ်ခါတည်း တန်း ပို့လိုက်ခြင်းပင် ။

လင်းဟွမ်က ထုတ်ပြီး စစ်ဆေးလိုက်ရာ အရည်အသွေးပိုင်းတွင် လေတိုသံ (ခါး)ကို မယှဉ်နိုင်ပေ။

ဒါသည် ရွှေနက်ရောင် အဆင့် မွန်းစတားတစ်ကောင်ထံမှ ရရှိခြင်း ဖြစ်လိမ့်မည်ဟု တွေးလိုက်သည်။ အားသည့်အချိန်တွင် လေလံတင်၍ ရောင်းချရမည်။ ရှေးဟောင်း ခါးခါတ်ကြွင်းများသည် ရှားပါးသောကြောင့် လေလံပွဲတွင် ကံကြမ္မာသလင်းကျောက် ဆယ်သန်းကျော်နှင့် ရောင်းချနိုင်ဖွယ် ရှိသည်။

လင်းဟွမ်သည် တိုက်ခိုက်ရေးခါးကို သိမ်းပြီးနောက် လတိုင်းပေးသည့် ဆုလာဘ်များကို ဂရုမစိုက်တော့ချေ။ သူ့အာရုံသည် ခါးလေ့ကျင့်သည့်ဘက်သို့ ပြန်လည် ရောက်ရှိသွားခဲ့သည်။

ညဆယ့်တစ်နာရီ ကျော်ရောက်သောအခါ အနက်ရောင်မျိုးစေ့ထဲ ကံကြမ္မာစွမ်းအား ထည့်သွင်းလိုက်ပြီးနောက် ရေချိုးကာ အိပ်ရာဝင်ခဲ့သည်။

လင်းဟွမ်သည် ဤကဲ့သို့ လုပ်ငန်းစဉ်ကို (၂၁) ရက်တိုင်တိုင် ထပ်ခါတစ်လဲလဲ လုပ်ဆောင်ခဲ့သည်။

နံနက်ခင်းတိုင်းတွင် ခါးကျင့်စဉ်ကို နံနက်(၇)နာရီမှာ စတင် လေ့ကျင့်ခဲ့ပြီး ညဆယ့်တစ်နာရီ ရောက်သည့်

အချိန်တိုင်းတွင် အနက်ရောင်မျိုးစေ့ထဲ ကံကြမ္မာ စွမ်းအားကို နာရီဝက်ခန့်ကြာအောင် ထည့်သွင်းသည်။ ထို့နောက် သန်းခေါင်ကျော်မှ ရေမိုးချိုးပြီး အိပ်ရာဝင်ခဲ့သည်။

အနက်ရောင်မျိုးစေ့က ခုထိ အသက် မဝင်သေးပေ။

သို့သော်လည်း လင်းဟွမ်ကမူ လျှပ်တစ်ပြက်အဆင့် ဓါးကျင့်စဉ် (၁,၃၆၈) ခုလုံးကို လေ့ကျင့်နိုင်ခဲ့သည်။ သူ၏အဆင့် (၄) ဓါးတာအိုသည် တသားတည်းကျခြင်း အစ အဆင့်မှ အထွတ်အထိပ်အဆင့်ထိ မြင့်တက်လာခဲ့သည်။ ဓါးနယ်ပယ် အဆင့် (၅) ရောက်ရှိတော့မည်ကို သူ သိနေသည်။ သို့သော်လည်း

အဆင့်တက်သွားစေရန် ဖိအားပေးပြီး ခါးကျင့်စဉ်ကို မလေ့ကျင့်ခဲ့ပေ။ ထိုအစား အခြေခံနိုင်အောင် လုပ်ရင်း ရောက်လာမည့် အခွင့်အရေးကို စောင့်မျှော်ရန် ရွေးချယ်ခဲ့သည်။

လုမင်သည် အင်မော်တယ် အဆင့် (၉) ရောက်သည့်အချိန်၌ ဤနယ်ပယ်ကို တက်လှမ်းနိုင်ရန် နှစ်(၂၀) ခန့် ပိတ်မိနေခဲ့သည်။ သို့သော်လည်း ထိုအရာများသည် သူ့အတွက်မူ ကွဲပြားသွားခဲ့သည်။

လုမင်သည် ခါးတာအို အကြောင်း ပြောသည့်အချိန်တိုင်း ဤအကြောင်းကို အထူး အလေးပေး၍ ပြောခဲ့သည်။ ခါးတာအို၏ အဆင့်တိုင်းကို

အင်အားသုံး၍ မအောင်မြင်နိုင်ပေ။ သဘာဝအတိုင်း လမ်းကြောင်းမှန်ပေါ် ရောက်အောင်သာ လုပ်ရမည်။ ထိုကဲ့သို့ မဟုတ်ပါက လမ်းမှားသွားနိုင်သည်။

ဤတစ်လအတွင်း၌ သူ့ဓါးတာအိုက သိသိသာသာ တိုးတက်လာခဲ့သလို အပြောရောင် မီးလျှံအဆင့် ကံကြမ္မာစွမ်းအားများကလည်း တည်ငြိမ်လာသည့်အတွက် နောက်ဆုံးတွင် ဖယ်ရှားခြင်းမြို့မှ ထွက်လာခဲ့သည်။

လွန်ခဲ့သော တစ်ပတ်က မှောင်ခိုဈေးကွက်မှ သတင်းအသစ်တစ်ခု ရရှိခဲ့သည်။ ထိုသတင်းမှာ ခန္ဓာကိုယ်ထဲတွင် ဓါးနှလုံးသား ပိုင်ဆိုင်ထားသော

လူသားပုံစံ ရှိသည့် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင် အကြောင်းပင် ။ ထိုမွန်းစတား၏ မီးစာကိုရရှိပါက ၎င်း၏ဓါးနှလုံးသားကို သေချာပေါက် အမွေရလိမ့်မည်။

လင်းဟွမ်သည် ဓါးနှလုံးသား စွမ်းရည်ကို ရယူနိုင်ရန် စိတ်အား ထက်သန်နေခဲ့သည်မှာ ကြာလှပြီ။ သို့သော်လည်း သင့်တော်သည့် ကံကြမ္မာမီးစာ မွန်းစတားတစ်ကောင်ကို တစ်ချိန်လုံး ရှာမတွေ့ခဲ့ပေ။ နောက်ဆုံး၌ ဤမွန်းစတားကို အမဲလိုက်ရန် အခွင့်အရေး ရလာခဲ့ပြီ။

အကယ်၍ သူ၏ ဓါးတာအိုကို အချိန်မီ ပြီးမြောက်နိုင်မည့် အခွင့်အရေး မရှိပါက လင်းဟွမ်သည် လွန်ခဲ့သော တစ်ပတ်ကတည်းက ဤမွန်းစတားကို ရှာဖွေရန် ထွက်ခွာလာခဲ့လိမ့်မည်။

မှောင်ခိုဈေးကွက်ထဲမှ ရရှိသော သတင်း အချက်အလက်များအရ ထိုမွန်းစတားသည် အင်မော်တယ်အဆင့် (၆) တိုက်ခိုက်ရေးအဆင့် ရှိသည့် ဓါးဖြူ အဓိပတိပင် ။ ဓါးဖြူ အဓိပတိကို မွန်းစတား စွယ်စုံကျမ်းထဲတွင် ယခင်ကတည်းက မြင်ဖူး ခဲ့သောကြောင့် လင်းဟွမ်အတွက် အသစ်အဆန်း မဟုတ်ပေ။ သို့သော်လည်း ဤကဲ့သို့

မွန်းစတားတစ်ကောင်နှင့် တွေ့ကြုံရန် အခွင့်အရေး မရှိခဲ့ပေ။

သန္ဓေသုံးကြိမ်ပြောင်း ဤမွန်းစတားသည် အင်မော်တယ် အဆင့် (၈) နှင့် တိုက်ခိုက်နိုင်သောကြောင့် အတော်လေး အစွမ်းထက်သည်။ သူတစ်ယောက်တည်း တိုက်ခိုက်ရမည် ဆိုပါက အနိုင်ယူရန် ယုံကြည်ချက် မရှိချေ။ ကံကောင်းသည်မှာ သူ တစ်ယောက်တည်း မဟုတ်ဘဲ သူ့တွင် မွန်းစတားတပ်ကြီးသာ....

ဓါးဖြူ အဓိပတိ ထွက်ပေါ်လာသည့် နေရာမှာ ဝင်ရောက်ရန် မလွယ်ကူပေ။ ငြိမ်းချမ်းရေး သမုဒ္ဒရာထဲရှိ ကျွန်းတစ်ခုပေါ်တွင် ရှာတွေ့ခဲ့ခြင်းပင်။

“ကြည့်ရတာတော့ ငြိမ်းချမ်းရေး သမုဒ္ဒရာထဲ သွားရတော့မယ် ထင်တယ်”

လင်းဟွမ်သည် မှောင်ခိုဈေးကွက်မှ ပေးထားသည့် မြေပုံကို စိုက်ကြည့်နေသည်။

အခန်း(၆၇၁) - စောက်ကျိုးနည်း.. မူကြမ်းသိမ်းဖို့ မေ့သွားတယ်။

ငြိမ်းချမ်းရေးသမုဒ္ဒရာသည် ကမ္ဘာ တစ်ခုလုံးတွင် တတိယမြောက် အန္တရာယ်အရှိဆုံး တားမြစ်နယ်မြေ ဖြစ်သည်။ ဒါသည် အတုအယောင်ဇုန်နှင့် အသူရာချောက်ကမ်းပါး နောက်တွင် အဆင့် သတ်မှတ်ထားခြင်းပင် ။ ကမ္ဘာပေါ်တွင် အကြီးဆုံး သမုဒ္ဒရာဖြစ်ပြီး ဘေးကင်းရေးဇုန် (၁၂) ခု ရှိသည့်အနက် (၈) ခုနှင့် ချိတ်ဆက်လျက် ရှိသည်။

အဖွဲ့ခွဲ (၇) မှ မထွက်လာခင် မစ္စတာဖူးလေ့ကျင့်ပေးရန် ခေါ်ဆောင်သွားသော သမုဒ္ဒရာမှာ အဖွဲ့ခွဲ (၇) ရှိ ငြိမ်းချမ်းရေး သမုဒ္ဒရာ၏ အစိတ်အပိုင်းလေး ဖြစ်သည်။ အဖွဲ့ခွဲ (၃) သည် ငြိမ်းချမ်းရေး သမုဒ္ဒရာ၏ အရှေ့ဘက် ကမ်းရိုးတန်းနှင့် ချိတ်ဆက်ထားသည်။

ငြိမ်းချမ်းရေး သမုဒ္ဒရာသည် အသူရာချောက်ကမ်းပါး ဒုတိယအလွှာထက်ပင် ပိုအန္တရာယ် များသည်။ ရောမအကောင်ကြီးများထက် ပိုကြီးသော ပင်လယ်ဘုရင် မွန်းစတားများအပြင် ထိုအနီးအနား တစ်ဝိုက်တွင် အင်ပါယာအဆင့် မွန်းစတားများလည်း ရှိသေးသည်။

ငြိမ်းချမ်းရေး သမုဒ္ဒရာထဲကို ဖြတ်သန်းဝင်ရောက်နိုင်သည့် ဆိပ်ကမ်းလေးခု ရှိသည်။ ဗစ်တိုးရီးယား ဆိပ်ကမ်းသည် ဓါးဖြူအဓိပတိ ရှိနေသည့်နေရာနှင့် အနီးဆုံး ဆိပ်ကမ်းဖြစ်ပြီး ရေမိုင် (၁,၆၀၀၀), (ကီလိုမီတာ ၃၀,၀၀၀) နီးပါး ကွာဝေးသည်။

လင်းဟွမ် ယခုလက်ရှိ ရှိနေသည့် နေရာမှ တောင်ဘက်ဗစ်တိုးရီးယား ဆိပ်ကမ်းကို နတ်ဆိုး သလင်းကျောက် အာကာသယာဉ် စီးသွားရအုံးမည်။ အရှေ့ဖျားကျွန်းသည် နတ်ဆိုး သလင်းကျောက် အာကာသယာဉ် ဆိုက်ကပ်နိုင်သော အနီးဆုံးကျွန်းဖြစ်ပြီး ဓါးဖြူအဓိပတိနှင့် အနီးဆုံးနေရာလည်း ဖြစ်သည်။

သို့ရာတွင် ခါးဖြူအဓိပတိ ရှိနေသည့် အမည်မသိ ကျွန်းနှင့် ရေမိုင် (၈,၀၀၀) ကျော် ကွာဝေးနေသည့် အတွက် လင်းဟွမ်က သူ့ဘာသာသူ ပျံသန်းရအုံးမည်။

ညနက် သန်းခေါင်ယံအချိန်....

လင်းဟွမ်သည် လမ်းကြောင်း ကြည့်ပြီးနောက် ဗစ်တိုးရီးယား ကျွန်းနှင့် အရှေ့များကျွန်းသို့ သွားမည့် လက်မှတ်များကို ဝယ်ယူပြီး မနက် (၁) နာရီတွင် ပစ္စည်းများကို ထုတ်ပိုးသိမ်းဆည်းကာ အောက်ထပ်တွင် မနက်စာ စားပြီးနောက် အခန်းအပြင် ထွက်လာခဲ့သည်။

ဖယ်ရှားခြင်းမြို့တွင် တစ်လကျော် တည်းခိုခဲ့သော်လည်း လေ့ကျင့်နေခဲ့သောကြောင့်

အပြင်ထွက်ခဲ့ပြီး ဟိုတယ် အခန်းထဲမှာသာ အနေများခဲ့သည်။ ယခုလက်ရှိတွင် ဇွန်လကုန် ဖြစ်သောကြောင့် အဖွဲ့ခွဲ(၃)၏ နေရာအများစုမှာ နွေရာသီ ဖြစ်နေပြီး လည်ပတ်ခြင်းမြို့ရှိ လူတိုင်းသည် အတိုအပြတ်များသာ ဝတ်ဆင်ထားကြသည်။

လင်းဟွမ်သည် အဖြူရောင်တီရှပ်ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားပြီး အပြာရောင် ဂျင်းဘောင်းဘီ တစ်ထည်သာ ဝတ်ဆင်ထားသည်။ သို့သော်လည်း အင်မတန် ကြည့်ကောင်းနေသောကြောင့် အခန်း ပြန်အပ်ရန် ကူညီနေပေးသော ဧည့်ကြိုကောင်တာမှ

အမျိုးသမီး နှစ်ယောက်သည် လင်းဟွမ်ကို တိတ်တခိုး ငမ်းနေကြသည်။

လင်းဟွမ် ထွက်သွားပြီးနောက် ညှဉ့်ကြိုကောင်တာမှ အမျိုးသမီး နှစ်ယောက်သည် ယခုနှစ် သူမတို့ တွေ့ဖူးသမျှ ညှဉ့်သည်ထဲတွင် အချောဆုံးဖြစ်ကြောင်း အချင်းချင်း စိတ်လှုပ်ရှားစွာ ဆွေးနွေးနေကြသည်။

လင်းဟွမ်သည် ဟိုတယ်မှ ထွက်လာပြီးနောက် မိုးကြိုးသိမ်းငှက်ကို ဆင့်ခေါ်ကာ ငြိမ်းချမ်းရေးသမုဒ္ဒရာကို ဦးတည်ထားသော နေရာကူးပြောင်းခြင်း ပေါ်တယ်သို့ သွားလိုက်သည်။ ဗစ်တိုးရီးယားမြို့နှင့် ချိတ်ဆက်ထားသော နေရာကူးပြောင်းခြင်း ပေါ်တယ်ကို

နေ့စဉ်နေ့တိုင်း မနက် (၉) နာရီတွင် ဖွင့်လှစ်သော်လည်း တစ်နေ့လျှင် တစ်ကြိမ်သာပင် ....

နေရာကူးပြောင်းခြင်း ပေါ်တယ်ကို ရောက်သောအခါ လင်းဟွမ် အပါအဝင် လူခြောက်ယောက်သာ ရှိသည်။ ဗစ်တိုးရီးယားမြို့သည် ကြီးမားသော ဆိပ်ကမ်းမြို့ဖြစ်ပြီး နွေရာသီတွင် ခရီးသွားအများအပြား သွားရောက်လည်ပတ်တတ်ကြသည်။

ယခုမူ ဇွန်လကုန်သာဖြစ်ပြီး နွေရာသီ အားလပ်ရက်မစသေးသောကြောင့် နေရာ ကူးပြောင်းခြင်း ပေါ်တယ်တွင် လူအနည်းငယ်သာ ရှိနေခြင်းပင် ။

မနက် (၉) နာရီ မတ်တင်းတွင် နေရာကူးပြောင်းခြင်း ပေါ်တယ်ကို ဖွင့်လိုက်သည်။ လင်းဟွမ်သည် အခြားလူငါးယောက်နှင့်အတူ လက်မှတ်များကို စကန်ဖတ်ကာ ပေါ်တယ်ထဲ ဝင်သွားလိုက်သည်။

သိပ်မကြာခင် နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲမှ ထွက်လာသောအခါ ဗစ်တိုးရီးယားမြို့ကို ရောက်ရှိသွားခဲ့သည်။

နေသာပြီး တိမ်ကင်းစင် နေ၏။

ထို့နောက် လင်းဟွမ်သည် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို ထုတ်ယူကာ တည်နေရာ ချိတ်ဆက်လိုက်သည်။ အင်ပါယာနှလုံးသား လက်စွပ်ရှိ

မြေပုံပေါ်တွင် ဗစ်တိုးရီးယား ဆိပ်ကမ်း၏ တည်နေရာကို အတည်ပြုပြီးနောက် မိုးကြိုးသိမ်းဌက်ကို နောက်တစ်ကြိမ်ဆင့်ခေါ်ကာ ထိုနေရာသို့ ဦးတည် ပျံသန်းလိုက်သည်။

မိနစ် (၂၀) ကြာပြီးနောက် မိုးကြိုးသိမ်းဌက်က လင်းဟွမ်ကို ဗစ်တိုးရီးယားဆိပ်ကမ်းသို့ ပို့ဆောင်ပေးလိုက်သည်။ ထိုဆိပ်ကမ်းတွင် အရှေ့ဖျားကျွန်းကို တစ်ပတ်လျှင် တစ်ကြိမ်သာသွားသော သင်္ဘော တစ်စင်းသာရှိပြီး တိုက်ဆိုင်စွာပင် ထိုနေ့သည် ဤနေ့ပင်။

သဘော်ဘသည် မနက် (၁၁) နာရီတွင် ထွက်ခွာမည် ဖြစ်ရာ ရောက်လာသည့် အချိန်က မနက်ခင်း အစောပိုင်းဖြစ်နေသဖြင့် စောနေသေးသည်။ အကယ်၍ ဒီနေ့ သဘော်ဘပေါ် မမှီပါက နောက်တစ်ပတ် ထပ်စောင့်ဆိုင်းရလိမ့်မည်။

ထို့ကြောင့် လင်းဟွမ်သည် ညသန်းခေါင်ယံ အချိန်ကတည်းက လက်မှတ်တစ်စောင် ဝယ်ခဲ့ပြီး လက်မှတ် တစ်စောင်ကို ကံကြမ္မာသလင်းကျောက် (၃,၀၀၀) ပေးရသည်။။ ဒါသည် အဆင့် (၂) သို့မဟုတ် အဆင့် (၃) ခါတ်ကြွင်းတစ်ခု ဈေးနှုန်းဖြစ်ပြီး အခန်း တစ်ခန်းကို လူနှစ်ယောက် နေရသည်။

သီးသန့်အခန်း ဖြစ်ပါက လက်မှတ်တစ်စောင်ကို ကံကြမ္မာသလင်းကျောက် (၂၀,၀၀၀) ကျသင့်မည်ဖြစ်ပြီး ဒါသည် အဆင့် (၅) ခါတ်ကြွင်းတစ်ခု စျေးနှုန်းပင်။ ထိုသီးသန့်အခန်းသည် လူတစ်ယောက်တည်း နေရပြီး ရေကူးကန်ပါသော ရေချိုးခန်းပင် ပါရှိသေးသည်။

လင်းဟွမ်တွင် ပိုက်ဆံ မရှားသော်လည်း သီးသန်းအခန်းအတွက် လက်မှတ်က ရောင်းကုန်သွားခဲ့ပြီ။

လက်မှတ် တစ်စောင်လျှင် ကံကြမ္မာ သလင်းကျောက် (၅၀၀) သာ ကျသင့်သည့် စျေးသက်သာသော economic အခန်းများလည်း ရှိသေးသည်။ ရေချိုးခန်း မပါသလို

အခန်းတစ်ခန်းထဲတွင် လူရှစ်ယောက် နေရသည်။ သို့တောင်မှ ထိုလက်မှတ်များသည် အစကတည်းက ရောင်းကုန်သွားခဲ့သည်။

လင်းဟွမ်သည် ဆိပ်ကမ်းသို့ရောက်ပြီး မကြာခင် ကောင်းကင်ပေါ်၌ ကြီးမားသော နတ်ဆိုး သလင်းကျောက် အာကာသယာဉ်ကြီး ဝဲပျံလာသည်ကို တွေ့လိုက်ရသည်။ ဒါသည် လင်းဟွမ် မြင်ဖူးသမျှ အာကာသယာဉ်များထက် ပိုကြီးကာ စစ်သင်္ဘောတစ်စင်းနှင့်ပင် တူနေသေးသည်။ ထိုသင်္ဘောကို အင်ပါယာ သင်္ဘောဟုခေါ်ပြီး အင်ပါယာအဆင့် ပင်လယ်နတ်ဆိုး ဘုရင်၏

အရိုးများဖြင့် ပြုလုပ်ထားခြင်းပြီး အထွတ်အထိပ်အဆင့် ဓါတ်ကြွင်းတစ်ခု ဖြစ်သည်။

ဒါသည် အထွတ်အထိပ်အဆင့် ဓါတ်ကြွင်းတစ်ခုမျှသာ ဖြစ်သော်လည်း ခုခံကာကွယ်နိုင်မှု အစွမ်းတွင် ရှေ့ဟောင်းသံချပ်ကာ ဓါတ်ကြွင်းများထက် များစွာ ပိုမို အားကောင်းသည်။ ထို့အပြင် သဘော်ဘေါ်တွင် နတ်ဘုရားသတ် အမြှောက်နှင့် အခြားလက်နက်များ ပါရှိပြီး ပင်လယ်မွန်းစတားများကို မောင်းထုတ်နိုင်စွမ်း ရှိသည်။

ထို့ကြောင့် ဤသဘော်ဘသည် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနှင့်ပင် အဆင့်တူနေသည်။ လေလံပွဲတွင်

ရောင်းချမည် ဆိုပါက နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းထက်ပင် ပို၍ ဈေးကြီးနေအုံးမည်။

လင်းဟွမ်သည် သဘော်ကြီးကို ကြည့်ရှုခံစားရင်း သဘော်ဘထွက်ခွာမည့် နေရာတွင် စောင့်ဆိုင်းနေသည်။ ဆိပ်ကမ်းထဲရှိ စတိုးဆိုင်များတွင် လည့်ပတ်သွားလာနေသော ခရီးသည်များကို အဝေးမှ လှမ်းကြည့်နေသည်။

နွေရာသီ အားလပ်ရက် မဟုတ်သေးသော်လည်း ခရီးသွားများစွာ ရှိနေသည်။ အရှေ့ဖျားကျွန်းသည် အဖွဲ့ခွဲ(၃) တွင် နတ်ဆိုးသလင်းကျောက် အာကာသယာဉ် သွားနိုင်သော အစွန်းအဖျား အကျဆုံးကျွန်းပင် ။

ကျွန်းသည် သာယာလှပပြီး ထိုနေရာတွင် အဖွဲ့ခွဲ (၃)၏ အစောဆုံး နေဝင်ဆည်းဆာအချိန်ကို ကြည့်ရှု ခံစားနိုင်သောကြောင့် ခရီးသွားများက လာရောက် လည်ပတ်ကြခြင်း ဖြစ်သည်။

လင်းဟွမ်သည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက် မကြာခင် လမ်းဘေး ကော်ဖီဆိုင်တစ်ခုကို သတိထား လိုက်မိသည်။ သို့သော်လည်း ထီးအောက်တွင် ခုံ (၃)လုံးသာ လွတ်လပ်နေပြီး တစ်ဆိုင်လုံး နီးပါး လူပြည့်နေ၏။

လွတ်နေသော ထိုင်ခုံ၏ တစ်ဖက်စွန်းတွင် မုတ်ဆိတ်မွေးများ ရှုပ်ယှက်ခတ်နေသည့် လူတစ်ယောက်

ထိုင်နေသည်။ ထိုလူက နေကာမျက်မှန်၊ ရှပ်အင်္ကျီအဖြူ၊ ကောင်းကင်ပြာရောင် ဘောင်းဘီတိုနှင့် ညှပ်ဖိနပ် ဝတ်ထားသည်။ သူက အင်ပါယာနှလုံးသား လက်စွပ်ပေါ်မှ ပုံရိပ်ယောင် ကီးဘုတ်ကို တီးခတ်နေသည်။

“ဦးလေး.. ဒီမှာထိုင်လို့ ရလား..”

လင်းဟွမ်က မေးလိုက်သည်။

နေကာမျက်မှန် တပ်ထားသော အမျိုးသားက အင်ပါယာနှလုံးသား လက်စွပ် ပရိုဂျက်တာကို ဖြတ်ကျော်၍ တင်းမာသော အမူအရာနှင့် မော့ကြည့်ကာ ..

“မင်း အသက်နဲ့ဆို ငါ့ကို အစ်ကိုလို့ ခေါ်သင့်တယ်။ တကယ်လို့ မင်းက အသက် (၁၆) နှစ်ပဲ ရှိသေးတယ်ဆိုရင် ငါ့ကို ဦးလေးလို့ခေါ်တာ အဆင်ပြေတယ်။ ဒါပေမယ့် မင်းက အသက် (၂၀) ၊ ငါက (၃၁) နှစ်ပဲ ရှိသေးတာ သိသာတယ်။ မင်းငါ့ကို ဒီလို မခေါ်သင့်ဘူး”

“အို.. ဒါဆိုလည်း ကောင်းပြီ အစ်ကို.. ဒီမှာ ထိုင်လို့ရလား..”

“မဆိုးဘူး. ရတယ်။ ထိုင်..”

ထို့နောက် ထိုလူ၏အကြည့်မှာ သူ့ရှေ့က ပရိုဂျက်တာထံ ပြန်ရောက်သွားသည်။

လင်းဟွမ်က သဘော်ဘ ထွက်ခွာမည့်အချိန်ကို စိတ်ရှည်ရှည် စောင့်ဆိုင်းရင်း ကော်ဖီတစ်ခွက် မှာလိုက်သည်။

သူ့ဘေးနားမှ အမျိုးသားမှာ ရုံဖန်ရုံခါ မျက်မှောင် ကြုတ်လိုက်၊ ခေါင်းကုပ်လိုက်၊ လက်သည်းကိုက်လိုက် ဖြစ်နေသည်။ ကီးဘုတ်ကို ဖြည်းညင်းစွာ တီးခတ်ရင်း အကျပ် ရိုက်နေပုံရ၏။

လင်းဟွမ်သည် ထိုလူက ဘာလုပ်နေလဲဆိုသည်ကို သိချင်သော်လည်း အစောပိုင်းက ပြောခဲ့သည့် စကားများကို ပြန်သတိရသွားကာ အနေရခက်သော

အခြေအနေကို ကျော်လွှားနိုင်ရန် လျစ်လျူ ရှုထားလိုက်သည်။

မနက် (၁၀) နာရီခွဲခန့်တွင် လက်မှတ်များ စတင် စစ်ဆေးသည်။

လင်းဟွမ်က လူများစွာ တန်းစီနေသည်ကို မြင်လျှင် ကော်ဖီတစ်ခွက် ထပ်မှာကာ သောက်လိုက်သည်။ သူ့ဘေးတွင် ထိုင်နေသော လူကလည်း မတ်တပ် ရပ်မည့်ပုံမရှိဘဲ ကီးဘုတ်ကို ဖြည်းဖြည်းချင်း ဆက်တီးနေသည်။

(၁၀) မိနစ်ခန့် ကြာသောအခါ တန်းစီသောနေရာတွင် လူသိပ်မကျန်တော့ကြောင်း သတိထားမိပြီး လင်းဟွမ်

မတ်တပ်ထရပ်လိုက်သည်။ သူ ထွက်ခွာရန် လုပ်လိုက်ပြီးမှ ထိုလူက ထွက်ခွာမည့်ပုံ မရှိသေးကြောင်း သတိထားမိပြီး သတိပေးရန် ဆုံးဖြတ်လိုက်သည်။

“အစ်ကို.. သဘော်ဘ ထွက်တော့မယ်၊ မလှုပ်ရှားသေးဘူးလား.”

“သဘော်ဘ ထွက်တော့မှာလား..”

ထိုလူသည် ပရိုဂျက်တာကို ကတိုက်ကရိုက် ပိတ်ပြီး လွယ်အိတ်ကို ခြေထောက်နှင့်သယ်ရင်း ညည်းသံ ထွက်ပေါ်လာသည်။

“သောက်ကျိုးနည်း.. ငါတော့ မူကြမ်းပိတ်ဖို့ မေ့သွားပြီ..”

လင်းဟွမ်က ထိုလူကို လျစ်လျူရှုပြီး သဘော်ဘပေါ် တက်သွားသည်။

အခန်း(၆၇၂) - လင်းဟွမ်၏ အခန်းဖော်။

လင်းဟွမ်သည် သဘော်ဘေါ်တက်ပြီး မကြာခင် သူ့လက်မှတ်ပေါ်တွင် ရိုက်နှိပ်ထားသော အခန်းနံပါတ်(၃၀၈) ကို ရှာတွေ့ခဲ့သည်။ အခန်းထဲတွင် မည်သူမှ မရှိပေ။

အင်ပါယာသဘော်၏ ပုံမှန် ပျံသန်းမှု အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာနှစ်သောင်းသာ ရှိသောကြောင့် မြန်သည်ဟု မယူဆနိုင်ပေ။

ဗစ်တိုးရီးယား ဆိပ်ကမ်းမှ အရှေ့ဖျားကျွန်းကို ကီလိုမီတာ နှစ်သောင်းခွဲ ဝေးကွာသောကြောင့် ကြားထဲတွင် မှတ်တိုင်နှစ်ခု ရှိသည်။ ထို့ကြောင့် ထိုနေရာသို့ ရောက်ရှိရန် (၈) နာရီ ကြာမြင့်သည်။

မိုးကြိုးသိမ်းငှက်ကို အရှိန်အဟုန် အပြည့်နှင့် ပျံသန်းခိုင်းမည် ဆိုပါက သဘော်စီးသွားလျှင် ကြာမည့် အချိန်၏ တစ်ဝက်ခန့်သာ ကြာမြင့်လိမ့်မည်။ သို့သော်လည်း လမ်းခရီးတွင် အင်ပါယာအဆင့် မွန်းစတားများနှင့် တွေ့ကြုံ နိုင်သောကြောင့် လူတော်တော်များများက ပျံသန်းနိုင်သည့် စီးတော်ယာဉ်များကို မစီးနင်းရန် ရွေးချယ်ခဲ့ကြသည်။

သဘော်ဘီးပါက အင်ပါယာအဆင့် မွန်းစတားများနှင့် ကြုံတွေ့ရလျှင်ပင် ဆယ်နှင့်ချီသော နတ်ဘုရားသတ် အမြောက်များက မွန်းစတားများကို ဖျက်ဆီးပစ်နိုင်သည်။ အရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက် ရေမိုင်တစ်သောင်း အကွာအဝေး အတွင်းတွင် နတ်ဘုရားတစ်ပိုင်း အဆင့် မွန်းစတားများ မရှိပေ။ အကယ်၍ တစ်ကောင်ကောင်နှင့် ဆုံမိပါက အင်မတန် ကံဆိုးခြင်းသာ ဖြစ်လိမ့်မည်။

လင်းဟွမ်သည် သဘော်ဘအခန်းထဲရှိ ခုတင်ပေါ်တွင် ထိုင်ရင်း ပြတင်းပေါက်မှ အပြင်ဘက်ကို လှမ်းကြည့်နေသည်။ လူတော်တော်များများက

အပြာရောင် ငြိမ်းချမ်းရေး သမုဒ္ဒရာကြီးကို သဘော်ဘကုန်းပတ်ပေါ်မှ ခံစားနေကြသည်။

ဤသမုဒ္ဒရာကြီးသည် သမုဒ္ဒရာတစ်ခုနှင့် မတူဘဲ ကြီးမားသော ရေကန်ကြီးတစ်ခုနှင့် ပိုတူနေသည်။ သို့သော်လည်း ငြိမ်းချမ်းရေး သမုဒ္ဒရာထဲတွင် တစ်လခန့် နေခဲ့သော လင်းဟွမ်သည် အရာအားလုံးက ထင်ထားသလောက် မငြိမ်းချမ်းကြောင်း သိနေသည်။

“၃၀စ... ၃၀စ...”

လင်းဟွမ်သည် ပြတင်းပေါက်မှတဆင့် အဝေးသို့ ကြည့်နေစဉ် တံခါးအဝမှနေ၍ ရေရွတ်နေသော လူတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

အခန်းနံပါတ်ကို ကြားလိုက်ရသဖြင့် တံခါးဝကို လှမ်းကြည့်လိုက်သည်။

ကမ်းခြေ ဘောင်းဘီတို ဝတ်ဆင်ထားသော အမျိုးသားတစ်ယောက်က တံခါးဝတွင် မတ်တပ်ရပ်ပြီး အခန်းနံပါတ်ကို လှမ်းကြည့်နေသည်။

“မင်းလား...”

ထိုလူက အထဲဝင်လာသည်နှင့် လင်းဟွမ်ကို မေးလိုက်သည်။

ကော်ဖီဆိုင်တွင် တွေ့ခဲ့သော နေကာမျက်မှန် တပ်ထားသည့် ထူးဆန်းသောလူမှာ သူ့အခန်းဖော် ဖြစ်နေသည်။

ထိုလူက နေကာမျက်မှန်ချွတ်ပြီး လင်းဟွမ်ထံ လျှောက်လာသည်။

“စောစောတုန်းက သဘော်ဘော်ပေါ် တက်ဖို့ သတိပေးခဲ့တဲ့အတွက် ကျေးဇူးတင်တယ်။ ဒါပေမယ့် မင်းကြောင့် မူကြမ်းသိမ်းဖို့ မေ့သွားတယ်။ ငါ လေးနာရီလောက် လုပ်ခဲ့တဲ့အရာတွေ အကုန်လုံး မြောင်းထဲ ရောက်သွားပြီ။ စာအလုံးပေါင်း (၂,၀၀၀) ကျော် ထွက်လာအောင် ဖျစ်ညှစ် စဉ်းစားရတဲ့ စာရေးဆရာတစ်ယောက်ရဲ့ လေးနာရီကြာ လုပ်ခဲ့တဲ့ အလုပ်ကို ဆုံးရှုံးရတဲ့ ခံစားချက်ကို မင်း သိလား...”

“ဟမ်...”

လင်းဟွမ်သည် ထိုလူ ပြောနေသည့်အရာကို အမှန်တကယ် နားမလည်သောကြောင့် အနေရ ခက်သွားသည်။ သို့သော်လည်း ထိုလူက အင်မတန် ဒေါသထွက်ပြီး ငိုတော့မလို ဖြစ်နေသည့်အတွက် တောင်းပန်ရန် ဆုံးဖြတ်လိုက်သည်။

“တောင်းပန်ပါတယ်... ငါ့ အပြစ်ပါ...”

ထိုလူသည် လင်းဟွမ် တောင်းပန်ပြီးနောက် အနည်းငယ် အေးချမ်းလာသည်။ ထို့နောက် နေကာမျက်မှန်ကို နောက်တစ်ကြိမ် ပြန်ဝတ်လိုက်ပြီး

“ကဲ... ထားလိုက်ပါကွာ။ နောက်တစ်ကြိမ်တော့ သတိထား။ ဒီလို အသေးအမွှား ကိစ္စလေးတွေအတွက်

လောစရာ မလိုဘူး။ ယောကျ်ား တစ်ယောက်ဆိုတာ တည်ငြိမ်သင့်တယ်...”

‘မူကြမ်းမှေတ့ဲကောင်က ဘယ်သူလဲ။ ဘယ်သူက မတည်မငြိမ် ဖြစ်နေတာလဲ...’

လင်းဟွမ်သည် စိတ်ထဲက ပြန်ပြောလိုက်သည်။

“အစ်ကို... မင်းက စာရေးဆရာလား...”

လင်းဟွမ်သည် ထိုလူက ပုံရိပ်ယောင် ကီးဘုတ်ပေါ်တွင် စာရိုက်နေသည်ကို မြင်လျှင် မနေနိုင်ဘဲ မေးလိုက်သည်။

သူ၏လုပ်ငန်းကို သိပ် စိတ်မဝင်စားသော်လည်း တစ်ခန်းတည်းတွင် နှစ်ယောက်အတူတူ ရှစ်နာရီ ကြာအောင် နေရမည် ဖြစ်သောကြောင့် တစ်ယောက်နှင့် တစ်ယောက် စကားမပြောပါက ပျင်းစရာ ကောင်းနေလိမ့်မည်။ ထို့အပြင် အခန်းထဲတွင် လူစိမ်းတစ်ယောက် ရှိနေသောကြောင့် ဓါးကျင့်စဉ် လေ့ကျင့်ရမည်ကို ရှက်နေသည်။

“မဖြစ်စလောက်လေးပါ။ အသက်မွေးဝမ်းကျောင်း အလုပ်အနေနဲ့ လုပ်နိုင်အောင် ကြိုးစားနေတယ်”

ထိုလူက ပြုံးပြီး ပြန်ပြောလိုက်သည်။

“ဒါဆိုရင် အရှေ့ဖျားကျွန်းမှာ ကုန်ကြမ်းလာရှာတာလား”

လင်းဟွမ်က ထပ်မေးလိုက်သည်။

“ဟုတ်တယ်... အိမ်ထဲမှာနေတာ ကြာလာတော့ မွန်းကျပ်လာတယ်။ အဲ့ဒါနဲ့ လေကောင်းလေသန့်ရှူရင်း ခရီးလေး၊ ဘာလေး ထွက်ရင်ကောင်းမယ်လို့ စဉ်းစားလိုက်မိတယ်လေ။ အခုအချိန်က နွေရာသီဆိုတော့ ကျွန်းလေးတစ်ကျွန်းပေါ်မှာ ခဏလောက် အချိန်ဖြုန်းတာ အကောင်းဆုံးပေါ့”

ထိုလူက သူ့အလုပ်အကြောင်း ပြောသောအခါ ပို၍ ရင်းနှီးလာသည်။

"အစ်ကိုက ဘယ်လို စာအုပ်မျိုး ရေးတာလဲ..."

"ဒီကမ္ဘာကြီး အကြောင်းလေ။ အခုတလော ဖြစ်နေတဲ့ ဇာတ်လမ်းတစ်ပုဒ် ရေးနေတာ။ အဓိက ဇာတ်ကောင်က ထိန်းချုပ်သူ တစ်ယောက်ဖြစ်ပြီး သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတွေ အများကြီး ပိုင်ဆိုင်ထားတယ်..."

ထိုလူက ထိန်းချုပ်သူ တစ်ယောက်အကြောင်းအား ဇာတ်လမ်း ရေးနေသည်ကို ကြားသောအခါ လင်းဟွမ် စိတ်ဝင်စားလာပြီး

"စာအုပ်နာမည်က ဘယ်လိုလဲ... အချိန်ရရင် ဖတ်ကြည့်မယ်လေ..."

“မွန်းစတားတို့၏ သုခဘုံလို့ ခေါ်တယ်။ ငါ့ရဲ့ ကလောင်နာမည်က နျူကလီးယား ဝါးဟက်ဖ်။ ငါ့စာအုပ် ဒါမှမဟုတ် ကလောင်နာမည်ကို နှလုံးသားကွန်ရက်ပေါ်မှာ ရှာကြည့်လိုက် မင်းတွေ့လိမ့်မယ်...”

“အို... ဟုတ်ပြီ...”

“သြော်... ခဏနေဦး ငါ့မှာမူရင်းပါတယ်”

ထိုလူက စာဖတ် ပရိသတ်တစ်ယောက် ရမည်ကို သိလိုက်လျှင် သူ၏ ကိုယ်ပိုင်စာအုပ်ကိုပင် ထုတ်ပြီး အကြံပြုလိုက်သည်။

“ဟုတ်... အချိန်ရရင် သေချာပေါက် ဖတ်ကြည့်လိုက်မယ်”

“ငါ့နာမည်က နီကျား... ဒါပေမယ့် မင်းငါ့ကို အစ်ကိုကျားလို့ ခေါ်လို့ရတယ် ။ ညီလေး... မင်းကို ဘယ်လို ခေါ်ရမလဲ...”

ထိုလူက ပြန် မေးလာသည်။

“ငါ့နာမည်က လင်းရှီ...”

“ဟာ... တိုက်ဆိုင်လိုက်တာကွာ... ငါ့စာအုပ်ရဲ့ အဓိကဇာတ်ကောင်ရဲ့ မျိုးရိုးနာမည်ကလည်း လင်းပဲ...”

နီကျားသည် လင်းဟွမ်၏နာမည်ကို ကြားသောအခါ ရယ်မောပြီး ပြောလိုက်သည်။

“အလုပ်ကိစ္စတွေ လုပ်ပြီးသွားရင် မင်းစာအုပ်ကို သေချာပေါက် ဖတ်မယ်...”

လင်းဟွမ်ကလည်း ဤတိုက်ဆိုင်မှုက စိတ်ဝင်စားစရာ ကောင်းသည်ဟု ထင်သည်။

“ညီလေးလင်း၊ မင်းက အရှေ့ဖျားကျွန်း သွားမှာဆိုတော့ မင်းရည်းစားကို မခေါ်လာဘူးလား”

နီကျားက မေးလိုက်သည်။

“ငါက စင်ဂယ်လေးပါ”

လင်းဟွမ်က ရယ်မောပြီး ပြောလိုက်သည်။

“အစ်ကိုကျားရော ဇနီး မတွေ့ပါလား...”

“ငါက အသက်ကြီးနေပြီ။ ဘယ်မိန်းမမှ ငါ့ကို မလိုချင်တော့ဘူး”

နီကျားက သက်ပြင်းချပြီး ပြောလိုက်သည်။

“မင်းက ငယ်သေးတယ်ဆိုတော့ မင်းဘေးနားက ပန်းလေးတွေကို တန်ဖိုးထားသင့်တယ်။ ငါ့လို မလုပ်နဲ့။ အရွယ်လွန်သွားရင် ဘာမှ မရလိုက်ဘဲ နေအုံးမယ်။ ငယ်တုန်းမှာ ကြိုက်တဲ့လူတွေ့ရင် လိုက်သာလိုက်။ ဘာမှမရှက်နဲ့။ မင်းမာနကို စွန့်လွှတ်လိုက်။ ဒီလိုမှ မဟုတ်ဘဲ လူတချို့ကို စွန့်လွှတ်လိုက်ရရင် မင်းဘဝမှာ တစ်ချိန်လုံး နောင်တ ရနေလိမ့်မယ်”

လင်းဟွမ်သည် ထိုလူ၏ အကြံပြုချက်ကို ကြားသောအခါ တိတ်ဆိတ်သွားသည်။ ကမ္ဘာမြေပေါ်တွင် ရှိစဉ်က သူ့တွင် ဇာတ်လမ်းတစ်ပုဒ် ရှိခဲ့ဖူးသည်။ အမှန်တကယ်ဆို သူတို့သည် ပုံမှန် ချစ်သူရည်းစားထက်ပင် ပိုခဲ့သေးသည်။

သို့သော်လည်း တစ်ချိန်တွင် သူ့ဘဝကို အချစ်နှောင်ကြိုးဖြင့် ချည်နှောင်လုနီးပါး ဖြစ်ခဲ့ဖူးသော ကောင်မလေးက ဖောက်သည်နှင့် အမြဲတမ်း အပြင်ထွက်ပြီး ညအိပ်ညနေ ခရီးသွားတတ်သည့် အချက်ကို လုံးဝ လက်မခံနိုင်ခဲ့ပေ။ ထို့ကြောင့် နောက်ဆုံး လမ်းခွဲခဲ့ကြသည်။

သူမနှင့် အတူတူ ကြည့်ခဲ့ဖူးသော ပထမဦးဆုံး ရုပ်ရှင်ကိုပင် မှတ်မိနေသေးသည်။ ဒါသည် (Big Hero 6) ကာတွန်းကားဖြစ်ပြီး ကောင်မလေး၏ လက်ကို ပထမဦးဆုံးအကြိမ် ကိုင်ခဲ့သောအကြိမ်လည်း ဖြစ်သည်။

ဒုတိယအကြိမ် ချိန်းတွေ့သောအခါ ရေကန်ဘေးက ခုံတန်းလျားလေးပေါ်တွင် ထိုင်ပြီး နေ့လယ်စာကို ခေါက်ဆွဲကြော်ဆိုင်တွင် စားခဲ့သည့် အချိန်ကိုပင် သတိရနေသေးသည်။ တုန်တုန်ယင်ယင်နှင့် ကောင်မလေး မျက်နှာကို ပထမဦးဆုံးအကြိမ် နမ်းခဲ့မိသည့် အချိန်ကိုလည်း သတိရလိုက်မိသည်။

“ငါ မင်းကို နမ်းချင်တယ်...”

“ဒါဆိုလည်း နမ်း...”

ကောင်မလေးက အပြုံးလေးနှင့် ပြန်ဖြေသည်။

နောက်တစ်နေ့ မနက်တွင် ကောင်မလေးထံ ဖုန်းခေါ်သောအခါ ကောင်မလေးက လေယာဉ်စီးပြီး မြို့မှထွက်သွားသည်။ သူ့ကို ငြင်းရင်း လေဆိပ်မှာပင် ငိုနေခဲ့သေးသည်။

လင်းဟွမ်သည် ရောက်နေသည့်နေရာမှ လေယာဉ်လက်မှတ် ချက်ချင်းဝယ်ပြီး လိုက်သွားခဲ့သော်လည်း မမီခဲ့ပေ။ အတိတ်က အတိတ်ပင်။

‘အခု လက်ရှိဘဝကိုပဲ တန်ဖိုးထားမယ်...’

လင်းဟွမ်သည် ခေါင်းခါပြီး အတွေးများကို မောင်းထုတ် လိုက်သည်။ ထို့နောက် အမျိုးသမီးတစ်ယောက်၏ အသံကို ကြားလိုက်ရသည်။

"အာကာသယာဉ် မကြာခင် ထွက်ခွာပါတော့မယ်။ ကုန်းပတ်ပေါ်က ခရီးသည်များ ကျေးဇူးပြုပြီး ကိုယ့်အခန်းကိုယ် တတ်နိုင်သမျှ အမြန်ဆုံး ပြန်ပေးကြပါ..."

အခန်း(၆၇၃) - မိုးကြိုးသိမ်းငှက် အဆင့်တက်ခြင်း။

အင်ပါယာ သင်္ဘောသည် မနက် (၁၁) နာရီတွင် ထွက်ခွာခဲ့သည်။ ရှုခင်းကြည့်ရှု ခံစားချင်ကြသော လူပေါင်းများစွာသည်လည်း ကုန်းပတ်ပေါ် ပြန်တက်လာကြသည်။

လင်းဟွမ်သည် သတင်းဖတ်နေရင်း ငြီးငွေ့လာခဲ့သည်။ သူ၏အခန်းဖော်ကမူ ပုံရိပ်ယောင် ကီးဘုတ်ကို စိတ်ဆိုးနေသော မိန်းမတစ်ယောက်ကဲ့သို့

သဘောထားပြီး တဖျောင်းဖျောင်း မည်အောင် ရိုက်နေသည်။

မနက် (၁၁) နာရီခွဲတွင် ဘူဖေး စားနိုင်ကြောင်း ကြေငြာလာသည်။

“အစ်ကိုကျား.. ထမင်း သွားစားရအောင်..”

လင်းဟွမ်က မတ်တပ်ထရပ်ပြီး နီကျားကို ပြောလိုက်သည်။

“သွား ငါ မစားတော့ဘူး..”

နီကျားသည် မော့မကြည့်ဘဲ ပြန်ဖြေကာ သူ့အတွေးထဲတွင် စျာန်ဝင် နေပုံရသည်။

“အဲ့ဒါဆို စားစရာ သယ်လာပေးမယ်။ ဘာစားချင်လဲ..”

“အရမ်းကောင်းတယ်။ အသားကင်ရှိရင် ယူလာခဲ့ ဘာပဲဖြစ်ဖြစ် ရတယ်။ တကယ်လို့ မရှိရင် ကောင်းမယ်ထင်တဲ့ဟာသာ ယူလာခဲ့ကွာ.”

နီကျားက လင်းဟွမ်ကို မော့ကြည့်ပြီး ပြောလိုက်သည်။

“ကောင်းပြီလေ”

ပထမထပ်ရှိ စားသောက်ဆိုင်တွင် လူစည်ကားနေပြီး ထိုင်စရာနေရာ လုံးဝ မရှိပေ။ အာကာသယာဉ်ပေါ်ရှိ

ခရီးသည် တစ်ဝက်ကျော်သည် စားသောက်ဆိုင်ထဲတွင် ရှိနေသည်။

လင်းဟွမ်သည် လူများလွန်းသောကြောင့် အသားကင် နှစ်စုံမှာပြီး အခန်းထဲ ပြန်လာခဲ့သည်။

လင်းဟွမ်သည် နေ့လယ်စာ စားပြီးနောက် နီကျား စာရေးနေသည့် အချိန်တွင် Social Media မျက်နှာပြင်များပေါ်မှ သတင်းများကို ဆက်တိုက် ဖတ်ရှုနေလိုက်သည်။

နေ့လည် (၂)နာရီ ကျော်တွင် အာကာသယာဉ် တစ်ခုလုံး တသိမ့်သိမ့် တုန်သွား၏။

လင်းဟွမ်သည် အာကာသယာဉ်၏ ခုခံကာကွယ်ရေးဒိုင်း အပြင်ဘက်တွင် ရှိနေသော ဌက်အုပ်ကြီးကို သံသယ မျက်လုံးများနှင့် လှမ်းကြည့်လိုက်သည်။

“ဘာဖြစ်တာလဲ..”

အခန်းတစ်ခုလုံး ငလျင်လှုပ်သကဲ့သို့ တုန်ခါနေသဖြင့် နီကျားတစ်ယောက် စာဆက် မရေးနိုင်တော့ချေ။

“ဘာမှ မဟုတ်ပါဘူး.. ၄က်တွေ တိုက်ခိုက်နေတာ ဖြစ်လိမ့်မယ်”

လင်းဟွမ်က တည်ငြိမ်စွာ ပြောလိုက်သည်။

ထို့နောက် ကြေငြာချက် ထွက်ပေါ်လာသည်။

“ချစ်ခင်ရသော ခရီးသည်များရှင်....။ ကျေးဇူးပြုပြီး မစိုးရိမ်ကြပါနဲ့။ ဖြတ်သွားတဲ့ ၄က်အုပ်ကြီးနဲ့ကြုံလို့ အကာသယာဉ်က အနည်းငယ် တုန်ခါသွားတာပါ။ ငါတို့ရဲ့ဝန်ထမ်းတွေက ဒီကိစ္စကို ကိုင်တွယ်နေကြပါတယ်”

မကြာခင် အာကာသယာဉ်၏ ကာကွယ်ရေးဒိုင်းပေါ်တွင် ခရမ်းရောင် လျှပ်စီးကြောင်းများ ပေါ်လာသည်။ ၄က်မွန်းစတားများ အားလုံး မီးလောင်ပြာကျသွားခဲ့ပြီး ဤအကျပ်အတည်းကို အလွယ်တကူ ဖြေရှင်းနိုင်ခဲ့သည်။

“အိုး.. ဒီအာကာသယာဉ်က တကယ် မိုက်တာပဲ..”

လင်းဟွမ်သည် ပြတင်းပေါက်မှ လှမ်းကြည့်ရင်း အံ့အားသင့်စွာ ရေရွတ်လိုက်သည်။

ငှက်အရေအတွက်မှာ ထောင်ပေါင်းသောင်းနှင့်ချီသည်။ အင်မော်တယ် အဆင့် (၁) မှ အဆင့်(၃) သာ ရှိသော်လည်း အကယ်၍ လင်းဟွမ်သာ ဤအင်ပါယာ သဘော်ပေါ်တွင် မရှိပါက ဤငှက်မွန်းစတားများကို သတ်ဖြတ်ရန် အချိန်တစ်ခု ယူရလိမ့်မည်။ ထိုအချိန်ကလည်း ခက်ခဲသော အချိန်တစ်ခုပင်။

အာကာသယာဉ်သည် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် နောက်ပိုင်း နာရီများတွင် အေးဆေးတည်ငြိမ်စွာ ပျံသန်းလာခဲ့ပြီး ညနေ (၃) နာရီခွဲခန့်တွင် နောက်တစ်ကြိမ် ပြင်းထန်စွာ တုန်ခါလာပြန်သည်။

ခဏလေးအတွင်းမှာပင် အာကာသယာဉ် တစ်ခုလုံး ပိုမို လေးလံသွားသလို ခံစားလိုက်ရပြီး ကုန်းပတ်ပေါ်ရှိ လူတော်တော်များများလည်း အလန့်တကြား အော်ဟစ်နေကြသည်။

လင်းဟွမ်သည် အာကာသယာဉ် ပြတင်းပေါက်မှ လှမ်းကြည့်ရာ ထိတ်လန့်စရာ မြင်ကွင်းတစ်ခုကို

တွေ့လိုက်ရပြီး ယခုအခါ၌ အာကာသယာဉ်၏ ခုခံကာကွယ်ရေးဒိုင်းက အနည်းငယ် ကျုံ့နေပြီ...

ဒါသည် မကြာခင် ပြိုကျသွားနိုင်သော ကာကွယ်ရေးဒိုင်းကို မြင်ပြီး ကုန်းပတ်ပေါ်ရှိ လူများ အလန့်တကြား အော်ဟစ်နေရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

“ပင်လယ် ဘုရင်လား..”

လင်းဟွမ်သည် ထိုလက်တံကို သိချင်စိတ်နှင့် လှမ်းကြည့် လိုက်သည်။ ထိုလက်တံများသည် ကောင်းကင်ပေါ် မီတာ (၁၂,၀၀၀) အမြင့်တွင်

ပျံဝဲနေပြီး လက်တံများက ဤမျှအမြင့်အထိ ရောက်ဖို့ဆိုလျှင် ဧရာမ မွန်းစတားကြီး ဖြစ်နိုင်သည်။

လင်းဟွမ်သည် အဖွဲ့ခွဲ(၇)တွင် ရှိစဉ်က ပင်လယ်ဘုရင်မွန်းစတား တစ်ကောင်ကို မြင်ခဲ့ဖူးသည်။ သို့သော်လည်း ဤခုလက်ရှိ မွန်းစတားသည် မီတာ ထောင်ပေါင်းများစွာ ရှည်လျားပြီး တိုက်ခိုက်ရေး အဆင့်တူသည့် မွန်းစတားများထက် အနည်းငယ် ပိုကြီးမားသည်။ မစ္စတာဖူးနှင့်အတူ တွေ့ကြုံခဲ့ဖူးသော ပင်လယ်ဘုရင် မွန်းစတားကို ကလေးလေးဟု ပြောနိုင်သည်။

မစ္စတာဖူးက ထိုကဲ့သို့ ပြောခဲ့သည့်အချိန်တွင် လင်းဟွမ် မယုံကြည်ခဲ့ပေ။

ယခုလက်ရှိ မြင်နေရသော လက်တံများကို လှမ်းကြည့်ပြီး မစ္စတာဖူး ပြောခဲ့သည့်စကားကို ယုံကြည်လာသည်။ လက်တံကပင် မီတာထောင်ပေါင်းများစွာ ရှည်လျားနေသောကြောင့် မွန်းစတားကြီးက မည်မျှ ကြီးကြောင်းကို စိတ်ကူးကြည့်၍ မရနိုင်ပေ။

“ချစ်ခင်ရသော ခရီးသည်များရှင့်..... အခုလက်ရှိမှာ ငါတို့က အင်ပါယာအဆင့် ပင်လယ်ဘုရင်ရဲ့ တိုက်ခိုက်ခြင်းကို ခံနေရပါတယ်။ ဘေးကင်းစေဖို့အတွက်

ကျေးဇူးပြုပြီး အခန်းထဲကို ပြန်နေပေးကြပါ။ ကုန်းပတ်နဲ့ ဝေးဝေး နေပေးပါ..”

“ပင်လယ်ဘုရင် မွန်းစတားရဲ့ တိုက်ခိုက်မှုကို ခံနေရတာလား..”

နီကျားသည် ပြတင်းပေါက်မှတဆင့် အပြင်ဘက်ကို ချက်ချင်း လှမ်းကြည့်လိုက်သည်။ ရောမလက်တံကြီးကို မြင်လျှင် အင်ပါယာနှလုံးသား လက်စွပ်နှင့် ချက်ချင်း ခါတ်ပုံလိုက်ပြီး သူ့ကိုကြည့်ရသည်မှာ ထူးထူးခြားခြား စိတ်လှုပ်ရှား နေပုံပင်။

“ဒီလို အံ့သြစရာကောင်းတဲ့ အရာကို တွေ့ရလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။ ဒါက

ငါ့စာအုပ်အတွက် အရမ်းတန်ဖိုးရှိတဲ့ ကုန်ကြမ်းပဲ၊ စာအုပ်ထဲမှာ ထည့်ရေးရမယ်”

“ပင်လယ်ဘုရင် မွန်းစတား တစ်ကောင်ရဲ့ တိုက်ခိုက်မှုကို ခံနေရတာက ကောင်းလို့လား”

လင်းဟွမ်သည် နီကျား၏ စိတ်ကူးစိတ်သန်းနှင့် စိတ်နေသဘောထားကို နားမလည်နိုင်ပေ။ သူကမူ ခရီးစဉ်အတွင်းတွင် ဤကဲ့သို့ ဧရာမမွန်းစတားကြီးနှင့် တွေ့ကြုံချင်စိတ် မရှိပေ။ ကံကောင်းသည်မှာ သူက သင်္ဘောပေါ်တွင် ရှိနေပြီး သူကိုယ်တိုင် တိုက်ခိုက်စရာ မလိုအပ်ပေ။

မွန်းစတားတို့၏ သုခဘုံ (ဘာသာပြန်ဟာရီကိန်း)

ပင်လယ်ဘုရင် မွန်းစတားများ၏ အားသာချက်မှာ ကြီးမားသော ခွန်အားနှင့် မွေးဖွားလာခြင်းပင်။ သူတို့၏ ခန္ဓာကိုယ်မှာ ခုခံနိုင်စွမ်း မြင့်မားကြသည်။ သူတို့တွင် ကောင်းမွန်သော ပြန်လည်ကုသရေး အစွမ်း ရှိသောကြောင့် မရှုံးနိမ့်နိုင်ချေ။ ဒါသည် ဤခရီးစဉ်အတွင်းတွင် လင်းဟွမ် မတွေ့ချင်သော မွန်းစတားမျိုးပင် ။

အာကာသယာဉ်ပေါ်ရှိ ဝန်ထမ်းများက ထိတ်လန့်ခြင်း လုံးဝ မရှိသဖြင့် ဤကဲ့သို့ အခြေအနေမျိုးနှင့် ကြုံတွေ့သည်မှာ ပထမဦးဆုံးအကြိမ် မဟုတ်ကြောင်း

ထင်ရှားနေသည်။ တိုက်ခိုက်ခံရပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် ပြန်လည် တုံ့ပြန်ကြသည်။

အာကာသယာဉ် ထိပ်ပိုင်းရှိ နတ်ဘုရားသတ် အမြှောက် အနည်းငယ်က ထိုလက်တံများကို ချိန်ရွယ်ပြီး အဖြူရောင်နှင်း အနည်းငယ်ကို ပစ်ခတ်လိုက်ရာ လက်တံကို ထိမှန်သွားခဲ့သည်။

ဧရာမ လက်တံကြီးသည် ထိုတိုက်ခိုက်မှုကြောင့် ပေါက်ကွဲထွက်သွားခြင်း မရှိသော်လည်း မီးလောင်ဒဏ်ရာ တစ်ခု ဖြစ်ပေါ်လာခဲ့သည်။

မွန်းစတားကြီးက နာကျင်မှုကြောင့် ကာကွယ်ရေးဒိုင်းကို မတော်တဆ လွှတ်လိုက်မိလျှင်

အာကာသယာဉ်က အမြင့်ပေါ်ကို ချက်ချင်း ပျံတက်သွားခဲ့သည်။

အာကာသယာဉ်သည် လက်တံ ရောက်ရှိနိုင်သည့် အကွာအဝေးထက် ပိုမြင့်သော နေရာကို ရောက်ရှိသွားသည်နှင့် ခရီးစဉ်ကို ပုံမှန်အတိုင်း ဆက်လက် ပျံသန်းလာခဲ့သည်။

လင်းဟွမ်သည် ဘေးဒုက္ခက ပြီးဆုံးသွားသောကြောင့် စိတ်အေးသွားခဲ့ပြီ။

“မွန်းစတားပုံစံက ဘယ်လိုလဲဆိုတာ မတွေ့ခဲ့ရတာ တော်တော်လေး ဆိုးတာပဲ..”

နီကျားက စိတ်ပျက်နေသည်။

ငြိမ်းချမ်းရေး သမုဒ္ဒရာထဲမှ မွန်းစတား စွယ်စုံကျမ်းထဲတွင် မပါသော ပင်လယ်ဘုရင် မွန်းစတားပေါင်းများစွာ ရှိနေသောကြောင့် လင်းဟွမ်ကလည်း မည်သည့် မွန်းစတားဖြစ်ကြောင်း မပြောနိုင်ပေ။

ထိုအခင်း ဖြစ်ပွားပြီးနောက် ခရီးစဉ်သည် ည(၇)နာရီတွင် ၄ာက်မွန်းစတားများနှင့် တွေ့ကြုံခဲ့ရသည်မှလွဲ၍ အရှေ့ဖျားကျွန်းသို့ ချောချောမွေ့မွေ့ရောက်ရှိလာခဲ့သည်။ အရှေ့ဖျားကျွန်းသို့ အာကာသယာဉ်ဆင်းသက်ချိန်၌ ကောင်းကင်တစ်ခုလုံး လုံးဝ မည်းမှောင်နေသည်။

လင်းဟွမ်သည် နီကျားကို နှုတ်ဆက်ပြီးနောက် ကြိုတင် ဘိုကင်ယူထားသော ဟိုတယ်ကို သွားခဲ့သည်။

ငြိမ်းချမ်းရေး သမုဒ္ဒရာသည် နေ့ခင်းဘက်မှာပင် အန္တရာယ် ရှိနေသောကြောင့် လင်းဟွမ်သည် ညဘက်ခရီးဆက်ခြင်းဖြင့် သူ့အသက်ကို မစွန့်စားချင်ပေ။ ခါးဖြူအဓိပတိ ရှိနေသည့် အမည်မသိကျွန်းသို့ မသွားခင် ဟိုတယ်တွင် ကောင်းကောင်းမွန်မွန် အနားယူရင်း အားပြန်မွေးချင်သည်။

အရှေ့ဖျားကျွန်းသည် ကြီးမားသော ကျွန်းကြီး မဟုတ်ဘဲ စတုရန်းမီတာ ကီလိုမီတာ (၃၀) ပင် မရှိချေ။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော် လူတစ်ယောက်က

ကျွန်းပေါ်တွင် တွင်းထွက်တောင်ကို မတွေ့ခင်အထိ အထီးကျန်ကျွန်းတစ်ခု ဖြစ်ခဲ့သည်။

ပြည်ထောင်စုအစိုးရက သတ္တုတောင်ကို ဝယ်ယူပြီးသည့် နောက်ပိုင်းတွင် လူများက သတ္တု တူးဖော်ခွင့် ရရှိခဲ့ကြသည်။ အလုပ်စတင်ပြီး (၁၀) နှစ်အကြာတွင် အလုပ်သမားအများစုမှာ ကျွန်းပေါ်တွင် နေထိုင်ကြသည့် ကျွန်း၏ ပထမမျိုးဆက်များ ဖြစ်လာကြသည်။

ကျွန်းသည် စတင်ဖွံ့ဖြိုး လာကတည်းက လူဦးရေ (၃၀၀) ကျော်ရှိခဲ့သည်။ ကျွန်းပေါ်တွင် စီးပွားရေး

လုပ်ကိုင်နေသော ပြင်ပလူများနှင့် ထည့်ပေါင်းလိုက်ပါက လူငါးရာ နီးပါးခန့်ရှိသည်။

ဆိပ်ကမ်းအနီးရှိ လင်းဟွမ် တည်းခိုနေသော ဟိုတယ်မှာ ဒေသခံ အန်တီကြီး တစ်ယောက်က ဦးဆောင်ဖွင့်လှစ်ထားသော ဟိုတယ်တစ်ခု ဖြစ်ပြီး နေချင်စဖွယ် ကောင်းလှ၏။ ရာသီချိန် မဟုတ်သောကြောင့် အခန်း မပြည့်သေးပေ။

ထို့ကြောင့် လင်းဟွမ်သည် ငြိမ်းချမ်းရေးသမုဒ္ဒရာကို မျက်နှာမူထားသည့် လေသာဆောင်ကြီးတစ်ခု ပါရှိသော (Sea View) အခန်းကို ရခဲ့သည်။

လင်းဟွမ်သည် အခန်းကို စစ်ဆေးပြီးနောက် စိတ်ကျေနပ်သွားသည်။ အခန်းထဲကို ပြန်ရောက်သည်နှင့် ကိုင်လီကို ဆင့်ခေါ်လိုက်သည်။

“မင်းရဲ့ ကမ္ဘာလေးကို ငါ သုံးချင်တယ်..”

ကိုင်လီက လင်းဟွမ်ကို စကားတစ်ခွန်းမှ မပြောဘဲ သူမ၏ကမ္ဘာလေးကို ဖွင့်ပေးလိုက်သည်။

လင်းဟွမ်သည် အထဲကိုရောက်သည်နှင့် မိုးကြိုးကို ဆင့်ခေါ်လိုက်ကာ

“ကဲ ဘာဘီလေး။ မင်း အဆင့်တက်ဖို့ အချိန်ရောက်ပြီ..”

မိုးကြိုးသိမ်းငှက်သည် သန္ဓေသုံးကြိမ် ပြောင်းရမည် ဖြစ်သဖြင့် စိတ်လှုပ်ရှားစွာ ချက်ချင်း ခေါင်းညိတ်လိုက်သည်။

လင်းဟွမ်သည် ကံစမ်းမဲကတ် (၃၀) နှင့် အဆင့်တက်ကတ် (၃)ခုကို တိုက်ရိုက် လဲလှယ်လိုက်ပြီး လက်ထဲတွင် ကိုင်ထားသည်။

"ရှောင်ဖိန်.. မိုးကြိုးသိမ်းငှက်ကို အဆင့်တက်ကတ် သုံးမယ်.."

အဆင့်တက်ကတ် (၃) ခု ပျောက်ကွယ်သွားသည်နှင့်တပြိုင်နက် ကောင်းကင်ပေါ်မှ

အဖြူရောင်အလင်းတန်းများ ဖြာကျလာပြီး
မိုးကြိုးသိမ်းငှက်၏ တစ်ကိုယ်လုံးသို့ ဖုံးလွှမ်းသွားခဲ့သည်။

အခန်း(၆၇၄) - လူသားအားလုံး သေသင့်တယ်

မိုးကြိုးသိမ်းဂက်သည် ညတွင်းချင်းမှာပင် သန္ဓေပြောင်းလဲခြင်း ပြီးဆုံးသွားခဲ့ပြီ။ အဆင့်မြှင့်တင်ရေးကတ်(၃) ခုက မိုးကြိုးသိမ်းဂက်ကို သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင် ဖြစ်လာအောင် ဖန်တီးပေးရုံသာမက မိုးကြိုးသခင်နှင့် မုန်တိုင်း ဖီးနစ်ဂက်တို့၏ သွေးမျိုးဆက် (၂) ခုကိုပင် အသက်ဝင်စေခဲ့သည်။ မိုးကြိုးသခင်သည် ရှေးဦးအန္တယ်ဝင် အစွမ်းထက်သော မွန်းစတား တစ်ကောင်ပင် ။

ကြည့်လိုက်ပါက ခရမ်းရောင် လျှပ်စီးကြောင်းများ ဝန်းရံထားသော သိမ်းငှက်တစ်ကောင်ဟု ထင်ရပြီး အလွန်အစွမ်းထက်သော ခန္ဓာကိုယ် ဖွဲ့စည်းပုံ ရှိသည်။ အနီးကပ် တိုက်ခိုက်ရာတွင် အလွန် ကောင်းမွန်၏။ ရှေးခေတ် အချိန်ကတည်းက ထိပ်တန်းအဆင့် ရက်စက်ကြမ်းကြုတ်သော သားရဲဖြစ်ပြီး ဖီးနစ်ဌက် အစစ်နီးပါးလောက် အစွမ်းထက်သည်။

အခြားတစ်ဖက်တွင်မူ မုန်တိုင်းဖီးနစ်သည် ဖီးနစ်သွေးမျိုးဆက် မွန်းစတားများမှ ခွဲထွက်လာခြင်းပင် ။ ၎င်းသည် လေထဲတွင် ပျံဝဲစေနိုင်သော လေပိုင်းဆိုင်ရာ ဝိသေသန ဂုဏ်သတ္တိများ ရှိသည်။

မိုးကြိုးသိမ်းငှက်သည် သန္ဓေသုံးကြိမ် ပြောင်းလဲပြီးနောက် သိသာထင်ရှားသော အပြောင်းအလဲများ ဖြစ်ပေါ်လာသည်။ မီးခိုးရောင် အမွှေးအတောင် များကြားတွင် ရွှေရောင်ဖောက်သလို ရွှေရောင် အစင်းကြောင်းများပါရှိပြီး မျက်လုံးများက နက်ပြာရောင် ဖြစ်သည်။ ကြွက်သားများကလည်း ယခင်ကထက် ပိုမြင့်၍ ပိုထူထပ်လာပြီး ၎င်း၏ သီးခြားဆန်သော ဆွဲဆောင်မှုကို ပို၍ ပြေပြစ်လာစေသည်။

နောက်တစ်နေ့မနက်၌ ကိုင်လီ၏ ကမ္ဘာလေးထဲတွင် ပြန်လည် မွေးဖွားလာသော မိုးကြိုးသိမ်းငှက်ကို မြင်လျှင် လင်းဟွမ်မျက်လုံးများ အရောင် တောက်ပလာသည်။

“ဘယ်လို ခံစားရလဲ၊ မိုးကြိုး”

“အံ့ဩစရာ ကောင်းတယ်။ ငါ့ရဲ့ ခွန်အားတွေက အကန့်အသတ် မရှိဘူးလို့ ခံစားနေရတယ်”

မိုးကြိုးသည် အတောင်ပံများကို တဖျတ်ဖျတ် ခတ်၍ စိတ်လှုပ်ရှားနေပြီး ရင့်ကျက်သော လူတစ်ယောက်၏ အသံနှင့် ပြောဆိုလာသည်။ ခရမ်းရောင် လျှပ်စီးကြောင်း ခပ်ဖျော့ဖျော့ ပေါ်နေသည်။

“အရမ်းကောင်းတယ် ငါ့နောက်က လိုက်ခဲ့”

လင်းဟွမ်က မိုးကြိုး၏ အတောင်ပံများကို ပွတ်သပ်ပြီးနောက် ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။ ထို့နောက် ကိုင်လီ၏ ကမ္ဘာလေးထဲမှ ပြန်ထွက်ခွာလာပြီး ကိုင်လီကို ပြန်သိမ်းလိုက်သည်။ လင်းဟွမ်သည် ဟိုတယ်မှထွက်လာပြီး အရှေ့ဖျားကျွန်း ကမ်းခြေသို့ ရောက်သောအခါ မိုးကြိုးကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်သည်။ မြေပုံပေါ်တွင် သူတို့၏ တည်နေရာကို အတည်ပြုပြီးနောက် မိုးကြိုးကို စီးနှင်းလိုက်သည်။

မိုးကြိုးက ၎င်း၏အတောင်ပံများကို ခတ်လိုက်လျှင် ပတ်ပတ်လည်တွင် ခရမ်းရောင်လျှပ်စီးများ တလျှပ်လျှပ်

တောက်ပလာသည်။ သို့သော်လည်း လျှပ်စီးများက လင်းဟွမ်ကို ထိခိုက်ခြင်း လုံးဝ မရှိပေ။ ဆန့်ကျင်ဘက်အနေနှင့် ဒါသည် လင်းဟွမ်ကို ကာကွယ်ပေးသော ဒိုင်းတစ်ခုနှင့်ပင် တူနေသည်။

ထို့နောက် မိုးကြိုးသည် ကျောက်မီးသွေး မီးခိုးရောင်မိုးကြိုး အဖြစ် ပြောင်းလဲပြီး အဝေးသို့ ပျံသန်းသွားသည်။ အစပိုင်းတွင် တစ်နာရီကို ကီလိုမီတာ (၄,၀၀၀) နှုန်းနှင့်ပျံသန်းနေပြီး ထို့နောက် (၅,၀၀၀) ၊ (၆,၀၀၀) စသည်ဖြင့် ဆက်တိုက် မြင့်တက်လာခဲ့သည်။

တစ်နာရီလျှင် ကီလိုမီတာ (၇,၀၀၀) နှုန်းကို ရောက်လာသောအခါ လင်းဟွမ်သည် မခံစားရတာ

ကြာပြီဖြစ်သော စိတ်လှုပ်ရှားမှုကို ပြန်လည် ရရှိလာသည်။ မထင်မှတ်ထားသော မတော်တဆ အဖြစ်အပျက်များကို ကာကွယ်နိုင်စေရန် မိုးကြိုးကို တစ်နာရီလျှင် ကီလိုမီတာ (၆,၀၀၀) နှုန်းသာ ပျံသန်းခိုင်းလိုက်သည်။ ထိုအရှိန်နှင့် ပျံသန်းမည်ဆိုပါက ကီလိုမီတာ (၁၅,၀၀၀) ဝေးကွာသော အမည်မသိ ကျွန်းကိုရောက်ရန် နှစ်နာရီခွဲသာ ကြာမြင့်လိမ့်မည်။

ငြိမ်းချမ်းရေး သမုဒ္ဒရာ၏ အထက်ကောင်းကင်ယံ မီတာ (၁၃,၀၀၀) တွင် မိုးကြိုးသည် အလင်းထက်မြန်အောင် ပစ်လွှတ်လိုက်သော မိုးကြိုးတစ်စင်းအလား ပျံသန်းနေ၏။

လင်းဟွမ် စီးနှင်း၍ လိုက်ပါလာခဲ့သော အာကာသယာဉ်သည် ကီလိုမီတာ (၁၂,၀၀၀) အမြင့်တွင် ပျံသန်းခဲ့သော်လည်း တိုက်ခိုက်ခံခဲ့ရသဖြင့် ထိုအမြင့်က လုံခြုံခြင်း မရှိသေးဘူးဟု ခံစားလိုက်ရသည်။ ထို့ကြောင့် မိုးကြိုးကို မီတာ (၃,၀၀၀) အပေါ်ဘက်သို့ ဆက်လက် မြင့်တက် ခိုင်းလိုက်သည်။

တစ်နာရီ ကြာသွားခဲ့ပြီး ခရီးစဉ်က အဆင်ပြေ ချောမွေ့ခဲ့သည်။ ကြားထဲတွင် ၄က်များနှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ခဲ့ရသော်လည်း မိုးကြိုးသည် ဖြတ်ကျော်နိုင်ရုံသာမက ဖယ်ရှား နိုင်ခဲ့သည်။ ၄က်များသည် သူ့တို့နောက်ကို လိုက်ကြသော်လည်း

မိုးကြိုးက လျင်မြန်လှသောကြောင့် နောက်ဆုံးတွင် လက်လျှော့ အရှုံးပေးလိုက်ကြသည်။

မကြာခင် နှစ်နာရီ ကြာမြင့်ခဲ့ပြီး နာရီဝက် မပြည့်ခင် အချိန်လေးမှာပင် အမည်မသိ ကျွန်းပေါ်သို့ ရောက်လာကြသည်။

လင်းဟွမ်သည် ပင်လယ်ဘုရင် မွန်းစတားများနှင့် မကြုံတွေ့ခဲ့ဘဲ ကံကောင်းခဲ့သဖြင့် စိတ်သက်သာရာ ရသွားသည်။ ဘေးကင်းလုံခြုံစွာ ရောက်လာခဲ့ပြီး ခါးဖြူအဓိပတိကို သတ်ပြီးပါက ငြိမ်းချမ်းရေး သမုဒ္ဒရာကို ဖြတ်ကျော်စရာ မလိုအပ်တော့ချေ။ ထိုအစား နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို အသုံးပြုနိုင်သည်။

လင်းဟွမ်သည် သူ၏ ကံကောင်းသော ကြယ်များကို ရေတွက်နေစဉ် ၄က်အုပ်ကြီးက သူတို့၏ အသက်ဘေးအတွက် အသက်ကို ဖက်နဲ့ထုပ်၍ ပြေးလွှားပုံသန်းနေသည်ကို တွေ့လိုက်ရသည်။ ဒါသည် ကြီးမားသော တောဘဲအုပ်ကြီးပင် ။ သူတို့ တစ်ကောင်ချင်းစီတိုင်းက မျှော်လင့်ချက်မဲ့စွာ အတောင်ပံများ ခတ်နေကြသည်။

လင်းဟွမ်သည် သေသေချာချာ ကြည့်လိုက်ရာ ၄က် တစ်ကောင်ချင်းစီက အင်မော်တယ်အဆင့် (၆) ထက် ကျော်လွန်နေကြောင်း သတိထားလိုက်မိသည်။

မီတာရာနှင့်ချီ ရှည်လျားသော အတောင်ပံများရှိသည့် ဧရာမငှက်ကြီးများက မည်သည့်နေရာမှ ပြေးလာခဲ့ကြသနည်း။

လင်းဟွမ်က ထိုကဲ့သို့ တွေးတောနေစဉ် နောက်ဆုံး၌ ဧရာမ လက်တံကြီးတစ်ခုက ဝှေ့ယမ်း၍ လိုက်ဖမ်းနေကြောင်း တွေ့လိုက်ရသည်။ သမုဒ္ဒရာ အစွန်းရှိ ကျွန်းကြီးတစ်ကျွန်းကဲ့သို့ ကြီးမားသော ဧရာမ မွန်းစတားကောင်ကြီး၏ မေးရိုးထဲကို ဆွဲသွင်းသွားခဲ့သည်။

နောက်ဆုံးတွင် လင်းဟွမ်သည် မွန်းစတား၏ ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရသည်။ ဦးခေါင်းတွင်

ဆံပင်မပါသော လူမျက်နှာ တစ်ခုရှိသည်။ ဦးခေါင်းအောက်ကို အဆီထူထပ်သော ခန္ဓာကိုယ်နှင့် တွဲဆက်ထားသည်။ အချိန်ကြာမြင့်စွာ ရေစိမ်ထားသောကြောင့် လူသေကောင်ကဲ့သို့ အရေပြားများက တွန့်လိမ်နေပြီး အဝ လွန်နေသော လူတစ်ယောက်နှင့် တူနေသည်။ သို့သော်လည်း ခြေလက်အင်္ဂါများ မရှိပေ။ အဆီလွှာကြီးက ဝမ်းဗိုက်ရောက်သည်အထိ အရာအားလုံးကို ဖုံးလွှမ်းထားပြီး အောက်တွင် လူခန္ဓာကိုယ် မရှိနိုင်တော့ချေ။ ထိုအစား ရောဘဝဲနှင့် တူသော အနီရောင် လက်တံကြီး (၁၂) ခု ပါရှိသည်။

"မိုးကြိုး တက်"

လင်းဟွမ်သည် မွန်းစတားကြီးကို သတိထားလိုက်မိသည်နှင့် မိုးကြိုးကို အမြင့်ပျံတက်ရန် ချက်ချင်း ညွှန်ကြားလိုက်သည်။

မိုးကြိုးကလည်း ပင်လယ်ဘုရင် မွန်းစတားကြီးကို မြင်လိုက်ရသည်။ သာမန် အခြေအနေဆိုပါက ထိုကဲ့သို့ မွန်းစတားတစ်ကောင်နှင့် ကြုံတွေ့ရလျှင် ၎င်း၏ ပိုင်နက်နက်မြေထဲကို ကျူးကျော် ဝင်ရောက်လာသည်ဟု ယူဆတတ်သောကြောင့် မြင်မြင်ချင်း လှည့်ပြေး မိလိမ့်မည်။ သို့သော်လည်း လင်းဟွမ်က ထိုကဲ့သို့ ပြုလုပ်ရန် အမိန့် ပေးခဲ့သောကြောင့် အမိန့်အတိုင်းသာ လိုက်နာခဲ့သည်။

ထို့နောက် မီတာ (၁၅,၀၀၀) မှ (၁၆,၀၀၀) အထိ မြင့်တက်လာခဲ့ပြီးနောက် မီတာ (၁၇,၀၀၀) မကြာခင် လက်တံများ ရောက်နိုင်သည့် အမြင့်ထက် ကျော်လွန်သွားခဲ့ပြီး ပင်လယ်သမုဒ္ဒရာ၏ အထက် မီတာ(၂၀,၀၀၀) ကျော်အမြင့်မှ ပျံသန်းလာခဲ့သည်။

လင်းဟွမ်သည် အောက်ဘက်ရှိ မွန်းစတားကြီးကို စောင့်ကြည့်ရင်း စိုးရိမ်နေသည်။

လင်းဟွမ်သည် မနေ့က အာကာသယာဉ်ကို တိုက်ခိုက်ခဲ့သော မွန်းစတားကြီး ဖြစ်ကြောင်း မှတ်မိနေသည်။ ထိုလက်တံကြီးများကို နတ်ဘုရားသတ် အမြောက်များက မီးလောင်ဒဏ်ရာ ရရှိအောင်သာ

လုပ်နိုင်ဆောင်ခဲ့သည်။ ယခုလက်ရှိ၌ လက်တံကြီးပေါ်တွင် မီးလောင် အမာရွတ် မရှိသော်လည်း မနေ့ကတွေ့ခဲ့သည့် မွန်းစတားနှင့် တစ်ကောင်တည်းသာ ဖြစ်ကြောင်း ပြောရန် မခက်လှပေ။

အင်ပါယာအဆင့် ပင်လယ်ဘုရင် မွန်းစတား နှစ်ကောင်သည် မီတာ တစ်သောင်းပင် မဝေးသော နေရာ၌ အတူယှဉ်တွဲ၍ နေထိုင်ရန် မဖြစ်နိုင်ပေ။ ဤကဲ့သို့ မွန်းစတား အများစုသည် ဗီဇအရ တစ်ကိုယ်တည်း နေထိုင်တတ်ကြပြီး တစ်ကောင်နှင့် တစ်ကောင် တွေ့ပါက သေသည်အထိ တိုက်ခိုက် တက်ကြသည်။ ရန်လိုရခြင်းမှာ အစာလောဘ

ကြီးမားသောကြောင့် ဖြစ်ပြီး ၎င်းတို့၏ နယ်မြေထဲတွင် အဆင့်တူ မွန်းစတားတစ်ကောင် မဆိုထားနှင့် သူတို့အတွက်ပင် အစားအစာ ရှားပါးလှ၏။

မကြာခင် မွန်းစတားကြီးက မိုးကြိုးကို သတိထားမိသွားသည်။

မိုးကြိုးကို စီးနှင်းလာသော လင်းဟွမ်ကလည်း မွန်းစတားကြီးက သူတို့ကို အကဲခတ်နေကြောင်း သတိထားမိသည်။

“တတ်နိုင်သမျှ အမြန်ပျံ”

လင်းဟွမ်သည် တစ်ခုခု မှားယွင်းနေပြီဟု ခံစားမိသဖြင့် မိုးကြိုးကို တိုက်တွန်းလိုက်၏။

ထိုစဉ် မွန်းစတားကြီး၏ မျက်နှာပေါ်၌ ရက်စက်ကြမ်းကြုမ်သော အမူအရာ ပေါ်လာပြီး ကောင်းကင်ပေါ် ပျံတက်လာသည်။ ၎င်း၏ လက်တံနှစ်ခုက မိုးကြိုးထံ ပျံဝဲလာသည်။

“လူသားတိုင်း သေသင့်တယ်”

အခန်း(၆၇၅) - နောက်တစ်ကြိမ်ကျရင် မင်းကို သေချာပေါက် သတ်ပစ်မယ်။

”လူသားအားလုံး သေသင့်တယ်”

မွန်းစတားဏ် အော်သံကြီး ပေါက်ကွဲ၍ ထွက်ပေါ်လာလျှင် လင်းဟွမ် မူးဝေသွားသည်။ မိုးကြိုးသိမ်းဌက်လည်း ထိုဒဏ်ကို ခံစားခဲ့ရပြီး အောက်ဖက်ကို နိမ့်ကျသွားသည်။

မွန်းစတားကြီးက ထိုအခွင့်အရေးကို အသုံးချပြီး၍ မိုးကြိုးနှင့် လင်းဟွမ်တို့ကို ၎င်း၏လက်တံနှင့် ဖမ်းယူရန် ကြိုးပမ်းလိုက်သည်။

“မိုးကြိုး……”

လင်းဟွမ်က အော်ဟစ်လိုက်လျှင် မိုးကြိုး အသိပြန်ဝင်လာပြီးနောက် အတောက်ပံများကို ခတ်၍ ပျံသန်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားခဲ့ပြီ။ လက်တံတစ်ခုက မိုးကြိုး၏အမြီးကို ဖမ်းမိသွားခဲ့သည်။

လင်းဟွမ်သည် နှစ်ခါပြန်မတွေးဘဲ နတ်ဘုရားသတ် အမြောက် (၆) လက်ကို ထုတ်ယူလိုက်သည်။ အမြောက်

(၂) လက်ကို စိတ်စွမ်းအားနှင့် ထိန်းချုပ်ပြီး လက်တံကို ချိန်ရွယ်ကာ ပစ်ခတ်လိုက်သည်။ သူ့တွင် ရှိနေသော နတ်ဘုရားသတ် အမြောက်များမှာ အစွမ်းအထက်ဆုံး တတိယမျိုးဆက် အမြောက်များ ဖြစ်ကြသည်။ သို့သော်လည်း ဤတိုက်ခိုက်မှုသည် လက်တံများထဲကို (၁၀) မီတာပင် ထိုးဖောက် ဝင်ရောက်နိုင်ခြင်း မရှိခဲ့ပေ။ တစ်မီတာလောက်ပင် နက်ခဲ့ပြီး သွေးအနည်းငယ်မျှသာ စိမ့်ကျလာခဲ့သည်။

မွန်းစတားကြီးက အစွမ်းထက်လွန်းသဖြင့် လင်းဟွမ် စိုးရိမ် ထိတ်လန့်သွားသည်။ နတ်ဘုရားသတ်

အမြောက်က ဘာမှမလုပ်နိုင်လျှင် ဤမွန်းစတားကြီးက နတ်ဘုရားတစ်ပိုင်း ဖြစ်လုနီးပါး ဖြစ်နေပြီ။

ကံကောင်းသည်မှာ နတ်ဘုရားသတ် အမြောက်ကြောင့် နာကျင်သွားပြီး တောင့်တင်းသွားပုံရကာ လက်တံက လွှတ်ပေးလိုက်သည်။

ထိုကဲ့သို့ ဖြစ်သွားသောအခါ မွန်းစတားကြီး၏ အမူအရာက ပို၍ပင် ကြမ်းတမ်း ခက်ထန်လာပြီး ကြိမ်းနှုန်းမြင့် အသံတစ်ခုကို နောက်တစ်ကြိမ် အော်ဟစ်လိုက်သည်။

“လူသား..... မင်း သေကိုသေရမယ်”

“မိုးကြိုး၊ နားရွက်ပိတ်ထား”

လင်းဟွမ်က မိုးကြိုးကို ပြောလိုက်သည်။

“ငါ့ဘက် အနည်းဆုံး နှစ်ခါ၊ သုံးခါတော့ တိုက်ခိုက်နိုင်သေးတယ်။ အဲ့ဒါပြီးတာနဲ့ ငါတို့ ဒီနေရာက ထွက်ကိုထွက်သွားနိုင်မှ ဖြစ်လိမ့်မယ်”

နတ်ဘုရားသတ်အမြောက်ကို ပြန်လည် ဖြည့်တင်းရန် အချိန် လိုအပ်သည်။ လင်းဟွမ်သည် နတ်ဘုရားသတ် အမြောက် (၂) လက်ကို တပြိုင်နက်တည်း အသုံးပြုခဲ့သောကြောင့် ယခုအခါ၌ အမြောက် (၄) လက်သာ ကျန်တော့သည်။ အမြောက် (၁) လက်တည်းသုံးလျှင် မလုံလောက်နိုင်ကြောင်း တွေးမိသဖြင့် အမြောက် (၂) လက် တပြိုင်နက် အသုံးပြုခဲ့ခြင်းပင် ။

ယခုမူ မွန်းစတားကို သတ်ပစ်ရန် မဆိုထားနှင့် အပေါက်နှစ်ခုသာ ဖြစ်အောင် လုပ်နိုင်ခဲ့သည်။

ဤအချိန်အတွင်းတွင် လွတ်မြောက်အောင် မပျံသန်းနိုင်ပါက သူနှင့် လင်းဟွမ်တို့က ဤမွန်းစတားကြီး၏အစာ ဖြစ်သွားမည့် အကြောင်းကို မိုးကြိုး သိနေသည်။ ထို့နောက် မိုးကြိုး၏ ခန္ဓာကိုယ်တစ်ခုလုံးကို ခရမ်းရောင် လျှပ်စီးများက ဝန်းရံလာပြီး အတောင်ပံများကို တဖျတ်ဖျတ်ခတ်ကာ တစ်နာရီလျှင် ကီလိုမီတာ (၇,၀၀၀) နှုန်းအထိ အရှိန်ကို မြင့်တင်လိုက်သည်။ ထို့နောက် လက်တံကြီးများနှင့်

ဝေးရာသို့ လျှပ်စီးကြောင်းအလား လျင်မြန်စွာ ပျံသန်းလိုက်သည်။

မွန်းစတားကြီးသည် တိုက်ခိုက်ခံရပြီး ဒေါသထွက်သွားသလို ဖမ်းမိနိုင်မည့် အခွင့်အရေးလည်း လက်လွတ်သွားခဲ့သည်။ ထို့နောက် နောက်ဆုံး ကြိုးစားမှုအနေနှင့် မိုးကြိုးကို ဖမ်းယူရန်အတွက် လက်တံကြီး (၁၁) ခုလုံးကို ပစ်လွှတ်လိုက်သည်။ ထိုအချိန်တွင် မိုးကြိုးသည် နှစ်ထပ်ကွမ်း လေစွမ်းအင် ဂုဏ်သတ္တိကို ဆင့်ခေါ်ပြီး မည်မျှလျင်မြန်မှန်း မသိအောင် ပျံသန်းပြီး အထက်သို့ ပျံတက်သွားသည်။

အရာအားလုံးကို ဖြတ်ကျော်နိုင်ရန်နှင့် ပျံသန်းမှုကို လွယ်ကူစွာ ထိန်းကြောင်းနိုင်စေရန် လေကြောင်းစီးဆင်းမှုကို ထိန်းချုပ်လိုက်သည်။ ထို့အပြင် နားရွက်များကိုလည်း ပိတ်ဆို့ထားသဖြင့် မွန်းစတားကြီး၏ အသံနှုန်းဖြင့် အော်သံကြောင့် ထိခိုက်ခြင်း မရှိတော့ဘဲ လွတ်လွတ်လပ်လပ် ပျံသန်းနိုင်ခဲ့သည်။

လက်တံကြီးအနား ရောက်လာသောအခါ မိုးကြိုးကို ထိန်းချုပ်ထားသော လေထုက ပျက်ယွင်းသွားသည်။

လင်းဟွမ်သည် ချဉ်းကပ်လာသော လက်တံများကို နတ်ဘုရားသတ် အမြှောက် အသုံးပြု၍ အကြိမ်ပေါင်းများစွာ ပစ်ခတ် နေသည့်အချိန်တွင်

မိုးကြိုးက ကွေးကောက်လိမ်ဖယ်ကာ ပျံသန်းပြီး ရှောင်ရှားနေခဲ့သည်။

(၃) မီတာအထိ နီးဝင်လာကာ မိုးကြိုး၏တောင်ပံကို ဖမ်းလုနီးပါး ဖြစ်သွားသော လက်တံတစ်ခု ရှိခဲ့သည်။ မိုးကြိုး၏ စွမ်းဆောင်ရည် အလွန်မြင့်သော ပျံသန်းရေးနည်းစနစ်ကို အသုံးပြုထားသောကြောင့် လင်းဟွမ် အထင်ကြီးသွားသည်။ မိုးကြိုး၏ ပျံသန်းခြင်းစွမ်းရည်မှာ အချိန်တိုလေးအတွင် သင်ယူနိုင်သော နည်းစနစ်များ မဟုတ်သောကြောင့် သူ့ထက် များစွာသာလွန်ကြောင်း ဝန်ခံရလိမ့်မည်။ သို့သော်လည်း မိုးကြိုးအတွက်မူ သဘာဝအတိုင်း အလိုလို တတ်မြောက်လာပုံပင် ။

မွန်းစတားကြီး၏ တိုက်ခိုက်မှုကို ခုခံနေရသည့် အချိန်လေးအတွင်းတွင် စက္ကန့်များက နာရီများကဲ့သို့ ကြာရှည်လွန်းသည်ဟု ခံစားရသည်။ မိုးကြိုးသည် မွန်းစတားကြီး၏ တိုက်ခိုက်မှုများကို ရှောင်ရှား နိုင်ခဲ့သော်လည်း လက်တံကြီးများ လက်လှမ်းမီနေသော နေရာအတွင်း၌သာ ရှိနေသေးသည်။

မွန်းစတားကြီးသည် အကြိမ်ပေါင်းများစွာ ကြိုးစားသော်လည်း မအောင်မြင်ပြီးနောက် ပို၍ ပါးနပ်လာသည်။ ၎င်းက မိုးကြိုး၏ လမ်းကြောင်းကို လက်တံနှစ်ခုဖြင့် ပိတ်ဆို့လိုက်သည်။ မိုးကြိုးက ဖြတ်ကျော်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

နောက်ဆုံး၌ လင်းဟွမ်သည် မွန်းစတားကြီးက မိုးကြိုး၏ လေပိုင်နက်ကို ဖြည်းဖြည်းခြင်း ကန့်သတ်လာကြောင်း သတိထားမိသည်။

“ဒီလို ဆက်သွားလို့ မဖြစ်တော့ဘူး။ ငါတို့ရဲ့ လေပိုင်နက် ကျုံ့လာပြီး သေးသထက် သေးလာပြီ။ တိုက်ခိုက်ခံရဖို့ အခွင့်အရေး များလာပြီ”

လင်းဟွမ်က မိုးကြိုးကို ပြောလိုက်သည်။

“ငါတို့ နောက်ပြန် မလှည့်နိုင်တော့ဘူး။ ဦးတည်ရာ တစ်ခုပဲရွေး ခပ်မြန်မြန်ပျံ...”

မိုးကြိုးက ခေါင်းညိတ်ပြီး ဦးတည်ရာတစ်ခုတည်းသို့ တူရှုပြီး ပျံသန်းလိုက်သည်။ လက်တံကြီးတစ်ခု ထွက်ပေါ်လာပြီး လမ်းကြောင်းကို ပိတ်ဆို့လိုက်သည်။

"မရှောင်နဲ့ ဖြတ်တိုက်လိုက်"

လင်းဟွမ်က သူ့ရှေ့တည့်တည့်ကို နတ်ဘုရားသတ် အမြောက်တစ်လက် ပစ်လွှတ်လိုက်သည်။ အမြောက် ထိပ်ဝတွင် အနီရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး လက်တံထံ တိုက်ရိုက် ပျံသန်းသွားသည်။ မွန်းစတားကြီးသည် ပစ်ခတ်မှု ထိမှန်သွားကြောင့် ဒဏ်ရာ ကြီးမားစွာရရှိကာ နာကျင်စွာ အော်ဟစ်၍ လက်တံကို ခါထုတ်လိုက်သည်။

“ကျော် သွား……”

လင်းဟွမ်သည် လက်တံများကြားမှ အဟကို မြင်လျှင် အော်လိုက်ရာ မိုးကြိုးက အရှိန်မြင့်တင်ပြီး ခရမ်းရောင် လျှပ်စီးကြောင်း တစ်ခုအလား လျှင်မြန်စွာ ပျံသန်းသွားသည်။

မွန်းစတားကြီးကလည်း ထိုအချက်ကို သတိထားမိပြီး ထပ်မံ ပိတ်စို့ရန် နောက်ထပ် လက်တံတစ်ချောင်းကို အသုံးပြုခဲ့သည်။ သို့သော်လည်း ထိုသို့ မလုပ်ဆောင်နိုင်ခင် လင်းဟွမ်က နောက်ထပ် အမြောက်တစ်လက်နှင့် ပစ်ခတ်လိုက်သည်။

အမြောက်ထိပ်ဝမှ အနီရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ထိုလက်တံကို ထိမှန်သွားသည်။

မွန်းစတားကြီးက နာကျင်စွာ ထပ်အော်ဟစ်၍ လက်တံကြီးက နောက်တစ်ကြိမ် တုန်ခါသွားပြီး တစ်စက္ကန့် မပြည့်သည့် ထိုအချိန်လေးမှာပင် မိုးကြိုးက ထိုလက်တံ လက်မှ လွတ်မြောက်အောင် ပျံသန်းနိုင်ခဲ့သည်။

မိုးကြိုးက သူ့ လက်တံများကြားမှ လွတ်မြောက်အောင် ပျံသန်းသွားသည်ကို မြင်လျှင် မွန်းစတားကြီး၏ ဒေါသက နှစ်ဆလောက် ပေါက်ကွဲ

သွားသည်။ ထိုအချိန်တွင် လက်တံ (၁၂) ခုလုံးနှင့် မိုးကြိုးကို လိုက်ဖမ်းရန် ဆုံးဖြတ်လိုက်သည်။

သို့သော်လည်း မိုးကြိုးက လက်တံများ လက်လှမ်း မမှီသောအမြင့်သို့ ရောက်ရှိသွားပြီ ဖြစ်သဖြင့် စိုးရိမ်စရာ မလိုတော့ချေ။

မွန်းစတားကြီးက သူတို့ကို ဖမ်းမိရန် မည်မျှပင် ကြိုးစားစေကာမူ လင်းဟွမ်နှင့် မိုးကြိုးတို့ လွတ်မြောက် သွားသည်ကိုသာ ခိုကိုးရာမဲ့စွာ ကြည့်ရုံသာ ကြည့်နေရတော့သည်။

နောက်ဆုံးတွင် လင်းဟွမ်သည် မွန်းစတားကြီး လက်ထဲမှ လွတ်မြောက်နိုင်ခဲ့သဖြင့် ရင်ထဲမှ

အပူအလုံးကြီး ကျသွားခဲ့သည်။ ထို့နောက် လင်းဟွမ်က နောက်လှည့် ကြည့်ပြီး မွန်းစတားကြီးကို လှမ်းအော်လိုက်သည်။

“ဟေ့ ရုပ်ဆိုး....၊ ငါ လင်းဟွမ်..... ဒီနေ့ မင်း လုပ်ခဲ့တာကို သေချာပေါက် မှတ်ထားမယ်။ နောက်တစ်ကြိမ် ကမ်းခြေကိုပြန်လာရင် မင်းကို သေချာပေါက် သတ်ပစ်မယ်”

လင်းဟွမ်က သူ့ နာမည်အရင်းကို မတော်တဆ ထုတ်ပြောလိုက်မိသည်။

မွန်းစတားကြီးသည် လင်းဟွမ် စကားကို ကြားလိုက်လျှင် ပိုမို ကျယ်လောင်စွာ

ဟိန်းဟောက်လိုက်ပြီး လက်တံ (၁၂) ချောင်းကို ပြင်းထန်စွာ ပစ်လွှတ် လိုက်သော်လည်း အသုံးမဝင်ခဲ့ပေ။

လင်းဟွမ်ကြီးက မရှုနိုင် မကယ်နိုင်၊ မခံချိမခံသာ ဖြစ်၍ ဒေါသပေါက်ကွဲနေသော မွန်းစတားကြီးကို ကြည့်ပြီး စပ်ဖြဲဖြဲ ပြုံးလိုက်သည်။ စက္ကန့်အနည်းငယ် အတွင်းမှာပင် မိုးကြိုးက အရှိန်အဟုန် မြင့်မားစွာ ပျံသန်းနေသဖြင့် မွန်းစတားကြီး၏ အရွယ်အစားက ပုရွတ်ဆိတ် တစ်ကောင် အရွယ်အစားခန့် သေးငယ်လာပြီး သူတို့မြင်ကွင်းမှ လုံးဝ ပျောက်ကွယ်သွားခဲ့သည်။

အခန်း(၆၇၆) - ဓားဖြူ အဓိပတိ။

ပင်လယ်ဘုရင် မွန်းစတားလက်ထဲမှ လွတ်မြောက်ပြီးနောက် မိနစ်သုံးဆယ် ကြာသော ခရီးသည် အဆင်ပြေ ချောမွေ့ခဲ့သည်။

လင်းဟွမ်နှင့် မိုးကြိုးတို့သည် မြေပုံပေါ်တွင် မှတ်သားထားသော အမည်မသိ ကျွန်းကို ရောက်သည်အထိ လမ်းတစ်လျှောက်တွင် ၄က်များကိုပင် မတွေ့ခဲ့ရချေ။

လင်းဟွမ်သည် ဓါးဖြူ အဓိပတိအား နောက်ဆုံး မြင်တွေ့ခဲ့သည့်နေရာသို့ ရောက်သောအခါ မိုးကြိုးကို ပြန်သိမ်းလိုက်သည်။

လင်းဟွမ်သည် ပတ်ပတ်လည်ကို လှည့်ပတ်ကြည့်ခဲ့သော်လည်း ဓါးဖြူအဓိပတိ၏ မည်သည့် သဲလွန်စကိုမှ မတွေ့ရသဖြင့် အကူအညီတောင်းရန် သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။

မရင်းနှီးသော ဤကျွန်းသည် ကြီးမားလှ၏။ အကယ်၍ သွေးရဲရဲလေး၏ အကူအညီသာ မပါ ပါက ကျွန်းတစ်ခုလုံးကို ရှာဖွေရန် တစ်ရက်၊ နှစ်ရက်ခန့် အချိန်လိုအပ်သည်။

သွေးရဲရဲလေးက ယခုအခါ၌ မှုန်ဝါးဝါး ခရမ်းရောင် တိမ်တိုက်ပုံစံ ဖြစ်နေသည်။ ထို့နောက် ၎င်း၏ ဖောက်ထွင်းမြင်ရသော မျှော့မျိုးစေ့များကို နေရာအနှံ့ စေလွတ်လိုက်သည်။ မိနစ်အနည်းငယ် ကြာသောအခါ ရလဒ်ရရှိခဲ့ပြီး ၎င်း၏ စပျစ်ရောင်နွယ်ပင်က ရှစ်နာရီထောင့်ကို ညွှန်ပြလာသည်။

"ငါတို့နဲ့ သုံးကီလိုမီတာပဲ ဝေးတယ်။"

"အဲ့ဒီလောက်တောင် နီးတာလား"

လင်းဟွမ်သည် သွေးရဲရဲလေး ညွှန်ပြသော လမ်းကြောင်းအတိုင်း လှမ်းကြည့် လိုက်သည်။

သုံးကီလိုမီတာ ဆိုသည်မှာ သူ့ပိုင်နက်နယ်မြေအသိ လွှမ်းခြုံနိုင်သော ဧရိယာကို ကျော်လွန်သွားခဲ့ပြီ။

"သွားရအောင်"

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် တောတွင်း သုံးကီလိုမီတာကို ဖြတ်ကျော်ပြီးနောက် ဓါးဖြူအဓိပတိ ရှိရာသို့ ရောက်ရှိလာကြသည်။

ဓါးဖြူ အဓိပတိသည် သံချပ်ကာ နွားကို အမဲလိုက်နေပြီး ပျော်ရွှင်နေပုံရသည်။ သံချပ်ကာ နွားအနားကို ရောက်သောအခါ နွား၏ခန္ဓာကိုယ်ကို လက်နှင့်ပုတ်လိုက်ပြီး သတ်ဖြတ်ရန် အစီအစဉ် ရှိပုံ မရချေ။

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် သူတို့၏ တည်ရှိမှုကို ထုတ်ဖော် မပြသခဲ့သော်လည်း ဓါးဖြူ အဓိပတိက သူတို့၏တည်ရှိမှုကို ခံစား သိရှိနေပုံပင်။ ထို့နောက် သံချပ်ကာ နွားနောက်သို့ လိုက်ရန် စွန့်လွှတ်လိုက်ပြီး သစ်ပင်များကြားတွင် ပုန်းနေသော လင်းဟွမ်ကို စိုက်ကြည့်လိုက်သည်။

လင်းဟွမ်ကလည်း ဓါးဖြူ အဓိပတိကို အကဲခတ်နေသည်။ ဤမွန်းစတားကို စွယ်စုံကျမ်းထဲတွင် ယခင်က မြင်ခဲ့ဖူးသော်လည်း လက်တွေ့ဘဝတွင် ပထမဆုံးအကြိမ် မြင်ဖူးခြင်းပင် ။

ခါးဖြူ အဓိပတိသည် လူသားတစ်ယောက်နှင့် မခြားပေ။ လက်နှင့်ခြေများ အပါအဝင် တစ်ကိုယ်လုံးကို အဖြူရောင်ဝတ်ရုံဖြင့် ဖုံးအုပ် ထားသော်လည်း ၎င်းမျက်နှာတွင် ဓားခုတ်ရာကြောင့် ဖြစ်ပေါ်နေသည့် အမာရွတ် အချို့ရှိသော လူတစ်ယောက်နှင့် တူလှသည်။

"လူသား ခါးကျင့်ကြံသူလား"

ခါးဖြူ အဓိပတိက ရွှေ့လျားလာပြီး လင်းဟွမ်နှင့် ဆယ်မီတာ ဝေးသည့်နေရာသို့ ရောက်သောအခါ လင်းဟွမ်ကို စိုက်ကြည့်နေသည်။

"ဟုတ်တယ်"

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ ဓါးဖြူ အဓိပတိက သူ့ကို ဓါးကျင့်ကြံသူ တစ်ယောက်ဟု ပြောနိုင်သည်မှာ မဆန်းပေ။

"မင်းမှာ အစွမ်းထက်တဲ့ ဓါးတာအို ရှိနေတာပဲ။ တကယ်လို့ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က ဒီထက် ပိုမြင့်နေမယ်ဆိုရင် ငါ ကြောက်မိလိမ့်မယ်၊ ဒါပေမယ့် အခုတော့ မင်းက ငါ့အတွက် စားစရာလေးပဲ"

ဓါးဖြူအဓိပတိက တောက်ပစွာ ပြုံးလိုက်သည်။

"မင်းကို သတ်ပြီးရင် မင်းရဲ့စွမ်းရည်အားလုံးကို စုပ်ယူလိုက်မယ်။ ဒါဆိုရင် သန္ဓေလေးကြိမ်ပြောင်းဖို့ နီးစပ်လာပြီပေါ့"

"အိုး တိုက်ဆိုင်လိုက်တာ....။ မင်းက ငါနဲ့ အတွေးတူနေတာပဲ”

လင်းဟွမ်သည် ခါးဖြူအဓိပတိ၏ စကားကို ကြားလိုက်လျှင် ပြုံးလိုက်ပြီး

"ငါကလည်း မင်းကိုသတ်ပြီး မင်းရဲ့ခါးနှလုံးသားကို ရရှိအောင် မီးစာထုတ်ယူမယ်။"

"ဒီလိုဆိုရင် ဘယ်သူကဘယ်သူ့ကို အရင် သတ်နိုင်မလဲ ကြည့်လိုက်ရအောင်"

ခါးဖြူ အဓိပတိက သူ့ကိုယ်သူ ယုံကြည်မှု ရှိနေ၏။

ဝတ်ရုံဖြူအောက်မှ (၁.၈) မီတာ ရှည်သော ခေါင်းတစ်လက် ထွက်ပေါ်လာသည်။ ပခုံးမှ တံတောင်ဆစ်အထိ ပုံမှန် လူတစ်ယောက်၏ ခြေလက်များအတိုင်းပင်။ သို့သော် တံတောင်ဆစ် အောက်ပိုင်းသည် ထက်ရှသော ခေါင်းရှည်တစ်ချောင်း ဖြစ်နေသည်။

လင်းဟွမ်သည် ဒါကို မြင်လိုက်လျှင် မအံ့ဩမိပေ။ စွယ်စုံကျမ်းထဲတွင် ဖော်ပြထားသည့် ဖော်ပြချက်အရ ခါးဖြူအဓိပတိတွင် ခါးခြေ လေးချောင်းပါရှိကြောင်း သူ သိထားသည်။ ၎င်း၏ ခေါင်းလက်များအပြင်၊ ၎င်း၏ ခြေထောက်များကလည်း အသားတစ်ဝက် ခေါင်းတစ်ဝက်

ဖွဲ့စည်းပုံပင် ။ ထို့အပြင် ဝတ်ရုံဖြူအောက်တွင် ဖွက်ထားသော ခါးတို အမြီးတစ်ခုလည်း ရှိသေးသည်။

ၫင်း၏ လက်နက်အားလုံးသည် ဝတ်ရုံဖြူအောက်တွင် ဖုန်းကွယ်နေပြီး လိုအပ်သည့် အချိန်မှသာ ထွက်ပေါ်လာခြင်းသာ....

လင်းဟွမ်သည် ခါးဖြူအဓိပတိ၏ ဓားလက်မောင်းကို မြင်လိုက်လျှင် မှင်(ခါး)ကို ထုတ်ယူလိုက်သည်။ ထို့နောက် လင်းဟွမ်က အဆင့် (၄) ဓားတာအို အော်ရာကို ထုတ်လွှတ်လိုက်ရာ သူ့အော်ရာသည် အထွတ်အထိပ်သို့ ချက်ချင်း ရောက်ရှိသွားခဲ့သည်။

ဓါးဖြူ အဓိပတိသည် ထိုအချက်ကို မြင်ပြီးနောက် ထိတ်လန့်သွားသော်လည်း လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့် မည်မျှနိမ့်ပါးကြောင်း ပြန်တွေးမိပြီး မကြာခင် စိတ်သက်သာရာ ရသွားသည်။

"မင်းရဲ့ ဓါးတာအိုက ဘယ်လောက်ပဲ သန်မာသန်မာ၊ အစွမ်းထက်တဲ့ တိုက်ခိုက်ရေး အဆင့်မရှိရင် အရာအားလုံးက အချည်းအနှီးပဲ"

ဝတ်ရုံဖြူ လှုပ်ခတ်သွားသည်နှင့် ဓါးဖြူအဓိပတိ၏ ခန္ဓာကိုယ်က ပျောက်ကွယ်သွားသည်။ ထို့နောက် လင်းဟွမ်၏ရှေ့တွင် ပြန်ပေါ်လာပြီး ၎င်း၏ ငွေရောင်ဓါးတစ်လက်ကို လင်းဟွမ်၏ ခန္ဓာကိုယ်အား

ချိန်ရွယ်၍ မိုးကြိုးတစ်ခုအလား လျှင်မြန်စွာ ခုတ်ချလိုက်သည်။

တစ်ချိန်တည်းမှာပင် လင်းဟွမ်ကလည်း လှုပ်ရှားလိုက်သည်။ ခါးကို ရှေ့သို့ခုတ်ချလိုက်ပြီး ခါးကကံကြမ္မာစွမ်းအားများ ဖုံးအုပ်ထားသောကြောင့် အပြာရောင် တောက်ပနေသည်။

လေထဲတွင် ငွေရောင်နှင့် အပြာရောင် အလင်းတန်းများ တိုက်မိသွားပြီး နှစ်ယောက်လုံး နောက်ပြန် လွင့်ထွက်သွားသည်။

လင်းဟွမ်၏ ခြေဖဝါးအောက်တွင် အနက်ရောင် စွပ်ကြောင်းနှစ်ခု ဖြစ်သွားပြီး မီတာရာနှင့်ချီသော

ဝေးကွာသော နေရာအထိ တရွတ်တိုက်ပါသွားကာ သူ၏ခြေဖဝါးက မြေကြီးထဲ နက်ရှိုင်းစွာ နစ်ဝင်သွားသည်။

တစ်ချက် တိုက်ခိုက်ပြီးနောက် မည်သူ့ဘက်က အသာရနေကြောင်း ထင်ရှားသွားခဲ့သည်။

လင်းဟွမ်က အဆင့် (၄) ဓါးတာအိုနှင့် အစွမ်းထက်သော ဓားကျင့်စဉ်ကို အသုံးပြုခဲ့သော်လည်း ဓါးဖြူအဓိပတိကို ရှုံးနိမ့်နေသေးသည်။ ယခုလက်ရှိ ထိပ်တိုက် တွေ့ဆုံမှုအရ ဓါးဖြူအဓိပတိကို သတ်ဖြတ်ရန် မဖြစ်နိုင်ကြောင်း သူ သိလိုက်သည်။

"မင်းက သန္ဓေသုံးကြိမ်ပြောင်း ဓါးတာအို မွန်းစတားတစ်ကောင်ပဲ။ ငါ တွေ့ဖူးသမျှ အင်မော်တယ် အဆင့် (၆) မွန်းစတားတွေထက်တောင် ပိုအစွမ်းထက်နေပါလား"

လင်းဟွမ်က စိတ်ထဲမှ တွေးလိုက်သည်။ သူ မသိသည့်အချက်မှာ ဓါးဖြူအဓိပတိက သူ့ထက်ပင် ပို၍ အံ့ဩနေသေးသည်။ အပြာရောင် မီးလျှံအဆင့်သာ ရှိသေးသော လင်းဟွမ်က သူ၏တိုက်ခိုက်မှုကို ခုခံကာကွယ်နိုင်ခဲ့ပြီး သူ့ကိုပင် မီတာများစွာ ဝေးသည်အထိ ရောက်သွားအောင် ပြန်တွန်းလှန်နိုင်ခဲ့သဖြင့် နားမလည်နိုင် ဖြစ်နေသည်။ ယခုအခါ၌

သူ့ရှေ့တွင် ရပ်နေသော လူငယ်လေးနှင့် တိုက်ခိုက်ရန် ပို၍ပင် စိတ်ပါလာခဲ့သည်။

"လူသား၊ မင်းရဲ့ စွမ်းဆောင်ရည်က ငါ့မျှော်လင့်ချက် ထက်တောင် ကျော်လွန်နေပြီဆိုတာ ဝန်ခံရမယ်။ မင်းက ငါ့ကို စိတ်လှုပ်ရှားစေတာပဲ။ ငါ့ရဲ့ နောက်ထပ် တိုက်ခိုက်မှုကို တောင့်ခံနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မြန်မြန် မသေနဲ့အုံး။ ဒီလိုမှမဟုတ်ရင် ငါစိတ်ပျက် ရလိမ့်မယ်"

"အေး ငါကတော့ နောက်တစ်မျိုး တွေးတယ်။ မင်းကို အလွယ်တကူ သတ်နိုင်ဖို့ မျှော်လင့်တယ်။

မင်းကိုသတ်ပြီး ခရမ်းရောင်မီးလျှံအဆင့်ကို တက်နိုင်မယ်လို့ မျှော်လင့်တယ်"

လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်ပြီး စိတ်ထဲရှိသည့် အတွေးကို ရိုးသားစွာ ထုတ်ပြောလိုက်သည်။

"အဲဒါက မဖြစ်နိုင်ဘူး ထင်တယ်နော်"

ဓါးဖြူ အဓိပတိက ပြုံးလိုက်သည်။ ထို့နောက် လေထဲတွင် အဖြူရောင်တစ်ခု ဖြတ်ခနဲ လက်သွားပြီး လင်းဟွမ်ထံ ပြေးဝင်သွားသည်။

လင်းဟွမ်သည် ကံကြမ္မာစွမ်းအား ဖုံးအုပ်ထားသောကြောင့် အပြာရောင် ဖြစ်နေသောခါးကို ဝှေ့ယမ်းပြီး ခါးဖြူအဓိပတိကို ခုတ်ချလိုက်သည်။

ငွေရောင်နှင့် အပြာရောင် အလင်းများသည် နောက်တစ်ကြိမ် ထိပ်တိုက် တွေ့ဆုံသွားပြန်သည်။

"မိုးကြိုး အာဏာ"

အပြာရောင် ကံကြမ္မာစွမ်းအားများ ဖုံးလွှမ်းထားသော လင်းဟွမ်၏ခါးက အပြာရောင် လျှပ်စစ်လှိုင်းများ စတင် ထုတ်လွှတ်လာသည်။ ခါးကို လျင်မြန်စွာ ခုတ်ချ လိုက်သောကြောင့် ခါးအလင်း လမ်းကြောင်းများကိုသာ ရိုပ်ခနဲ မြင်လိုက်ရသည်။

ဓါးနှစ်ချောင်း ထိပ်တိုက်တွေ့ဆုံသည်နှင့် အမျှ လင်းဟွမ်က ဓါးချက် (၁၁) ချက် ခုတ်ချခဲ့သည်။

ထိုထိပ်တိုက် တွေ့ဆုံမှုကြောင့် နှစ်ယောက်လုံး နောက်ပြန် လွင့်ထွက်သွားပြီး အကွာအဝေးကလည်း အတူတူပင်။

လင်းဟွမ်သည် မော်ကွန်းအဆင့် ဓါးကျင့်စဉ် နောက်တစ်ခုဖြစ်သည့် မိုးကြိုးအာဏာ ဓါးကျင့်စဉ်ကို တီထွင်နိုင်ခဲ့သည်။ ဒါကို တိုက်ပွဲအတွင်းတွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ရလဒ်က ဤမျှ ကောင်းမွန်လိမ့်မည်ဟု မမျှော်လင့် ထားခဲ့ချေ။ သူ၏ဓားချက်က ဓါးဖြူအဓိပတိနှင့် လက်ရည်

တူနေသောကြောင့် တူညီသော အကွာအဝေးအထိ လွင့်စင်သွားခဲ့ခြင်းပင် ဖြစ်သည်။

"လာစမ်းပါ၊ မရုပ်နဲ့"

လင်းဟွမ်က အလုပ်ဖြစ်ကြောင်း သိလိုက်လျှင် ရင်ခုန်စိတ်လှုပ်ရှားစွာ အော်ဟစ်ပြီး ခါးဖြူအဓိပတိထံ ပြေးဝင်သွားသည်။

အခန်း(၆၇၇)- ဓားဖြူအဓိပတိကို သတ်ဖြတ်ခြင်း။

လေထဲတွင် အပြာရောင်နှင့် အဖြူရောင် အလင်းတန်းများ တစ်ခုနှင့်တစ်ခု ထိပ်တိုက် တွေ့ဆုံ သွားပြန်သည်။ လေထဲ၌ ပြင်းထန်သော စွမ်းအားတစ်ခု ပေါက်ကွဲထွက်လာပြီး လှိုင်းဂယက် ထလာသည်။ ငြိမ်သက်နေသော ရေပြင်ထဲ ကျောက်ခဲတစ်လုံး ပစ်ချ လိုက်သကဲ့သို့ လေပြင်းများက နေရာအနှံ့ တိုက်ခတ်သွားသည်။

သူတို့နှစ်ယောက်သည် လေထဲတွင် တိုက်ခိုက်နေကြသော်လည်း ထွက်ပေါ်လာသော အင်အားကြောင့် အနီးတဝိုက်ရှိ သစ်ပင်အားလုံး ပျက်စီးသွားခဲ့သည်။ မိနစ် အနည်းငယ်အတွင်းမှာပင် ကျွန်းပေါ်ရှိ သစ်ပင်သုံးပုံတစ်ပုံ နီးပါးခန့် ဖျက်ဆီးခံလိုက်ရသည်။

လင်းဟွမ်သည် ခါးကျင့်စဉ်များကို ထပ်ခါတလဲ အသုံးပြု နေသောကြောင့် သူတီထွင်ခဲ့သော ဓားကျင့်စဉ်နှင့် ပို၍ ရင်းနှီးလာခဲ့ပြီး တိုက်ခိုက်မှု အားလုံးကို ခုခံ တွန်းလှန်နိုင်ခဲ့သည်။ တိုက်ခိုက်မှု တစ်ခုစီတွင် ဓားကျင့်စဉ်တစ်ခု သို့မဟုတ် နှစ်ခုကို ပေါင်းထည့်ခဲ့သည်။

အခြားတစ်ဖက်တွင်မူ ခါးဖြူအဓိပတိသည် ဖြည်းဖြည်းခြင်း ဖိအားတိုးလာသည်။ တိုက်ပွဲ အစတွင် အကြိတ်အနယ် ရှိခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ လင်းဟွမ်က ခါးဖြူအဓိပတိကို ပိုၚ်ပိုၚ် ဖိနှိမ့်လာခဲ့သည်။

ခါးတာအိုအကြောင်း မသိသည့်သူများပင် တိုက်ပွဲကို သုံးမိနစ်၊ လေးမိနစ်ခန့်ကြာအောင် ကြည့်ရှုပြီးနောက် ခါးဖြူ အဓိပတိက ကျိန်းသေပေါက် ရှုံးနေကြောင်း ပြောကြလိမ့်မည်။

လင်းဟွမ်၏ တိုက်ခိုက်မှု တစ်ခုစီတိုင်းက ခါးဖြူ အဓိပတိကို မီတာရာနှင့်ချီ အဝေးကို နောက်ပြန်

ဆုတ်သွားစေပြီး သူကမူ ဆယ်မီတာခန့်သာ နောက်ဆုတ်ရသည်။ လင်းဟွမ်၏ တိုက်ခိုက်မှုများ ပြင်းထန်သထက် ပြင်းထန် လာသောကြောင့် ခါးဖြူအဓိပတိသည် တိုက်ခိုက်မှုတစ်ခုစီကြားတွင် အနားယူနိုင်သည့် အချိန် တိုတောင်းလာ၏။

ခါးဖြူအဓိပတိသည် လင်းဟွမ်၏ တိုက်ပွဲစည်းချက်အတိုင်း လိုက်ပါရင်း အရှုံးဘက်ကို ရောက်လာခဲ့သည်။ ဒါကို သတိထားမိပြီးနောက် အမူအရာ တင်းမာလာသည်။ ထို့နောက် ထိန်ချန်ထားခြင်း မရှိတော့ဘဲ ဝတ်ရုံဖြူအောက်မှ ဒုတိယမြောက်ခါးကို ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။ ၎င်း၏

ဘယ်ဘက်လက်မောင်း အပေါ်ပိုင်းမှာ အသားဖြစ်ပြီး ၎င်း၏ ညာဘက်လက်မောင်းနှင့် တူညီကာ အောက်ပိုင်းက ငွေရောင် ခါးရှည်တစ်လက်ပင်။

လင်းဟွမ်သည် လက်နှစ်ဖက်နှင့် တိုက်ခိုက်နေသော ခါးဖြူအဓိပတိကို ကြည့်ရင်း အူမြူးလာသည်။ သူ လေ့ကျင့်နေသည့်အချိန်၌ ပျင်းသွားသောအခါ ဘယ်လက်ကို ရံဖန်ရံခါ အသုံးပြု၍ လေ့ကျင့် လေ့ရှိသော်လည်း ညာလက်ကို ပို၍ အသုံးများသည်။ မွန်းစတား စွယ်စုံကျမ်းမှတဆင့် ခါးဖြူ အဓိပတိ အကြောင်း သိခဲ့သော်လည်း ခါးလက်နှစ်ဖက်နှင့်

တိုက်ခိုက်သော မွန်းစတားကို ပထမဆုံးအကြိမ် ကြုံဖူးခြင်းပင်.....။

ဒုတိယမြောက်ခါး ပေါ်လာသည်နှင့် ရှုံးနိမ့်လုနီးပါး ဖြစ်နေသော ခါးဖြူအဓိပတိသည် အရှိန် မြှင့်တက်လာခဲ့သည်။ ယခုအခါ၌ ခါးနှစ်လက်သုံး၍ တိုက်ခိုက်နေသောကြောင့် ၎င်း၏ တိုက်ခိုက်မှုကို ပို၍ မြိုင်ဆိုင်လာသည်။

ခါးလက်နှစ်ဖက် အသုံးပြု၍ ကာကွယ်နေသည့် အချိန်တွင် ရုံဖန်ရခါ ၎င်း၏ ဓားခြေထောက်ကိုလည်း အသုံးပြု၍ တိုက်ခိုက်လေ့ ရှိသည်။ သူ့ခြေထောက်ရှိ ခါးများသည် လက်မှ ခါးများနှင့် ကွာခြားသည်။

ၜင်းတို့သည် များစွာကျယ်ဝန်းပြီး ခေါ်းလက်များထက် ထိုးဖောက် ဝင်ရောက်နိုင်စွမ်း အားနည်းသော်လည်း လှီးဖြတ်သည့် အကျိုးသက်ရောက်မှုက များစွာ မြင့်မားသည်။

လင်းဟွမ်သည် ဤအကြောင်းနှင့် ပက်သက်၍ ယခင်ကတည်းက မွန်းစတား စွယ်စုံကျမ်းထဲတွင် ဖတ်ခဲ့ဖူးပြီး အသေးစိတ် အချက်အလက်များကို မှတ်သားထားသောကြောင့် ကြိုတင် ပြင်ဆင်ထားခဲ့သည်။

ခါးဖြူအဓိပတိသည် ခါးခြေထောက်များနှင့် လင်းဟွမ်ကို တိုက်ခိုက်ရန် ကြိုးစားခဲ့သော်လည်း လင်းဟွမ်က ရှောင်တိမ်းနိုင်ခဲ့သည်။

ခါးဖြူအဓိပတိ၏ ခါးခြေလက်လေးချောင်းကို တပြိုင်နက် အသုံးပြုလာသောအခါ တိုက်ပွဲကို ပြောင်းပြန်လှန်နိုင်ခဲ့ပြီး တိုက်ပွဲက ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်လာသည်။

"လူသား၊ ငါတော့ မင်းကို လျှော့တွက်မိပြီ။ အပြာရောင် မီးလျှံအဆင့် လူတစ်ယောက်က ဒီလောက် အစွမ်းထက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့မိဘူး။ မင်းနဲ့ တိုက်ခိုက်ဖို့ ရှိသမျှ ထုတ်သုံးနေရပြီ။"

ခါးဖြူအဓိပတိသည် လင်းဟွမ်က အစွမ်းထက်သော ပြိုင်ဘက်တစ်ယောက် ဖြစ်ကြောင်း ဝန်ခံလိုက်သည်။

"ဒါပေမယ့် တိုက်ပွဲက ဒီအတိုင်း ဆက်သွားနေရင် မင်းရဲ့ ကံကြမ္မာစွမ်းအားက ငါ့ထက် အရင်ကုန်သွားမှာပဲ။ အဲ့ဒီလိုဆို ဒီတိုက်ပွဲက ငါ့အနိုင်ပဲ”

“မသေချာပါဘူးကွာ။ ဒါပေမယ့် ဒီနေ့တော့ မင်းရဲ့ မီးစာကို ငါအရ ထုတ်ယူမယ်"

လင်းဟွမ်သည် ဓားရှည်နှင့် တိုက်ခိုက်နေရင်း သူ့ခန္ဓာကိုယ်မှ ငွေရောင် တောက်ပလာသည်။ ထို့နောက်တွင် ဒုတိယမြောက်နှင့် တတိယမြောက် ငွေရောင်များ ဖြာထွက်လာသည်။

မကြာခင် ငွေရောင်အလင်းတန်း (၃၆၀) ခုသည် ဓားဖြူအဓိပတိ အနားတွင် ငွေငါးများကဲ့သို့ ဝဲပျံနေသည်။

ဓါးဖြူအဓိပတိသည် လင်းဟွမ်ထံမှ စိတ်စွမ်းအင်တိုက်ခိုက်မှု ထွက်ပေါ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ လင်းဟွမ်၌ အခြား စွမ်းရည်ရှိလျှင်ပင် ဓားစွမ်းရည်သာ ဖြစ်မည်ဟု ထင်ခဲ့သည်။ စိတ်စွမ်းအားတိုက်ခိုက်မှုကြောင့် စိတ်ဝိညာဉ် ဓားမြှောင်များက သူ့အား ဝန်းရံ ပိတ်မိသွားသည်။

ဓါးဖြူအဓိပတိသည် အလွန် နီးကပ်နေသောကြောင့် ရှောင်တိမ်းရန် နောက်ကျသွားခဲ့သည်။ ထို့နောက် သူ့ကိုယ်သူ ကာကွယ်နိုင်ရန် ဝတ်ရုံဖြူကို ဖြန့်ထုတ်လိုက်သည်။

လင်းဟွမ်သည် ပျံသန်းနေသော ဓားမြှောင် (၃၆၀) ခုကို ထိန်းချုပ်ရင်း ဓါးဖြူအဓိပတိ၏ မျက်နှာကို လှမ်းကြည့်ကာ ပြုံးပြလိုက်သည်။ ဝတ်ရုံဖြူက သူ့ကို ကာကွယ် ပေးထားသော်လည်း မျက်နှာက ပေါ်နေသေးသည်။

ဓါးဖြူအဓိပတိသည် သူ့မျက်နှာအား ထိုးဖောက်တော့မည့် ဓားမြှောင်များကို မြင်လိုက်လျှင် ထိတ်လန့်သွားသည် ။ ထိုစဉ် သူ့မျက်နှာပေါ်ရှိ အမာရွတ်က အက်ကွဲသွားပြီး မျက်နှာတစ်ခုလုံးပေါ်သို့ သွေးများ စီးကျလာသည်။ အမာရွတ်သည် ပေါက်ကွဲသွားပြီးနောက် သူ့အမာရွတ်များထဲမှ

ခေါ်ရည်များသည် လွင့်ထွက်သွားလာပြီး လင်းဟွမ်၏ ခေါ်မြှောင်များနှင့် မထိမိအောင် တားဆီးထားလိုက်သည်။

ဒါသည် ခေါ်ဖြူအဓိပတိ၏ အဆုံးစွန်သော လှုပ်ရှားမှု ဖြစ်ကြောင်း လင်းဟွမ် သိနေသည်။

လင်းဟွမ်သည် ခါးဖြူအဓိပတိ၏ မျက်နှာပေါ်မှ အမာရွတ်များကို သတိ ထားနေခဲ့ပြီး ထိုအမာရွတ်များသည် လူသားများ၏ ခါးကို စုပ်ယူနိုင်စွမ်းရှိကြောင်း မွန်းစတား စွယ်စုံကျမ်းထဲတွင် ဖတ်ခဲ့ဖူးသည်။ ခါးဖြူအဓိပတိကို အမဲလိုက်သူများ ပြန်အသတ်ခံရပြီးနောက် ၎င်းတို့၏ ခါးများကို စုပ်ယူထားခဲ့သည်။ ထို့နောက် ကျင့်ကြံမှုများကို

သူ့မျက်နှာအောက်တွင် သိမ်းဆည်းထားကာ အမာရွတ်များအဖြစ် ပြောင်းလဲသွားသည်။

ထိုအမာရွတ်များသည် ခါးဖြူအဓိပတိအတွက် ဂုဏ်သိက္ခာတစ်ခု ဖြစ်ရုံသာမက အသက်ကယ် စနစ်တစ်ခုလည်း ဖြစ်သည်။ ဒါသည် တစ်ခါသုံး တိုက်ခိုက်မှုမျှသာ ဖြစ်ပြီး ပစ်လွတ်လိုက်သည်နှင့် အမာရွတ်များ ပျောက်ကွယ် သွားသောကြောင့် နောက်တစ်ကြိမ် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။ အမာရွတ်တစ်ခု လျော့နည်းသွားသည့်အတွက် ခားဖြူအဓိပတိအတွက် ဂုဏ်သိက္ခာလည်း ကျဆင်းသွားခဲ့ပြီ။

သွေးစွန်းနေသော ဓားဖြူအဓိပတိ၏ မျက်နှာသည် ယခုအချိန်၌ ဒဏ်ရာများ ပြန်လည်ကောင်းမွန်လာပြီး မျက်နှာပေါ်တွင် အမာရွတ်များ မကျန်တော့ချေ။

ဓါးဖြူ အဓိပတိသည် လင်းဟွမ်၏ ဓားမြှောင်များကို တားဆီးပြီးနောက် ချက်ချင်း နောက်ဆုတ်သွားသည်။

သာမန် အခြေအနေများတွင် စိတ်ဝိညာဉ် တိုက်ခိုက်ရေးသမားများက အဝေးရောက်တိုက်ခိုက်မှုများကိုသာ အသုံးပြုလေ့ရှိပြီး အနီးကပ် တိုက်ခိုက်ခြင်းတွင် အားသာချက် မရှိပေ။ သို့သော်လည်း လင်းဟွမ်က အနီးကပ် တိုက်ခိုက်နေပြီး ဓားမြှောင်များက အဝေးမှ တိုက်ခိုက်နေခြင်းသာ.....

ဓါးဖြူ အဓိပတိသည် လင်းဟွမ်၏ စိတ်ဝိညာဉ် ဓားမြှောင်များနှင့် ပျာယာခတ်နေပြီး လင်းဟွမ် ကိုယ်တိုင်တိုက်ခိုက်သော ဓါးချက်အတွက် စိုးရိမ်ရန် အချိန်မရှိ ဖြစ်နေသည်။

လင်းဟွမ်က ဓါးဖြူအဓိပတိ၏ အတွေးကို သိနေပုံရသည်။ ဓါးဖြူ အဓိပတိနောက်သို့ မလိုက်ဘဲ ဓားမြှောင် (၃၆၀) နှင့် ဓါးဖြူအဓိပတိကို ဝိုင်းထားပြီး စပ်ဖြဲဖြဲ ပြုံးပြလိုက်သည်။ ဓားမြှောင် (၃၆၀) သည် ဓါးဖြူအဓိပတိကို အဝေး ထွက်မပြေးနိုင်စေရန် ကာကွယ်ဖို့သာ ရည်ရွယ်သည်။

ထိုအချိန်တွင် လင်းဟွမ်က သူ့လက်ထဲတွင် ကိုင်ထားသော ဓါးကို တိုးတိုးလေး ပြောလိုက်သည်။

ဓါးပေါ်ရှိ အပြာရောင် ကံကြမ္မာစွမ်းအားများသည် မီးတောက်များအဖြစ် ပြောင်းလဲကာ တောက်ပစွာ လောင်ကျွမ်းလာသည်။

ဓါးဖြူအဓိပတိသည် ထိုဓါးမှ တစ်ခုခု မူမမှန်ကြောင်း သတိထားမိပြီး ခြိမ်းခြောက်မှုကို ခံစားလိုက်ရသည်။ ၎င်း၏ တစ်မူထူးခြားသော စွမ်းရည်ကို ပထမဆုံးအကြိမ် ထုတ်သုံးရန် ကြိုးစားခဲ့သော်လည်း ဓါးမြှောင်များက လုံးဝ ပိတ်ဆို့ထားသဖြင့် အချိန်နှောင်းသွားခဲ့ပြီ။

" ဒီခါးကို လောင်မီးစီးကြောင်း ခါးသွားလို့ ခေါ်တယ်။ ငါ့ရဲ့ အစွမ်းထက်ဆုံး ဓားသိုင်းပဲ။ မင်းကို လေးစားပါတယ်။ ဒါကြောင့် မင်းကို ဂုဏ်ယူစွာနဲ့ သေနိုင်အောင် ငါ့အစွမ်း ပြပေးမယ်။ မင်းရဲ့ မီးစာအတွက်လည်း စိတ်မပူနဲ့။ အရက်ကွဲရမှာ မဟုတ်ဘူး။"

လင်းဟွမ်က မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိသောဓားနှင့် ခါးဖြူအဓိပတိ၏ မျက်ခုံးနှစ်ခုကြားကို ထိုးသွင်းလိုက်၏။

အခန်း(၆၇၈) - ခရမ်းရောင် မီးလျှံအဆင့် တက်လှမ်းခြင်း

လင်းဟွမ်သည် ဓါးဖြူအဓိပတိကို သတ်ဖြတ်ပြီးနောက် မွန်းစတားကတ် အပြည့်အစုံကို မရရှိခဲ့ဘဲ ထိုအစားကတ်အပိုင်းအစ တစ်ခုသာ ရရှိခဲ့သည်။

ဓါးဖြူအဓိပတိ၏ အလောင်းကို သိမ်းဆည်းပြီး ကိုင်လီကို ဆင့်ခေါ်လိုက်သည်။ ထို့နောက် ကိုင်လီ၏ ကမ္ဘာလေးထဲ ဝင်ရောက်ကာ မီးစာထုတ်ယူလိုက်သည်။

လင်းဟွမ်က ခါးသမားတစ်ယောက် ဖြစ်သောကြောင့် မီးစာက သူ့နှင့် လုံးဝလိုက်ဖက်နေပြီး မီးစာပေါင်းစည်းမှုကို အပြီးသတ်ရန် နာရီဝက်ခန့်သာ အချိန်ယူခဲ့ရသည်။

“ခါးနှလုံးသား ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲကို ကြည့်လိုက်ရာ ပထမဦးဆုံး ကံကြမ္မာစက်ဝိုင်းထဲတွင် အဖြူရောင်ခါးအရိပ်တစ်ခုကို တွေ့လိုက်ရသည်။ ခါးက အောက်ဘက်စိုက်ပြီး လေထဲ မျောနေသည်။ ထိုအရိပ်မှာ လက်မအရွယ်အစားမျှသာ ဖြစ်ပြီး အားနည်းပုံရကာ ပုံရိပ်ယောင်တစ်ခုကဲ့သို့ပင်....

ထို့နောက် လင်းဟွမ်က ခါးကျင့်စဉ် ကျင့်ကြံခြင်းများကို ထည့်သွင်းလိုက်ရာ စတင် အခြေခိုင်လာသည်။ အစပိုင်းတွင် အဆင့် (၁) ခါးတာအို ထည့်သွင်းလိုက်ရုံနှင့် အဖြူရောင် ခါးအရိပ်မှာ လက်မအရွယ်မှ တစ်မီတာအထိ ရှည်လျားလာသည်။ ရေခဲပြင်ပေါ်တွင် ထွင်းထုထားသော ခါးတိုလေး တစ်ချောင်းနှင့် တူနေသည်။

ပုံစံ ဖွဲ့စည်းပြီးသည်နှင့် ခါးနှလုံးသားက လင်းဟွမ်၏အဆင့် (၁) ခါးတာအို ထည့်သွင်းမှုကို ငြင်းပယ်တော့သည်။

ထို့နောက် လင်းဟွမ်က အဆင့် (၂) ခါးတာအိုကို ထည့်သွင်းလိုက်သည်။

ခါးတိုလေးသည် အစိမ်းရောင် ပြောင်းလာကာ ဆက်လက် ကြီးထွားလာသည်။ (၁၀) မီတာထိ ရှည်ထွက်လာပြီးနောက် အထွတ်အထိပ် ရောက်သွားကာ လုံးဝ စိမ်းသွားသည်။

ယခုအခါ၌ ခါးနှလုံးသားသည် အဖွားထံမှ အမွေရထားသော အစိမ်းရောင် ကျောက်စိမ်းတုံးကြီးနှင့်ပင် တူနေသည်။

မကြာခင် လင်းဟွမ်သည် အဆင့် (၃) ခါးတာအိုကို စတင် ထည့်သွင်းလိုက်သည်။ ထို့နောက် ခါးနှလုံးသားမှာ

အပြာရောင် ပြောင်းလာပြီး နောက်ဆုံး၌ မီတာရာနှင့်ချီ ရှည်လျားသော အပြာရောင် ရေခဲတောင်ကြီး တစ်ခုလို ဖြစ်လာသည်။

ထို့နောက် လင်းဟွမ်က အဆင့် (၄) ခါးတာအိုကို ထည့်သွင်းလိုက်သည်။ အပြာရောင် ခါးနှလုံးသားသည် ခရမ်းရောင် ပြောင်းသွားပြီး မီတာတစ်ထောင်အထိ ရှည်ထွက်လာပြီးနောက် ရပ်တန့်သွားသည်။ ယခုအခါ ကံကြမ္မာစက်ဝိုင်းထဲတွင် ခရမ်းရောင် သလင်းကျောက်နှင့် ပြုလုပ်ထားသော တောင်တစ်လုံးနှင့်ပင် တူနေသည်။

လင်းဟွမ်သည် လက်တွေ့ကမ္ဘာထဲသို့ ပြန်ထွက်ရန် လုပ်လိုက်စဉ် ဓါးနှလုံးသားမှ ခရမ်းရောင်အလင်းများ ဖြာထွက်လာသည်။

ထိုအလင်းများသည် ကံကြမ္မာစက်ဝိုင်း တစ်ခုလုံးကို ပြည့်လျှံသွားပြီး ဒုတိယ၊ တတိယ.. ဆယ်ခုမြောက် ကံကြမ္မာစက်ဝိုင်း အထိ ပျံ့နှံ့သွားသည်။ လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ နေရာတိုင်းတွင် ခရမ်းရောင်အလင်းများ ဖုံးလွှမ်းနေသည်။

ခရမ်းရောင်အလင်းများ မှေးမှိန်မသွားခင် လင်းဟွမ်၏ ခရမ်းရောင် ဓါးတောင်မှ ပြာလဲ့လဲ့ တောက်ပလာပြီး

လင်းဟွမ် ရရှိထားသော ဓါးစွမ်းရည်ကတ် အားလုံးကို တွေ့လိုက်ရသည်။

လင်းဟွမ်သည် ထိုအရာအားလုံးကို မြင်လိုက်လျှင် ရင်ခုန်သံများ မြန်ဆန်လာသည်။ ထို့နောက် အကဲဖြတ်ကတ်ကို ချက်ချင်း ကြည့်လိုက်သည်။ ကံကောင်းထောက်မစွာနှင့် သူ၏ စွမ်းရည်ကတ် အားလုံးက နဂိုအတိုင်း ရှိနေဆဲပင်။

လင်းဟွမ် သင်ယူထားသော ဓါးကျင့်စဉ် တစ်ထောင်ကျော်နှင့် ကြယ်တာရာလိပ်ခုံး အပါအဝင် အားလုံးကို ဓါးတောင်တန်းက ဆွဲယူသွားသည်။

မကြာခင် တောင်ထိပ်ပေါ်တွင် ခါးရှည်မျိုးစုံ ပေါ်လာပြီး တစ်ထောင်ကျော် ရှိသည်။

ထို့နောက် လင်းဟွမ်သည် ခါးများက အစစ်အမှန် မဟုတ်ကြောင်း သိလိုက်ရသည်။ ဒါသည် ခါးကျင့်စဉ်များကို ရည်ညွှန်းခြင်းပင်။ တောင်ထိပ်ပေါ်တွင် ခါးသွားများ ဖွဲ့စည်းပြီးသည်နှင့် ရှောင်ဖိန်က ခါးတောင်ထိပ်တွင် ပေါ်လာသလို လင်းဟွမ် ခန္ဓာကိုယ်ထဲတွင် နက်ရှိုင်းစွာ ဖုံးကွယ်နေသော စာမျက်နှာတစ်ခု ခါးကျမ်းလည်း ပေါ်လာသည်။

လက်ဖဝါးအရွယ်မျှ ရှိသော စာမျက်နှာတစ်ခု ခါးကျမ်းသည် ကြီးထွားလာပြီး မကြာခင် တောင်ထိပ်တစ်ခုလုံးကို ဖုံးအုပ်သွားသည်။

လင်းဟွမ်က အဖြစ်အပျက်ကိုကြည့်ပြီး အဖြေရှာရန် ကြိုးစားနေစဉ် စာမျက်နှာတစ်ခု ခါးကျမ်းက ရွှေရောင် တောက်ပလာပြီး ခါးတောင်တန်း တစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့ပြီ။

ရွှေရောင်အလင်းရောင်များ တောက်ပမှုအောက်တွင် ခရမ်းရောင် သလင်းကျောက် ခါးတောင်တန်းက ပြင်းထန်စွာ တုန်ခါလာပြီး အက်ကွဲလာသည်။

လင်းဟွမ်သည် စစချင်းတွင် ထိတ်လန့်သွားသော်လည်း စိတ်ထဲ၌ ခံစားချက် တစ်ခုပေါ်လာသည်။ ထိုအရာများ ကွဲအက်သွားသည့်အချိန်တွင် သူ့ခေါင်းထဲ၌ မြူခိုးများ ရှင်းလင်းသွားသလို အရာအားလုံး ရှင်းလင်းလာသည်။

ဓါးကျင့်စဉ် တစ်ထောင်မှာ သူ့ရှေ့တွင် ပြသနေသော ဗီဒီယိုရုပ်ရှင်ကားနှင့် တူနေပြီး ကျင့်စဉ်အားလုံးက သက်ဆိုင်ရာ ဓါးကျင့်စဉ်များကို လေ့ကျင့်နေသည့် ဇာတ်ဝန်ခန်းကို ထပ်ခါတလဲလဲ ပြသနေသည်။ သို့သော်လည်း ရှုပ်ထွေးခြင်း လုံးဝ မရှိပေ။

ဆန့်ကျင်ဘက်အနေဖြင့် တစ်ခုချင်းစီကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

မကြာခင် ဓါးတောင်တန်း စတင် ပြိုကျလာသည်။

လင်းဟွမ်သည် သူ့ရှေ့က မျက်နှာပြင်များကို အာရုံစိုက်နေသဖြင့် ဓါးတောင်တန်း၏ အပြောင်းအလဲကို သတိမထားမိ လိုက်ချေ။ ဓါးတောင်ထိပ် အက်ကွဲသွားသောအခါ အတွင်းပိုင်းမှ ငွေရောင်အလွှာ တစ်ခု ပေါ်လာသည်။ ကြီးထွားလာသည်နှင့်အမျှ ခရမ်းရောင် သလင်းကျောက်များက ပို၍ ပြိုကျလာသည်။

ဓါးတောင်ထိပ်ပေါ်တွင် ခရမ်းရောင် သလင်းကျောက်များ ပြုတ်ကျ၍

ပျောက်ကွယ်လာသည်နှင့်အမျှ ငွေရောင်များ ပိုမို ထွက်ပေါ်လာသည်။ အစပိုင်းတွင် ငွေရောင် သုတ်လိမ်းထားသကဲ့သို့ ထင်ရသော်လည်း ခရမ်းရောင် သလင်းကျောက်များ လုံးဝ ကုန်သွားသောအခါ လုံးဝ ငွေရောင် ဖြစ်သွားသည်။ အမြင့် မီတာ (၁,၅၀၀) အထိ ရောက်သောအခါ ကြီးထွားမှု ရပ်တန့်သွား၏။

လင်းဟွမ်သည် နောက်ဆုံး မျက်နှာပြင်ကို ကြည့်ပြီးနောက် ဓါးတောင်တန်းကို ကြည့်လိုက်ရာ ယခုအခါ လုံးဝ ငွေရောင်ဖြစ်နေကြောင်း သတိထား လိုက်မိသည်။ ယခုအခါ၌ လင်းဟွမ်သည် အကာအကွယ်ချိုးဖျက်ခြင်း ဟူသော ဓါးတာအို အဆင့်

(၅)ကို မရောက်သေးသော်လည်း ခါးတာအိုအဆင့် (၄)အထွတ်အထိပ်သို့ ရောက်နေပြီး အချိန်မရွေး အဆင့်တက်လှမ်း နိုင်နေပြီး ခဏလေးအတွင် ဤကဲ့သို့ ဖြစ်ပျက်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

အသွင်ပြောင်းပြီးသည်နှင့် တစ်ပြိုင်နက် စာမျက်နှာတစ်ခု ခါးကျမ်းသည် မူလအရွယ်အစားဖြစ်သော လက်ဖဝါး အရွယ်အစားအထိ ပြန်ကျုံ့သွားကာ ယခင်က ဘာမှမဖြစ်ခဲ့သလို ပြန်ဖြစ်သွားသည်။

“ကျေးဇူးတင်ပါတယ်..”

လင်းဟွမ်သည် စာမျက်နှာတစ်ခု ခါးကျမ်း မထွက်သွားခင် အော်ပြောလိုက်သည်။ ကြားလား၊ မကြားဘူးလား ဆိုသည်ကို သူ မသိပေ။

လင်းဟွမ်သည် လက်တွေ့ကမ္ဘာထဲ ပြန်ရောက်ပြီးနောက် သူ့ခန္ဓာကိုယ်ကို ကြည့်လိုက်ရာ ရုပ်ရော၊ စိတ်ရော ပို၍ ကြံ့ခိုင်လာကြောင်း တွေ့လိုက်ရသည်။ သူ၏ ကံကြမ္မာစက်ဝိုင်း ဆယ်ခုထဲတွင်(၄) ခုမြောက် ကံကြမ္မာမီးလျှံ ပေါ်လာသည်။ ကံကြမ္မာမီးလျှံ လေးခုလုံးမှာ အပြာရောင်မှ ခရမ်းရောင် ပြောင်းသွားကြသည်။ ယခုအခါ၌သူ၏ ကံကြမ္မာစက်ဝိုင်းများသည် ခရမ်းရောင် ဖြစ်နေခဲ့ပြီ။

လင်းဟွမ်သည် ခရမ်းရောင် မီးလျှံအဆင့်ကို တရားဝင် ရောက်ရှိသွားခဲ့ပြီ။

ဆင့်ခေါ်မွန်းစတား အားလုံး၏ တိုက်ခိုက်ရေး အဆင့်မှာလည်း အင်မော်တယ် အဆင့် (၂) မှ အင်မော်တယ် အဆင့် (၃) ကို အလိုလို အဆင့်တက်သွားသည်။

လင်းဟွမ်သည် လက်တွေ့ကမ္ဘာထဲ ပြန်ရောက်သောအခါ နောက်တစ်နေ့ မနက် ဖြစ်နေကြောင်း သိလိုက်ရသည်။

အသွင်ကူးပြောင်းမှု ပြီးမြောက် အောင်မြင်စေရန် တစ်ရက်နီးပါး အချိန်ယူခဲ့ရပြီး အချိန်ကုန်၍

ကုန်သွားကြောင်း မသိခဲ့ချေ။ ကိုင်လီ၏ ကမ္ဘာလေးထဲမှ ထွက်ခွာပြီး အမည်မသိကျွန်းကို ပြန်ရောက်သောအခါ မနက် (၈) နာရီ ကျော်နေပြီ။

နေက အခုမှ ထွက်လာသည်။

လင်းဟွမ်သည် လူသူကင်းမဲ့နေသော ကျွန်းပေါ်မှ ချက်ခြင်း ထွက်ခွာရမည့်အစား ပိုင်၊ အာဏာရှင်နှင့် ကျန်သည့်မွန်းစတားများကို ခေါ်ပြီး ကျွန်းပေါ်တွင် သတ်ဖြတ်မှု စတင်လိုက်သည်။

တတိယမြောက်နေ့ မနက်တွင် လင်းဟွမ်၏ ကံကြမ္မာစွမ်းအားများ ပြည့်လျှံနေပြီး ခန္ဓာကိုယ်အတွင်းရှိ စတုတ္ထမြောက် ကံကြမ္မာမီးလျှံမှာ မီတာ (၅၀) အထိ

လောင်ကျွမ်းနေသည်။ အဆင့်ကျော် သတ်ဖြတ်မှု (၁၀)ကြိမ်ကိုလည်း ပြီးမြောက် အောင်မြင်ခဲ့သည်။ ဆုလာဘ်နှစ်ဆကတ်ကို အသုံးပြုခဲ့သဖြင့် ကံစမ်းမဲကတ် (၆၀၀) ရရှိထားသည်။

မွန်းစတားအားလုံးကို ပြန်သိမ်းပြီးနောက် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။

အခန်း(၆၇၉) - ချန်းသွမ်ထံမှ သတင်း

လင်းဟွမ်သည် ဖယ်ရှားခြင်းမြို့ မှောင်ခိုစျေးကွက်ထဲတွင် မွန်းစတားအလောင်း အားလုံးကို ရောင်းချပြီးနောက် ငွေအနည်းငယ် ရရှိကာ ငြိမ်းချမ်းရေးသမုဒ္ဒရာဘေးရှိ ဗစ်တိုးရီးယားမြို့ (Sea View) ဟိုတယ်အခန်းကို နေရာကူးပြောင်းခြင်း ခါတ်ကြွင်းမှတစ်ဆင့် ပြန်လည် ရောက်ရှိလာခဲ့သည်။

ဖယ်ရှားခြင်းမြို့တွင် တစ်လကျော်ကြာအောင် နေခဲ့သောကြောင့် ပတ်ဝန်းကျင် အပြောင်းအလဲ လုပ်ချင်သည်။ ထို့ကြောင့် ကမ်းခြေဖြစ်သော

ဗစ်တိုးရီးယားမြို့ကို ရွေးချယ်ခြင်းက အကောင်းဆုံး ရွေးချယ်မှုပင် ။

လင်းဟွမ်သည် ဗစ်တိုးရီးယားမြို့တွင် အခြေချ နေထိုင်စဉ် ဟိုတယ်အခန်းထဲတွင် တစ်နေကုန် အခန်းအောင်းပြီး လေ့ကျင့်မှုကို ပြန်လည် စတင်ခဲ့သည်။

သူ၏ တိုက်ခိုက်ရေးအဆင့်နှင့် စိတ်ဝိညာဉ်ခွန်အား ကန့်သတ်ချက် ရှိနေသောကြောင့် အစောပိုင်းတွင် အသိစိတ်အာရုံ လှိုင်းများ ထပ်မံ ခွဲထုတ်ရန် ကျရှုံးခဲ့သဖြင့် စိတ်စွမ်းအား လေ့ကျင့်ခြင်းကို ရပ်တန့် ခဲ့သည်။

အဆင့်တက်လာ ပြီးကတည်းက စပ်ကြောင်းမဲ့ ကျင့်စဉ်ကို ဆက်လက် လေ့ကျင့်နေခဲ့သည်။

တစ်ရက် လေ့ကျင့်ပြီးနောက် စိတ်ဝိညာဉ်လှိုင်း အရေအတွက်မှာ (၈,၀၀၀) မှ (၉,၀၀၀) အထိ တိုးမြင့်လာခဲ့သော်လည်း နောက်တစ်ကြိမ် ပိတ်မိ နေပြန်သည်။ ထို့နောက် နောက်တစ်နေ့တွင် ခါးတာအိုကို စတင် လေ့ကျင့်လိုက်သည်။ ဤတစ်ခါတွင် သူ့အရှိန်က သိသိသာသာ နှေးကွေးသွားသည်။

သူသည် ခါးတာအို အဆင့် (၅) ဖြစ်သော အကာအကွယ် ချိုးဖျက်ခြင်း အဆင့်ကို

ရောက်ရှိခဲ့သော်လည်း တစ်သားတည်းအဆင့် ကျင့်စဉ်များကို သင်ယူရာတွင် နှေးကွေးနေဆဲပင် ။

အစောပိုင်းတွင် လျှပ်တစ်ပြတ်အဆင့်ကို လေ့ကျင့်စဉ်က ကတ်အပိုင်းအစ တစ်ထောင် ရရှိရန် လေ့ကျင့်မှု သုံးကြိမ်သာ ပြုလုပ်ခဲ့ရပြီး ပြီးပြည့်စုံသော စွမ်းရည်ကတ်တစ်ခု ရရှိသည်။ သင်ကြားရေး ဗီဒီယိုများကို အချိန်ပေး ကြည့်ရှုခြင်း အပါအဝင် ပြီးပြည့်စုံသော စွမ်းရည်ကတ် တစ်ခု ရရှိရန် မိနစ်နှစ်ဆယ်သာ ကြာမြင့်ခဲ့သည်။

ယခုမူ လင်းဟွမ်သည် တစ်သားတည်းအဆင့် ကျင့်စဉ်များကို နှစ်နာရီမှ သုံးနာရီကျော် ကြာအောင်

ကြည့်ရှုပြီးနောက် ကတ်အပိုင်းအစ (၂၀) မှ (၃၀) အတွင်းသာ ရရှိနေခဲ့သည်။ တစ်ခါတလေ ကတ်အပိုင်းအစ (၁၀) ပြားထက်ပင် ပိုနည်းတတ်သေးသည်။ ဓါးကျင့်စဉ် တစ်ခုအတွက် ပြီးပြည့်စုံသော ကတ်တစ်ခု ရရှိရန် ကတ်အပိုင်းအစ သောင်းနှင့်ချီလိုအပ်ပြီး အများစုမှာ ကတ်တစ်ခု ဖန်တီးရန်အတွက် ကတ်အပိုင်းအစ တစ်သောင်းခွဲ လိုအပ်သည်။

လင်းဟွမ်သည် အကြိမ်ရာပေါင်းများစွာ လေ့ကျင့်ခဲ့ရပြီး စွမ်းရည်ကတ်တစ်ခု ရရှိရန် တစ်နေကုန် အသုံးခဲ့ရသလို တစ်ခါတလေ နှစ်ရက် ကုန်ဆုံးခဲ့သည်။

“နေးလွန်းတယ်... ခါးကျင့်စဉ်က (၇၀၀) ကျော်ရှိတယ်... တစ်နေ့လုံးနေမှ တစ်ခုပဲ တတ်မယ်ဆိုရင် အားလုံး တတ်မြောက်ဖို့ နှစ်နှစ်လောက် အချိန်ယူနေရမယ်”

လင်းဟွမ်သည် ရက်အနည်းငယ်ကြာအောင် လေ့ကျင့်ပြီးနောက် ဤနည်းလမ်းက အလုပ်မဖြစ်ဘူးဟု တွေးလိုက်မိသည်။ သို့သော်လည်း ပိုမိုကောင်းမွန်သော အဖြေ မရှိသောကြောင့် ဆက်လက် လေ့ကျင့်နေခဲ့သည်။

ခါးကျင့်စဉ် တတ်မြောက်မှုက နှေးကွေးသွားကြောင့် သူ၏ ခါးတာအို အဆင့်တက်မှုကလည်း နှေးကွေးသွားခဲ့သည်။

လင်းဟွမ်သည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ပျင်းရိဖွယ်ကောင်းသော အရှိန်နှင့် လေ့ကျင့်နေခဲ့သည်။

တစ်ညဥ့် ည (၁၀) နာရီခန့်တွင် လင်းဟွမ် ခါးသိုင်းလေ့ကျင့်နေစဉ် အင်ပါယာနှလုံးသား လက်စွပ် တုန်ခါလာသည်။

ချန်းသွမ်ထံမှ ဖြစ်ကြောင်း သိလျှင် ချက်ချင်း ဖုန်းကိုင်လိုက်သည်။

"ဝိုး... မင်း ပါရမီရှင်သမဂ္ဂထဲ နောက်ဆုံးအကြိမ် ဝင်ခဲ့တာ တစ်လကျော်နေပြီ..."

ဗီဒီယိုဖုန်း ချိတ်ဆက်သွားသည်နှင့် ချန်းသွမ်က လင်းဟွမ်ကို ပြုံးပြီးပြောလိုက်သည်။

“တစ်လလောက် ရှိနေပြီ ထင်တာပဲ...”

လင်းဟွမ်သည် ပြက္ခဒိန်ကို ပြန်ကြည့်လိုက်ရာ ဇူလိုင်လ (၂၉) ရက်နေ့ ဖြစ်နေကြောင်း သိလိုက်ရသည်။

“မနက်ဖြန်ဆိုရင် ဇွန်လရဲ့ နောက်ဆုံးနေ့ပဲ။ မင်းကြယ်လမ်းစ ဉ် သစ်ပင်ပေါ် ထပ်တက်ဦးမှာလား...”

ချန်းသွမ်က မေးလိုက်သည်။

“ထားလိုက်ပါ။ နောက်ထပ် စစ်ဆေးရေးဂိတ် နှစ်ခုကို ဖြတ်ကျော် နိုင်ခဲ့ရင်တောင် (၆၃) ခုမြောက် စစ်ဆေးရေးဂိတ်ကို မရောက်တော့ အဓိပ္ပာယ် မရှိဘူး”

“ဘာပဲဖြစ်ဖြစ် လစဉ် ဆုကြေးကတော့ စိတ်ဝင်စားစရာပဲ...”

လင်းဟွမ်က ခေါင်းခါလိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင်မှ လစဉ်ဆုလာဘ်များကို လင်းဟွမ် စိတ်မဝင်စားချေ။

“မင်း... ပါရမီရှင်သမဂ္ဂထဲ မဝင်တာ အဆင်ပြေတယ်။ ဒါပေမယ့် သုံးလ ဆက်တိုက် မဝင်ရင်တော့ မင်းအကောင့်ကို ယာယီ ပိတ်သိမ်းလိမ့်မယ်။ အဲ့ဒီနေရာမှာတော့ ပြဿနာ ရှိတယ်နော်။ တကယ်လို့ မင်းက ပြန်လည်လျှောက်ထားမှု မလုပ်ရင် အပြီးတိုင် ရုတ်သိမ်းလိမ့်မယ်။ တကယ်လို့ မင်းက (၆) လကြာအောင်

အကောင့်ထဲ မဝင်ဖြစ်ရင် လျှောက်လွှာတင်ဖို့အတွက် အဖွဲ့အစည်းရဲ့ ညွှန်ကြားရေးမှူးကို လိုအပ်လိမ့်မယ်။ တကယ်လို့ တစ်နှစ်အတွင်း အကောင့်ထဲ မဝင်ခဲ့ရင် အင်ပါယာနှလုံးက မင်းကို နာမည်ပျက်စာရင်းထဲ သွင်းလိမ့်မယ်...”

ချန်းသွမ်က သူ့ကို သတိပေးလိုက်သည်။

“သေသွားတဲ့ လူတစ်ယောက်အတွက် အရင်းအမြစ်တွေ မဖြုန်းတီးဖြစ်အောင် ဒီလို လုပ်တယ်ဆိုတာ ငါ သိပါတယ်။ အင်ပါယာ နှလုံးသားက လူတစ်ယောက်က သုံးလထက်ပိုပြီး

အကောင့်ထဲ မဝင်ရင် ပျောက်ဆုံးလူအဖြစ် သတ်မှတ်လိမ့်မယ်...”

လင်းဟွမ်သည် ဤအကြောင်းနှင့် ပက်သက်၍ ယခင်က ယောင်လန်းထံမှာ အတည်ပြုထားခဲ့သည်။

“ဒါအမှန်ပဲဟေ့။ သုံးလ မပြည့်ခင် အကောင့်ထဲ ဝင်ဦးနော်”

“အို... ဟုတ်ပြီ။ စောစောက မေးခဲ့တဲ့ ထူးခြားဆန်းကြယ် မျိုးစေ့နဲ့ ပတ်သက်ပြီးတော့ သတင်းအသစ်တွေ ရှိသေးလား။ ရက်ပေါင်း ၂၀ လုံးလုံး ကံကြမ္မာစွမ်းအား ထည့်ခဲ့ပေမယ့် ဘာမှ မဖြစ်လာဘူး။ အသက်သွင်းလို့လည်း မရဘူး”

လင်းဟွမ်က အမှန်တရားကို မဖုံးကွယ်ထားချင်ပေ။

ချန်းသွမ်က သူ့ကို ကာကွယ်ပေးရန်အတွက် တင်ထားသော မှတ်ချက်ကို ကြည့်ခြင်းအားဖြင့် သူယုံကြည်ရသော မိတ်ဆွေတစ်ယောက်ဟု သိလိုက်ရသည်။

“မင်းရဲ့ ကံကြမ္မာစွမ်းအား အရမ်းနိမ့်နေလို့ ဖြစ်နိုင်တယ်”

ချန်းသွမ်က တွေးတောပြီးနောက် ကောက်ချက် ချလိုက်သည်။

“ဒါဆိုလည်း သိမ်းထားလိုက်မယ်။ အင်မော်တယ် အဆင့်ရောက်မှ ထပ်စမ်းကြည့်မယ်...”

“ဘာဖြစ်လို့ စိတ်စွမ်းအားတို့၊ တာအိုတို့ ထည့်ကြည့်ဖို့ မစဉ်းစားတာလဲ။ စမ်းကြည့်ပါလား။ အခဲ့ဒါက ကံကြမ္မာစွမ်းအား တစ်မျိုးတည်းနဲ့ပဲ အလုပ်ဖြစ်တာ မဟုတ်ဘူးလို့ ငါ ကြားဖူးတယ်။ တခြားစွမ်းအင်တွေလည်း ထည့်သွင်းနိုင်တယ်...”

ချန်းသွမ်က အကြံပေးသည်။

“စွမ်းရည် နောက်တစ်မျိုးလား...”

လင်းဟွမ်သည် ဓါးတာအိုအကြောင်း တွေးလိုက်မိသည်။ အကယ်၍ ဓါးတာအိုကို ထည့်သွင်း၍ ရမည်ဆိုပါက သူ၏ကျင့်ကြံမှုအတွက် အကျိုးရှိမည်လော။

“နောက်မှ စမ်းကြည့်လိုက်အုံးမယ်...”

လင်းဟွမ်က ပြန်ဖြေလိုက်သည်။

“ပါရမီရှင်သမဂ္ဂထဲ မဝင်လို့ သတိပေးတဲ့အပြင် ငါ့ကို ရှာရတဲ့ တခြား အကြောင်းပြချက် ရှိသေးလား...”

“ရှိတယ်။ ဒါပေမယ့် မင်း အားလား၊ မအားဘူးလား အပေါ်မှာ မူတည်တယ်...”

ချန်းသွမ်က ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

“ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်က အရမ်း နိမ့်နေလို့ အဓိထားပြီး လေ့ကျင့်နေတာ။ အင်မော်တယ်အဆင့်ကို တတ်နိုင်သမျှ အမြန်ဆုံး ရောက်ချင်တယ်။

ဒါပေမယ့်တိတိကျကျ ပြောရမယ်ဆိုရင် အလုပ်ရှုပ်နေတာတော့ မဟုတ်ဘူး။ အချိန်နည်းနည်းတော့ ပေးလို့ရတယ်”

“အဖွဲ့ခွဲ (၃) နဲ့ မဝေးတဲ့နေရာမှာ ဟင်းလင်းပြင်အပျက်အစီး အသစ် တစ်ခုကို လူတစ်ယောက်က တွေ့ခဲ့တယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က အခုရက်ပိုင်းအတွင်းမှာ အဲ့ဒီ ဟင်းလင်းပြင်အပျက်အစီးကို တရားဝင် ဖွင့်လှစ်မယ်လို့ ကြားထားတယ်။ နောက်ပြီးတော့ ဟင်းလင်းပြင်အပျက်အစီးကို သန့်ရှင်းမီးလျှံအဆင့်နဲ့

အင်မော်တယ်အဆင့်တွေ အတွက်ပဲ ဖွင့်လှစ်ပေးမယ်လို့ ကြားတယ်”

“အဖွဲ့ (၃) ရဲ့ ပြည်ထောင်စုအစိုးရက အဖွဲ့ခွဲ (၁) နဲ့ အဖွဲ့ခွဲ (၂) က လူတွေကို ဝင်ခွင့် မပေးဘူးလို့လဲ ကြေညာထားတယ်။ အဖွဲ့ခွဲ (၃) က လူတွေအတွက်ပဲ ဖွင့်လှစ်ပေးလိမ့်မယ်။ ကောင်းကင်ဘုံမဟာမိတ် အဖွဲ့က ဝင်ခွင့်နေရာ (၃၀) လျှောက်ထားဖို့ စီစဉ်ထားတယ်။ တကယ်လို့ မင်းစိတ်ပါရင် မင်းကို ထည့်လိုက်မယ်”

“လူ (၃၀) ပဲလား...”

လင်းဟွမ်သည် ခွဲတမ်းက တော်တော်လေး နည်းသည်ဟု ထင်သည်။

“အဖွဲ့ခွဲ (၁) နဲ့ အဖွဲ့ခွဲ (၂) မှာရှိတဲ့ အဖွဲ့တွေအားလုံးက နေရာ (၃၀) စီပဲ ရတယ်။ ဒါကိုလည်း အဖွဲ့ခွဲ (၃) ပြည်ထောင်စု အစိုးရက သတ်မှတ်ပေးတာပဲ”

ချန်းသွမ်က ပြုံးပြီး ပြောလိုက်သည်။

“ဒီလောက်ဆိုရင် ကောင်းကင်ဘုံမဟာမိတ် အဖွဲ့အတွက်က လုံလောက်နေပါပြီ။ အဖွဲ့ခွဲ (၃) မှာလည်း အဖွဲ့ဝင်တွေ အများကြီး မရှိဘူးလေ။ ငါတို့မှာ မင်းပါမှ လူ(၂၃) ယောက်ပဲရှိတော့ နေရာလွတ် အတွက် (၇) ယောက် ကျန်သေးတယ်”

“အဖွဲ့ခွဲ (၁) နဲ့ အဖွဲ့ခွဲ (၂) က ဝင်ရောက် စွက်ဖက်ခွင့် မရှိဘူးလို့ ပြောခဲ့တယ် မဟုတ်လား...”

လင်းဟွမ် မျက်ခုံးပင့်လိုက်သည်။

“ပါရမီရှင်သမဂ္ဂရဲ့ အဓိကအဖွဲ့တွေ မသွားနိုင်အောင် တားဆီးဖို့အတွက် သူတို့ပြောခဲ့တာ ဖြစ်နိုင်တယ်။ တကယ်လို့ အဓိက အဖွဲ့ဝင်တွေသွားရင် အဖွဲ့ခွဲ (၃) က အင်မော်တယ်အဆင့် လုံးဝ မရပ်တည်နိုင်ဘူးလို့ ယူဆတာလည်း ဖြစ်နိုင်တယ်။ လျှောက်ထားတဲ့ လူတွေက အစွမ်းအရမ်းထက်တဲ့လူတွေ မဖြစ်စေချင်လို့ နာမည်အပြည့်အစုံ ထည့်သွင်းပေးဖို့ လိုတယ်။ အဲဒီအထဲမှာ နတ်ဘုရား တစ်ပိုင်းတွေလည်း ပါမယ်။ သူတို့ထဲက ဘယ်သူကိုမှ ပေးမဝင်ထားဘူး...”

နတ်ဘုရားတစ်ပိုင်း ဟု ကြားလိုက်သည်နှင့် လင်းဟွမ်၏ နှလုံးခုန်သံများ မြန်ဆန်သွားသည်။ သူ ရုပ်ဖျက်ထားသည်ကို နတ်ဘုရားတစ်ပိုင်း မဆိုထားနှင့် အင်ပါယာအဆင့်ပင် ကောင်းစွာ မြင်နိုင်သည်။ သို့သော်လည်း သူထံတွင် လှည့်စားခြင်းကတ် လေးခု ရှိသေးကြောင်း ပြန်သတိရသွားပြီး အနည်းငယ် စိတ်သက်သာရာ ရသွားသည်။

“ငါ့အပြင် ဘယ်သူတွေ သွားမှာလဲ”

လင်းဟွမ်က မေးလိုက်သည်။

“အဖွဲ့ခွဲ (၃) က လူများမယ်။ နောက်ပြီးတော့ မင်းအပြင် ဌာနချုပ်က လူတချို့လည်း ပါမယ်။

အင်မော်တယ် အဆင့် (၇)နဲ့ အဆင့် (၈) တွေလည်း ပါမယ်။ အင်မော်တယ် အဆင့် (၉) ကတော့ တစ်ယောက်ပဲ ပါမယ်။ အဖွဲ့ခွဲ (၃) ကနေ အင်မော်တယ်အဆင့် (၉) နှစ်ယောက်။ သုံးယောက်ဆို လုံလောက်ပါပြီ။ ဒီလိုမှ မဟုတ်ရင် ငါတို့ရဲ့ စစ်ဆင်ရေး ကျရှုံးသွားမှာ ကြောက်တယ်”

ချန်းသွမ်က ရှင်းပြသည်။

“တခြား အဖွဲ့အစည်းတွေကရော ဘယ်လိုလဲ...”

လင်းဟွမ်က မေးလိုက်သည်။

“ဟောင်မဟာမိတ်အဖွဲ့နဲ့ ထန်မဟာမိတ်အဖွဲ့က ငါတို့နဲ့ အတူတူပဲ။ ဒါပေမယ့် အဖွဲ့ခွဲ (၃) မှာရှိတဲ့ ဒေသခံ

အဖွဲ့အစည်းတွေ အကြောင်းတော့ ငါ သိပ်မသိဘူး။ သေချာတာတော့ အဖွဲ့ခွဲ (၃) မှာ ရှိတဲ့ အင်မော်တယ်အဆင့် စီနီယာ တော်တော်များများ ပါမယ်ဆိုတာ သေချာတယ်။ ပါရမီရှင်သမဂ္ဂကနေ အငြိမ်းစား ယူထားတဲ့သူနဲ့ အဆင့်မတက်ရသေးတဲ့ အင်ပါယာအဆင့်တွေ ပါလိမ့်မယ်။ သူတို့ဘက်မှာ အင်မော်တယ်အဆင့် အထွတ်အထိပ် ပါရမီရှင် သုံးယောက် ရှိတယ်။ တခြားအဖွဲ့အစည်းတွေ အကြောင်းတော့ ငါ မသိပေမယ့် ပြိုင်ဆိုင်မှုကတော့ ပြင်းထန်လိမ့်မယ်”

“ဒါဆိုလည်း ကောင်းပြီလေ... ငါ့ကို ထည့်တွက်လိုက်”

လင်းဟွမ်သည် ခဏမျှ တိတ်ဆိတ်သွားပြီးနောက် ပါဝင်ရန်အတွက် ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

“ဟုတ်ပြီလေ။ မင်းလျှောက်လွှာကို အတည်ပြုပြီးရင် အသေးစိတ် ပြန်ပြောပေးမယ်။ ဒီရက်ပိုင်းအတွင်း မင်းဘာသာမင်း ပြင်ဆင်ထားလိုက်”

ချန်းသွမ်သည် ကျန်သည့် လူများကို အကြောင်းကြားရန် ကျန်သေးသောကြောင့် ဖုန်းချသွားသည်။

“ဖရိုဖရဲဖြစ်နေတဲ့ ဟင်းလင်းပြင် အပျက်အစီး...”

လင်းဟွမ်သည် ထိုအကြောင်း တွေးရင်း စိတ်လှုပ်ရှားသွားသည်။ ဘေးကင်းရေးဇုန် မှလွဲ၍

မည်သည့်နေရာမှ မထွက်ခွာဖူးသေးပေ။ ဒါသည် ဘေးကင်းရေးဇုန် အပြင်ဘက်မှ သူ သွားရောက်ရမည့် ပထမဦးဆုံး ဖရိုဖရဲ ဟင်းလင်းပြင် အပျက်အစီးပင် ။

အခန်း(၆၈၀) - ထူးခြားဆန်းကြယ် မျိုးစေ့ ပေါက်လာခြင်း။

လင်းဟွမ်သည် ချန်းသွမ်ထံမှ သတင်းကြားပြီးနောက် မှောင်ခိုဈေးကွက်နှင့် ပါရမီရှင်သမဂ္ဂ ဖိုရမ်ထဲတွင် ဤသတင်းက ခေါင်းကြီးပိုင်း သတင်းတစ်ခု ဖြစ်လာကြောင်း သတိထား လိုက်မိသည်။

အဖွဲ့ခွဲ (၁) နှင့် အဖွဲ့ခွဲ (၂) မှ ပါရမီရှင်သမဂ္ဂ အဖွဲ့ဝင်များသည် အဖွဲ့ခွဲ (၃) မှ ပြည်ထောင်စုအစိုးရကို မကျေမနပ် ဖြစ်နေကြသည်။ ရှာဖွေတွေ့ရှိခဲ့သည့် ဟင်းလင်ပြင်အပျက်အစီး နေရာနှင့် ပတ်သက်၍

ကျန်သည့် ပြည်ထောင်စုအစိုးရများက အဖွဲ့ခွဲ (၃) ပြည်ထောင်စုအစိုးရကို တစ်ကိုယ်ကောင်းဆန်သည်ဟု ပြောဆိုနေကြသည်။

တစ်ချိန်တည်းမှာပင် အဖွဲ့ခွဲ (၃)မှ ပြည်သူများကမူ သူတို့နယ်မြေ အနီးတွင် ပေါ်လာသော ဟင်းလင်ပြင် အပျက်အစီး ဖြစ်သောကြောင့် အခြားအဖွဲ့ခွဲများက ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိကြောင်း အကြောက်အကန် ငြင်း၍ ခုခံ ကာကွယ်ချေပ နေကြသည်။

အဖွဲ့ခွဲ (၃)မှ လူအချို့ကမူ ဟင်းလင်ပြင် အပျက်စီးထဲကို အခြားအဖွဲ့ခွဲမှ လူများကို ဝင်ရောက်ခွင့် မပြုဘဲ လုံးဝ ပိတ်ထားရမည့်အစား ဖွင့်လှစ်

ပေးခဲ့သည့်အတွက် အင်မတန် ရက်ရောရှိ စေတနာကောင်းသည်ဟု ဆိုကြသည်။ အဓိက အဖွဲ့ခွဲ(၃)ခုက တစ်ဖက်နှင့်တစ်ဖက် စောင်းမြောင်း ရန်ဖြစ်နေကြစဉ် ဘေးကင်းရေးဇုန်များက ပွဲကောင်း စောင့်ကြည့် နေကြသည်။

မှောင်ခိုဈေးကွက်ထဲတွင် တောင်းဆိုမှု အမှာစာများ များပြားနေပြီး ပါရမီရှင်သမ္မဂ္ဂ ဖိုရမ်ပေါ်တွင်လည်း လူများက အမျိုးမျိုးသော အကြောင်းအရာများကို ပြောဆိုနေကြပြီး ဟင်းလင်းပြင် အပျက်အစီးထဲ ခရီးထွက်ရန် ပြင်ဆင်နေကြသည်။

လင်းဟွမ်သည် တွေးတောပြီးနောက် သူလိုအပ်မည့် အရာအားလုံးကို သိလိုက်သည်။ တိုက်ပွဲအတွင်းတွင် အကူအညီ ရစေရန် သယ်ယူပို့ဆောင်ရေးကတ်၊ လွတ်မြောက်ရေး ကတ်နှင့် ယာယီတိုက်ခိုက်ရေးအဆင့် မြှင့်တင်ရေးကတ်တို့ ပါရှိသည်။ ထို့အပြင် သူ့ထံတွင် အင်မော်တယ်အဆင့် (၃) မွန်းစတားများအပြင် နတ်ဘုရားသတ် အမြောက်လည်း ရှိသည်။ သူသည် ဟင်းလင်းပြင်အပျက်အစီးထဲ၌ အစွမ်းအထက်ဆုံး မဟုတ်လျှင်ပင် ရှိရှိသမျှ အရာအားလုံးကို ထုတ်သုံးမည် ဆိုပါက အစွမ်းထက်ဆုံး အသက်ရှင် ကျန်ရစ်ခဲ့သူများထဲမှ တစ်ယောက် ဖြစ်နိုင်သည်။

လင်းဟွမ်သည် မနက်စာ စားရင်း ဖိုရမ်ကြည့်ပြီးနောက် ပုံမှန်အတိုင်း လေ့ကျင့်ရေးဆင်းလိုက်သည်။ ည (၁၁) နာရီ ထိုးခါနီးတွင် နောက်ထပ် တစ်သားတည်းကျခြင်းအဆင့် ဓါးကျင့်စဉ် တစ်ခုကို တတ်မြောက်ခဲ့သည်။ ပင်ပန်း နွယ်နယ်နေသဖြင့် ရေမိုးချိုးပြီး အိပ်ယာထဲ ဝင်လိုက်သည်။

ထို့နောက် ခါတိုင်းကဲ့သို့ပင် သူ့အိတ်ထဲမှ ထူးခြားဆန်းကြယ် မျိုးစေ့ကို ထုတ်ယူပြီး ကံကြမ္မာစွမ်းအား ထည့်သွင်းလိုက်သည်။ ထိုစဉ် ချန်းသွမ်ပြောခဲ့သော စကားကို ရုတ်တရက် ပြန်သတိရသွားသည်။

“ဓါးတာအိုနဲ့ စမ်းကြည့်သင့်တယ် ထင်တယ်။ တကယ်လို့ အဲ့ဒါနဲ့ အဆင်မပြေသေးရင် နောက်နှစ်ရက်ကျမှ စိတ်စွမ်းအား ထည့်ကြည့်ရမယ်”

လင်းဟွမ်သည် လျှို့ဝှက်ဆန်းကြယ် မျိုးစေ့ထဲကို တစ်လခန့် ကံကြမ္မာစွမ်းအားများ ထည့်သွင်းခဲ့သည်။ ဘာမှ မထူးခြားခဲ့သည့်အတွက် ကံကြမ္မာစွမ်းအားက တစ်ခုခု မှားနေပြီဟု ထင်နေခဲ့သည်။ ထို့နောက် ချန်းသွမ်၏ အကြံပေးချက်အတိုင်း လိုက်လုပ်ကြည့်ရန် ဆုံးဖြတ်ပြီး အခြားစွမ်းအင် ထည့်သွင်းလိုက်သည်။

တိတိကျကျ ပြောရမည်ဆိုလျှင် ဓါးတာအိုသည် စွမ်းအင်တစ်ခု မဟုတ်ပေ။ ဒါသည် အထူး

စွမ်းအင်တစ်မျိုး ဖြစ်ပြီး ဉာဏ်အလင်းပွင့်ခြင်း ဒြပ်စင်နှင့် ဆင်တူသည်။ သို့သော်လည်း လင်းဟွမ်၏ သူ့ဓါးတာအိုကို ထူးခြားဆန်းကြယ် မျိုးစေ့ထဲ ထည့်သွင်းရန် ကြိုးစားခြင်းကို မတားဆီးနိုင်ခဲ့ပေ။

လင်းဟွမ်သည် သူ့လက်ဖဝါးထဲတွင် မျိုးစေ့ကို ကိုင်ထားရင်း အဆင့်မြင့် ဓါးတာအိုကို ထည့်သွင်းလိုက်သည်။ မည်သည့် တုံ့ပြန်မှုကိုမှ မမြင်ရသော်လည်း ဓါးတာအိုကို ဆက်လက် ထည့်သွင်းနေခဲ့သည်။ တစ်နာရီခန့် ကြာသောအခါ ထူးခြားဆန်းကြယ် မျိုးစေ့က ဓါးတာအို စုပ်ယူနေခြင်းကို ရပ်တန့်လိုက်သည်။

လင်းဟွမ်သည် ထိုအချက်ကို သတိထားမိပြီး လက်ဖဝါးထဲတွင် လေးလာသလို ခံစားလိုက်ရသည်။ လက်ကိုဖွင့်ကြည့်လိုက်ရာ အနက်ရောင် အစေ့လေးက သူ့လက်ဖဝါးပေါ်တွင် အမြစ်များ တွယ်လာပြီး အသားထဲ ထိုးဖောက် ဝင်ရောက်သွားကြောင်း သိလိုက်ရသည်။

မကြာခင် အဆင့် (၂) ဓါးတာအိုကို အနက်ရောင် မျိုးစေ့ထဲ ထည့်သွင်းလိုက်သည်။

အနက်ရောင် မျိုးစေ့လေးက ဓါးတာအို အဆင့် (၃) ကို စတင်မစုပ်ယူခင် နှစ်နာရီကျော်ကြာအောင် အဆင့် (၂) ဓါးတာအိုကို စုပ်ယူခဲ့သည်။

လေးနာရီကျော် ကြာပြီးနောက် နေထွက်လာသည့် အချိန်တွင် အနက်ရောင် မျိုးစေ့လေးက အဆင့် (၄) ခါးတာအိုကို စတင် စုပ်ယူလိုက်သည်။ ဤတစ်ချိန်တွင် အနက်ရောင် မျိုးစေ့သည် အဆင့် (၅) ခါးတာအိုကို မစုပ်ယူခင် ခြောက်နာရီကျော် ကြာမြင့်ခဲ့သည်။

တတိယမြောက်နေ့.....

မနက် ခြောက်နာရီ ကျော်ခန့်တွင် (၁၆) နာရီကျော် ကြာသွားခဲ့ပြီး အနက်ရောင် မျိုးစေ့လေးက ပြည့်ဝ သွားပုံရသည်။

ထို့နောက် အနက်ရောင် မျိုးစေ့လေးသည် လက်ဖဝါးပေါ်က ပျောက်ကွယ်သွားပြီး သူ၏ ပထမဦးဆုံး ကံကြမ္မာစက်ဝိုင်းထဲ ဝင်ရောက်သွားသည်။

လင်းဟွမ်သည် သေသေချာချာ စောင့်ကြည့်နေရာ ငွေရောင် ဓါးတောင်တန်းထဲ ဝင်ရောက်သွားကြောင်း သတိထားလိုက်မိသည်။ ဓါးတာအိုက ထူးခြားဆန်းကြယ် မျိုးစေ့ကို လုံးဝ အသက်သွင်းနိုင်ခဲ့ကြောင်း လင်းဟွမ် သိလိုက်သည်။

ၫင်းက ၫင်း၏ ကိုယ်ပိုင်ကျင့်ကြံမှုကို စတင်ရန်အတွက် ဓါးတောင်တန်းပေါ် တက်သွားခဲ့ပြီး အနာဂတ်တွင်

မျိုးစေ့က မည်ကဲ့သို့ ဖြစ်လာမလဲဆိုသည်ကို သူလည်း မသိပေ။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲ မျိုးစေ့ဝင်ရောက်သွားသည်နှင့် တပြိုင်နက် အလွန်ပင်ပင်ပန်းနွမ်းနယ်၍ နုံးချိလာသည်။ နှစ်ရက်လုံး မစား၊မသောက် အနားမယူဘဲ လုပ်ခဲ့ခြင်းပင်။ အနားယူခြင်းမရှိဘဲ ဓါးတာအို ဖြည့်သွင်းနေသောကြောင့် ခွန်အားများ ကုန်ခမ်းသွားခဲ့သည်။

ထို့နောက် ရေခဲသေတ္တာထဲမှ ဖျော်ရည်နှင့် ခေါက်ဆွဲခြောက် တစ်ထုပ် ထုတ်ယူကာ

စားသောက်လိုက်ပြီး အိပ်ယာပေါ်တွင် အိမ်မော ကျသွားသည်။

နေဝင်ချိန်တွင် အင်ပါယာနှလုံးသား လက်စွပ်၏ နိုးစက်ကြောင့် ပြန်နိုးလာခဲ့ပြီး တစ်လျှောက်လုံး အိပ်ပျော်နေခဲ့သည်။

ဖုန်းခေါ်ဆိုသူမှာ ချန်းသွမ်ပင်။

လင်းဟွမ် ချက်ချင်း ဖုန်းကိုင်လိုက်သည်။

“အိပ်နေတာလား အခဲ့ဒီမှာ ညနေ ခြောက်နာရီလောက်ပဲ ရှိအုံးမယ်။ မင်း ဘာလို့..”

ဗီဒီယိုဖုန်းချိတ်ဆက် သွားသည်နှင့် အိပ်ယာပေါ်တွင် လှဲလျောင်းနေသော လင်းဟွမ်ကို ချန်းသွမ် တွေ့လိုက်ရသည်။ အစက နားမလည်သော်လည်း မကြာခင် တစ်ခုခုကို သဘောပေါက်သွားခဲ့ပြီး ..

“အင်း.... မင်းမှာ စော်လေးတစ်ပွေ ရှိရမယ်”

“ပြောစရာရှိတာ ပြောပါ”

လင်းဟွမ်က ရှင်းပြချင်စိတ် မရှိပေ။

“မင်းနဲ့ မင်းရဲ့စော်လေးကို နှောင့်ယှက်မိလို့ တောင်းပန်တယ်ဟေ့။ လုပ်စရာရှိတာ ဆက်လုပ်လို့ ရအောင် မြန်မြန် ပြောလိုက်မယ်”

လင်းဟွမ် ဘာမှမပြောရသေးခင် ချန်းသွမ်က ဆက်ပြောလိုက်သည်။

“ငါတို့ တင်ပြထားတဲ့စာရင်းကို အတည်ပြုပြီးပြီ။ တခြားအဖွဲ့အစည်းတွေ တင်ပြထားတဲ့ စာရင်းကိုလည်း တစ်ရက်နှစ်ရက်အတွင်း အပြီးသတ်နိုင်မယ်လို့ ငါ ထင်တယ်။ အားလုံးအဆင်ပြေရင် အဖွဲ့ခွဲ (၃) ပြည်ထောင်စုအစိုးရက (၃)ရက်ကနေ (၅) ရက်အတွင်း ဟင်းလင်းပြင်အပျက်အစီးထဲ အရောက်ပို့ ပေးလိမ့်မယ်”

“မြေအောက် အဖွဲ့အစည်းတွေဖြစ်တဲ့ မင်းဆက်၊ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၊ ဒိဋ္ဌနဲ့ သူတော်စင်တွေ အပါအဝင် မြေအောက်အဖွဲ့အစည်း အဖွဲ့ဝင်တွေ

အများကြီး ပါလာတယ်။ မြေအောက် အဖွဲ့အစည်းတွေ ကလည်း ဒါကို စိတ်ဝင်စားလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး။ သူတို့က ရက်စက် ကြမ်းကြုတ် လွန်းတယ်။ တကယ်လို့ မင်း မသွားချင်ရင် ငါ တခြား တစ်ယောက်နဲ့ အစားထိုးလိုက်မယ်”

“မလိုဘူး ငါအချိန်မှန် ရောက်အောင်လာခဲ့မယ်”

လင်းဟွမ်အတွက် မြေအောက် အဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံရခြင်းမှာ ဒါသည် ပထမဦးဆုံးအကြိမ် မဟုတ်သောကြောင့် နောက်ပြန်ဆုတ်ရန် အစီအစဉ် လုံးဝမရှိပေ။

“ကဲ မင်းက သွားဖို့ ဆုံးဖြတ်ထားပြီဆိုတော့ ဒီရက်ပိုင်းအတွင်း မင်းကိုယ်မင်း ပြင်ဆင်ထားလိုက်။ နောက်ပြီးတော့ အသက်ရှင်နိုင်မယ့် ပစ္စည်းတွေ များများယူလာခဲ့။ မင်း မထွက်သွားခင် ပြည်ထောင်စုအစိုးရ ဝန်ထမ်းတွေက မင်းဆီ ဆက်သွယ်လာလိမ့်မယ်”

ချန်းသွမ်က စပ်ဖြဲဖြဲ ပြုံးပြီး သတိပေးလိုက်သည်။

“ကောင်းပြီ ကောင်းပြီ။ မင်းနဲ့ မင်းရဲ့စော်လေးလည်း ပါဝါမကူ ရေမရှု မကျေပွဲလေး ဆက်နွဲလိုက်အုံး၊ ငါ မနှောင့်ယှက်တော့ဘူး”

လင်းဟွမ်သည် ဖုန်းချပြီးနောက် ကောင်းကင်ကြီး မှောင်လာကြောင်း သိလိုက်သည်။ အိပ်ယာထ မျက်နှာ သစ်လိုက်သည်။ သူ့အတွက် အစားသောက်များ မှာယူ စားသောက်ပြီးနောက် လေ့ကျင့်မှု စတင်လိုက်သည်။ လေ့ကျင့်ရင်း အာရုံရလာသည့်အချိန်၌ သူ့ခန္ဓာကိုယ်က ယခင်နှင့် မတူတော့ကြောင်း သတိထားလိုက်မိသည်။

ခန္ဓာကိုယ်အတွင်းထဲသို့ လှမ်းကြည့်လိုက်ရာ ပထမဦးဆုံး ကံကြမ္မာစက်ဝိုင်းထဲရှိ ငွေဓါးတောင်တန်းအောက်တွင် (၃) နှစ်၊ (၄) နှစ် အရွယ် ကလေးငယ် တစ်ယောက်ကို တွေ့လိုက်ရသည်။

“ဒါက ဘာလဲ..”

လင်းဟွမ်သည် သူ့ကံကြမ္မာ စက်ဝိုင်းထဲတွင် သက်ရှိအရာ တစ်ခုကို မြင်လိုက်ရသဖြင့် လုံးဝ အံ့အားသင့်သွားသည်။

ထို့နောက် ကလေးငယ်က သူ့ခန္ဓာကိုယ်ထဲ မည်ကဲ့သို့ ဝင်လာမှန်း မသိသည့်အတွက် ကြောက်လန့်လာသည်။

“ဓါးဝိညာဉ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ရှောင်ဖိန်၏အသံကို ကြားလိုက်ရသည်။

“မင်းပြောချင်တာ ဒီကလေးက ဓါးဝိညာဉ်လား..”

လင်းဟွမ်သည် မယုံကြည်နိုင် ခံစားနေရသည်။

“ငါ ဒီဟာ ရခဲ့တာကို ဘာဖြစ်လို့ မမှတ်မိရတာလဲ”

လင်းဟွမ်သည် ခါးဝိညာဉ်အကြောင်းကို ယခင်ကတည်းက ကြားခဲ့ဖူးသော်လည်း ဒဏ္ဍာရီတစ်ခုမျှသာ.....

ရှေးခေတ်အချိန်က ခါးဝိညာဉ်များ ဖန်တီးနိုင်သည့် အစွမ်းထက် ခါးသခင်အချို့ ရှိခဲ့သည်ဟု ဆိုကြသည်။ သို့သော်လည်း ခေတ်သစ်ကာလမှ စတင်၍ မည်သူ တစ်ဦးတစ်ယောက်ကမှ မလုပ်နိုင်ခဲ့သောကြောင့် ခါးဝိညာဉ်က မည်သို့ပုံစံ၊ မည်သည့်အဆင့်၊ ခါးဝိညာဉ်ဖွဲ့စည်းရန် မည်သည့်အရာများ လိုအပ်လဲ ဆိုသည်ကို မည်သူမျှ မသိကြတော့ချေ။

လင်းဟွမ်သည် ဓါးတာအိုက ဘာလုပ်နိုင်လဲ ဆိုသည်ကိုပင် တိတိကျကျ မသိသောကြောင့် ထိုအရာက အမှန်တကယ် တည်ရှိနေသလား ဆိုသည်ကိုပင် မသိချေ။

“မင်း မကျင့်ကြံခဲ့ဘူး....၊ ဒါက ထူးခြားဆန်းကြယ် မျိုးစေ့ကနေ ပေါက်လာတာ”

ရှောင်ဖိန်က ပြောလိုက်သည်။

“ဓါးဝိညာဉ်က လူသားပုံစံ ရှိတယ်လို့ ငါ့ကို ဘယ်သူမှ ဘာဖြစ်လို့ မပြောကြတာလဲ..”

လင်းဟွမ်စိတ်ထဲတွင် ထိုအတွေး ပေါ်လာသည်။

"ကြည့်ရတာတော့ တိုက်ခိုက်ဖို့အတွက် ဒီကလေးလေးကို ဆင့်ခေါ်နိုင်လို့ မရဘူးထင်တာပဲ။ ဒါဆို ဘာလုပ်ရမှာလဲ"

"ဒါကတော့ မင်းကိုယ်တိုင် လေ့လာရလိမ့်မယ်"

လင်းဟွမ်သည် ရှောင်ဖိန်က မကူညီနိုင်သောကြောင့် လက်တွေ့လောကကို ပြန်လာရန် ဆုံးဖြတ်လိုက်သည်။

သူ မထွက်ရသေးခင် ကလေးငယ်က သူ့တည်ရှိမှုကို ခံစားမိပြီး ပြုံးပြကာ လက်ဝှေ့ယမ်းပြနေသည်။

ငါ့ကို ခေါ်သွား..

လင်းဟွမ်သည် အံ့အားသင့် သွားသော်လည်း ကောက်ချီလိုက်သေးသည်။ စကားအချို့ အပြန်အလှန် ပြောဆိုပြီးနောက် ထိုကလေးငယ်က စကားလုံးများစွာ မသိသေးကြောင်း သဘောပေါက်လိုက်သည်။ ရိုးရှင်းသော စကားပြောဆိုမှု အနည်းငယ်ကိုသာ ပြုလုပ်နိုင်သည်။ ကံကောင်းသည်မှာ ထိုကလေးငယ်က နာခံမှုရှိ၏။ လင်းဟွမ်သည် ကလေးငယ်နှင့် အနည်းငယ် ကစားပြီးနောက် လက်တွေ့ကမ္ဘာထဲ ပြန်လာခဲ့သည်။

သူ ပြန်ရောက်သည်နှင့် ပထမဦးဆုံး လုပ်ခဲ့သည်မှာ နှလုံးသားကွန်ရက်ပေါ်တွင် ဓါးဝိညာဉ်နှင့် ပတ်သက်သော အကြောင်းအရာများကို ရှာဖွေခြင်းပင်။

ကွန်ရက်ပေါ်တွင် ထိုအရာနှင့် ပတ်သက်သော အကြောင်းအရာများစွာ ရှိသော်လည်း တစ်ခုမျှ အသုံးမဝင်ချေ။ မှောင်ခိုဈေးကွက် ဖိုရမ်နှင့် ပါရမီရှင် သမဂ္ဂပေါ်တွင် တူညီသော ရှာဖွေရေး စကားလုံးကို အသုံးပြု၍ ရှာဖွေခဲ့သော်လည်း မည်သည့်အရာကမျှ အသုံးမဝင်ခဲ့ချေ။

လင်းဟွမ်သည် ကူကယ်ရာမဲ့နေပြီး နောက်ထပ်နှစ်ရက်ခန့်အထိ အလုပ် မရှုပ်သောကြောင့် ရှောင်ဖိန်၏ အကြံပြုချက်အတိုင်း သူ့ဘာသာသူ လေ့လာရန် ဆုံးဖြတ်လိုက်သည်။

အခန်း(၆၈၁) - ခါးဝိညာဉ်၏ ပထမဦးဆုံး စွမ်းရည်။

လင်းဟွမ်သည် ခါးဝိညာဉ်ကို ပိုင်ဆိုင်ခဲ့သော်လည်း မည်သည့် တိုးတက်မှုကိုမှ မခံစားရပေ။

နောက်ထပ် နှစ်ရက်အတွင်း ခါးကျင့်စဉ်များကို လေ့ကျင့်ပြီးနောက် ကတ်အပိုင်းအစများ ထပ်မံ ရရှိခဲ့သည်။ လေ့ကျင့်ပြီးသည့် အချိန်တိုင်း အသိစိတ်ကို ခန္ဓာကိုယ် နှစ်မြုပ်ပြီး ခါးဝိညာဉ်နှင့် ဆက်သွယ် နေခဲ့သည်။ အဓိက ရည်ရွယ်ချက်မှာ ခါးဝိညာဉ်နှင့်

စကားပြောရန်၊ သူနှင့်အတူ ကစားရန်နှင့် သင်ကြားပေးရန်သာ ....

လင်းဟွမ်သည် ဓါးကျင့်စဉ်ကို လေ့ကျင့် ပြီးသောအခါ အိပ်ယာမဝင်ခင် ခန္ဓာကိုယ်ထဲရှိ အသိစိတ်ထဲ ဝင်ရောက်လိုက်သည်။

ဓါးတောင်ပေါ် တက်နေသော ဓါးဝိညာဉ်ကို မြင်လိုက်ရသည်။ ဒါသည် ဓါးဝိညာဉ် ကိုယ်တိုင် တီထွင်ထားသော ဂိမ်းတစ်ခုပင် ။ တောင်ပေါ် ရောက်ပြီးနောက် ဓါးဝိညာဉ်က အလွတ် ခုန်ချတတ်သည်။

ကနဦးတွင် လင်းဟွမ်သည် ထိုကဲ့သို့ ကစားပါက ခါးဝိညာဉ် ဒဏ်ရာ ရရှိမည်ကို စိုးရိမ်နေခဲ့သည်။ အမှန်တကယ်တွင်မူ ထိုကဲ့သို့ မဟုတ်ချေ။

ထိုကလေးငယ်၏ ခန္ဓာကိုယ်မှာ ပျံသန်းရန် မွေးဖွားလာရုံသာမက ကံကြမ္မာစက်ဝိုင်းထဲက မြေပြင်ကိုပင် ထိုးဖောက် ဝင်ရောက်နိုင်စွမ်း ရှိနေပြီး ထိုမှတဆင့် ခါးတောင်တန်းထဲကိုပင် ဖောက်ထွင်း သွားနိုင်သည်။

တစ်ခါတစ်လေတွင် လင်းဟွမ်နှင့် ကလေးငယ်တို့သည် တောင်ပေါ်ကို အပြိုင် တက်ကြသေးသည်။

ဓါးဝိညာဉ်က တောင်တစ်ဝက်ခန့် ရောက်နေသည်ကို မြင်လိုက်လျှင် သူလဲ ဝင်ပါလိုက်သည်။

လင်းဟွမ်က တောင်ပေါ်သို့တက်လာပြီး သူနှင့် နီးကပ်လာသည်ကို မြင်လျှင် ဓါးဝိညာဉ်က ချက်ချင်း အရှိန်မြှင့်တင်လိုက်သည်။

မကြာခင် သူတို့နှစ်ယောက်သည် တောင်ပေါ်ကို ရှေ့ဆင့်နောက်ဆင့် ရောက်သွားကြသည်။ ဓါးဝိညာဉ်က လင်းဟွမ်ထက် အနည်းငယ်စောပြီး တောင်ပေါ် ရောက်သွားသဖြင့် အနိုင်ရသွားခဲ့သည်။ ကလေးငယ်က ပျော်ရွှင်လွန်း၍ ရယ်မောခြင်းကို မရပ်တန့်နိုင်ခဲ့ပေ။

“အပြစ်ကင်းတဲ့ ကလေးငယ်လေးပဲ”

လင်းဟွမ်သည် အလွယ်တကူ ပျော်ရွှင်တတ်သော ခါးဝိညာဉ် ကလေးငယ်ကိုမြင်လျှင် ခံစားချက်များစွာဖြင့် သက်ပြင်းချလိုက်သည်။ ထိုစဉ် စိတ်ထဲ၌ အတွေးတစ်ခု ပေါ်လာသည်။ ဒီနေ့၌ ခါးဝိညာဉ်ကို အသစ်အဆန်းများ သင်ပေးသင့်သည်။

လွန်ခဲ့သော နှစ်ရက်ကပင် သင်ကြားပို့ချခဲ့သည်။ ခက်ခက်ခဲခဲ ကြိုးစား သင်ယူခဲ့သော်လည်း စိတ်ပါခြင်း မရှိပေ။ သေသေချာချာ စဉ်းစားပြီးနောက် ခါးကျင့်စဉ် တစ်စုံ သင်ကြားပေးရန် ဆုံးဖြတ်လိုက်သည်။ ခါးအတွက် မွေးဖွားလာသောကြောင့် ခါးနှင့် ပက်သက်သော အရာများကို ကြိုက်နိုင်ပေသည်။

“ရှောင်တာအို.....၊ ဒီနေ့ မင်းကို အသစ်တစ်ခု သင်ပေးမယ်”

ရှောင်တာအို ဆိုသည်မှာ လင်းဟွမ် ပေးထားသော နာမည်အသစ်ပင် ။ သာမန်သာ ဖြစ်သော်လည်း ဓါးဝိညာဉ်သည် ထိုနာမည်နှင့် ပတ်သက်၍ အလွန် ကျေနပ်သည်။

“မင်းကို ဒီနေ့ ဓါးကျင့်စဉ်အသစ်တစ်စုံ သင်ပေးမယ်။ တစ်ကြိမ် သရုပ်ပြမယ် မင်း နောက်ကနေ လိုက်လုပ်နိုင်ရင် ဒုတိယတစ်ခု ထပ်ပြမယ်”

စကားပြောပြီးသောအခါ မှင်နက် (ခါး) က လက်ထဲပေါ်လာပြီး ခါးကျင့်စဉ်ကို စတင် သရုပ်ပြလိုက်သည်။

မဟာခါးကျမ်း၏ ရိုးရှင်းသော ပုံစံ ဖြစ်သည်။ ခက်ခဲသည်ဟု မယူဆနိုင်သော်လည်း လွယ်ကူခြင်း မရှိပေ။ သိုင်းပညာမုဆိုးကောလိပ်မှ ကျောင်းသားများသည် ဤကျင့်စဉ်ကို ကျွမ်းကျင်ရန်အတွက် အနည်းဆုံး တစ်လခွဲမှ ရက် (၂၀) ခန့် လိုအပ်သည်။

လင်းဟွမ်သည် ခါးကျင့်စဉ်ကို သုံးဆ ပိုနှေးသော အရှိန်နှင့် သရုပ်ပြခဲ့သည်။ ခါးသိုင်းကို သရုပ်ပြနေစဉ်

ရှောင်တာအိုက သူ့လှုပ်ရှားမှုကို စိတ်ဝင်တစားစိုက်ကြည့်နေကြောင်း သတိ ထားလိုက်မိသည်။

လင်းဟွမ် ပထမတစ်ကြိမ် သရုပ်ပြပြီးနောက် ရှောင်တာအိုက ခေါင်းခါ၍ နှေးသည်ဟု ပြောဆိုလာသည်။

“ဒီလောက် နှေးဖို့လိုလို့လား”

ရှောင်တာအို၏ စကားကြောင့် လင်းဟွမ် ဆွံ့အသွားသည်။

“မင်းက အရမ်းနှေးလို့ မြန်စေချင်တယ်လို့ ပြောချင်တာလား”

“အရှိန်မြင့်”

ရှောင်တာအိုက ချက်ချင်း ခေါင်းငြိမ့်လိုက်သည်။

“ဒါဆိုလဲ ကောင်းပြီလေ။ ဒုတိယတစ်ကြိမ် ထပ်လုပ်ပြမယ်”

လင်းဟွမ်က ဓါးကျင့်စဉ်ကို အရှိန်အဟုန်အပြည့် ကစား ပြလိုက်ပြီးနောက် ရှောင်တာအိုကို

“ဘယ်လို လုပ်ရမလဲ သိလား”

ရှောင်တာအိုက ခေါင်းငြိမ့်ပြသည်။ လေထဲသို့ ခုန်တက်ပြီး လက်ကို ဆန့်တန်းလိုက်ရာ ဓါးတစ်စင်း ပေါ်လာသည်။ လင်းဟွမ် လက်ထဲမှ မှင်ဓါးနှင့်

အတိအကျ တူနေပြီး အသေးစိတ် အချက်အလက်များပင် ထပ်တူကျနေသည်။ တစ်ခုတည်းသော ကွာခြားချက်မှာ အရွယ်အစား ပိုမို သေးငယ်နေခြင်းပင်။

ခါးဝိညာဉ်က ခါးလေးကို ဖမ်းပြီးနောက် လင်းဟွမ် ထပ်မံ သရုပ်ပြသည်ကို မစောင့်တော့ဘဲ ချက်ချင်းဆိုသလို ခါးကို ရှေ့ပစ်ထုတ်၍ ခါးကျင့်စဉ်ကို စတင် ကစားလိုက်သည်။

လင်းဟွမ်သည် သူ မြင်လိုက်ရသော အချင်းအရာကြောင့် အံ့ဩ သင့်သွားသည်။ ရှောင်တာအိုသည် သူ ခါးလေ့ကျင့်သည်ကို နှစ်ကြိမ်နှစ်ခါသာ မြင်ခဲ့ဖူးသည်။ ခါးကျင့်စဉ်ကို ပထမဦး

ဆုံးအကြိမ် လေ့ကျင့်ရသော်လည်း ကျွမ်းကျင်ပိုင်နိုင်နေသည်။ လှုပ်ရှားမှု အားလုံးကို ကျွမ်းကျင်ရုံသာမက ခါးကျင့်စဉ်၏ အနှစ်သာရကိုလဲ အပြည့်အဝ ဖမ်းမိထားသည်။

"ငါ လုပ်ခဲ့တဲ့အတိုင်း မျက်စိစုံမှိတ်ပြီး လိုက် မလိုက်နဲ့ အဲ့ဒီအစား ခါးကျင့်စဉ်ရဲ့ အနှစ်သာရကို လှုပ်ရှားမှုကနေ တဆင့် ဆုပ်ကိုင်"

လင်းဟွမ်သည် ရှောင်တာအို ခါးလေ့ကျင့်နေသည်ကို စောင့်ကြည့်ရင်း ယခင်ကထက်ပင် ခါးသိုင်းကျင့်စဉ်အပေါ် ပိုမို နားလည်လာသလို ခံစားလာရသည်။ ရှောင်တာအိုက ခါးကျင့်စဉ်ကို ချက်ချင်း တတ်မြောက်သဖြင့် လင်းဟွမ်က

အခက်အခဲ တိုးမြင့်ချင်လာသည်။ ထို့နောက် ရှောင်တာအိုကို မဟာခါးကျမ်း၏ ပထမပိုင်းကို ပြလိုက်သည်။

တစ်ကြိမ်သာ သရုပ်ပြပြီးနောက် ရှောင်တာအိုသည် ခါးကျင့်စဉ် နောက်တစ်ခုကို လွယ်ကူစွာ တတ်မြောက်သွားခဲ့သည်။ ထို့နောက် လင်းဟွမ်က မဟာခါးကျမ်း ဗားရှင်း အပြည့်အစုံကို လေ့ကျင့် ပြလိုက်သည်။

လင်းဟွမ်က လျှပ်တပြတ်အဆင့် ခါးကျင့်စဉ်များကို သရုပ်ပြခဲ့သော်လည်း ရှောင်တာအိုက ဒါကို အလွယ်တကူ တတ်ကျွမ်းနိုင်သေးသည်။ လင်းဟွမ်သည် အခက်အခဲကို ဆက်လက် တိုးမြင့်ခဲ့ပြီး တစ်သားတည်းကျခြင်းအဆင့်

ခါးကျင့်စဉ်ကို လေ့ကျင့် ပြလိုက်သည်။ ထုံစမ်းအတိုင်း ရှောင်တာအိုက တစ်ကြိမ်သာ ကြည့်ပြီးနောက် ထိုကျင့်စဉ်ကို ချက်ချင်း တတ်ကျွမ်းသွားသည်။

လင်းဟွမ်သည် စိတ်ထဲမှ သူ သင်ယူခဲ့သမျှ ခါးကျင့်စဉ်အားလုံးကို အမှန်တကယ် တတ်မြောက်နိုင်ပါမလားဟု တွေးနေမိသည်။

ထို့နောက် လင်းဟွမ်က ခါးကျင့်စဉ်ကို တစ်ခေါက်စီ သရုပ်ပြခဲ့သော်လည်း ရှောင်တာအိုက လျင်မြန်စွာ တတ်ကျွမ်းနေသေးသည်။

ထို့ကြောင့် လင်းဟွမ်သည် ယနေ့တွင် သူ လေ့ကျင့်ခဲ့သော ခါးကျင့်စဉ်တစ်စုံကို လေ့ကျင့်

သရုပ်ပြလိုက်သည်။ ဒါသည် စွမ်းရည်ကတ်မဖွဲ့စည်းရသေးသော တစ်သားတည်းကျခြင်းအဆင့် ခါးကျင့်စဉ်ပင် ။

လင်းဟွမ်က တစ်ကြိမ် သရုပ်ပြပြီးနောက် ရှောင်တာအို မျက်နှာပေါ်တွင် လေးနက်သော အမူအရာပေါ်လာပြီး

“ဒါ မမှန်ဘူး”

ထို့နောက် လင်းဟွမ်က ခါးကျင့်စဉ်ကို နောက်တစ်ခေါက် သရုပ်ပြရန် လုပ်လိုက်စဉ် ခါးဝိညာဉ်က လှုပ်ရှားလိုက်သည်။။

လင်းဟွမ်သည် ခါးဝိညာဉ်၏ လှုပ်ရှားမှုကိုကြည့်ပြီး အံ့အောသင့်သွားသည်။ ရှောင်တာအိုက တစ်ကြိမ် သရုပ်ပြခဲ့သော လှုပ်ရှားမှုမှတဆင့် ခါးကျင့်စဉ်ကို ကျွမ်ကျင် ပိုင်နိုင်အောင် တတ်ကျွမ်းခဲ့သည်။

“ရှောင်တာအို၊ ငါက ဒီကျင့်စဉ်ကို ပြီးဆုံးအောင် မလေ့ကျင့်ရသေးဘူး။ ကျေးဇူးပြုပြီး ငါ့ကို သင်ပေး”

လင်းဟွမ်က ရှောင်တာအိုကို တအံ့တအော ငေးကြည့်ရင်း ပြောလိုက်သည်။ နောက်ဆုံး၌ ခါးဝိညာဉ်၏ အစွမ်းအစကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။

“ရတယ်”

ရှောင်တာအိုက ဝမ်းသာအားရ ပြန်ဖြေသည်။ လင်းဟွမ်က သူ့အတွက် နေ့စဉ်နေ့တိုင်း အချိန်ပိုပေးနိုင်ရန် မျှော်လင့်နေသည်။

လင်းဟွမ်သည် ဓါးဝိညာဉ်က ဓါးကျင့်စဉ်ကို ချက်ချင်း တတ်မြောက် ကျွမ်းကျင် ပိုင်နိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သရုပ်ပြမှုက မည်မျှ ကောင်းမွန်ပါစေ လူတစ်ယောက်သည် ကိုယ်တိုင် လေ့ကျင့်ခြင်း မရှိပါက ထိရောက်မှု ရှိမည်မဟုတ်ချေ။ သို့သော်လည်း ယခုမူ ဓါးဝိညာဉ်က သူ၏ ကျူရှင်ဆရာ ဖြစ်လာပြီး သူ၏ ဓါးလေ့ကျင့်မှုကို ကူညီပေးနိုင်သည်။

လင်းဟွမ်သည် ခန္ဓာကိုယ် အတွင်းထဲတွင် တစ်ညလုံး ခါးသိုင်း လေ့ကျင့်နေခဲ့သဖြင့် မအိပ်ဖြစ်ခဲ့ပေ။ ခါးဝိညာဉ်၏ လမ်းညွှန်မှုဖြင့် တစ်ညတည်းမှာပင် ခါးကျင့်စဉ် တစ်စုံခွဲကို သင်ယူ တတ်မြောက်ခဲ့ပြီး စုစုပေါင်း (၉) နာရီသာ ကြာမြင့်ခဲ့သည်။

သူ၏ စွမ်းဆောင်ရည်က ယခင်ကထက် အများကြီး မြင့်မား လာခဲ့သည်။ အကယ်၍ ဆက်သွယ်ရေး အတားအဆီးကိုသာ လျော့ချနိုင်ပါက လင်းဟွမ်၏ ခါးကျွမ်းကျင်မှု လေ့ကျင့်မှုက ပိုမို တိုးတက်လာအုံးမည်။

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် ခါးဝိညာဉ်၏ အုံ့ဩဖွယ်စွမ်းရည်ကို မြင်တွေ့ပြီးနောက်

အလွန် စိတ်လှုပ်ရှားနေကာ အိပ်ချင်စိတ် မရှိပေ။ ဒါသည် ဓါးဝိညာဉ်၏ တစ်ခုတည်းသော စွမ်းရည် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။ သို့သော်လည်း ယခုလက်ရှိ စွမ်းရည် တစ်ခုတည်းကပင် သူ့အတွက် များစွာ အထောက်အကူ ပြုနေပြီ။

လင်းဟွမ်သည် မနက်စာ စားပြီးနောက် အင်ပါယာနှလုံးသား လက်စွပ် တုန်ခါလာသဖြင့် ခန္ဓာကိုယ်အတွင်းထဲ ဝင်ပြီး ဓါးကျင့်စဉ်ကို ဆက်လက် မလေ့ကျင့်နိုင်တော့ချေ။

လင်းဟွမ်သည် ဆက်သွယ်ရေးမျက်နှာပြင်ကို ဖွင့်ပြီး မက်ဆေ့ချ်ကို ကြည့်လိုက်သည်။ အမည်မသိ ဖုန်းနံပါတ်

တစ်ခုထံမှ မက်ဆေ့ချ် ဖြစ်သော်လည်း အဖွဲ့ခွဲ (၃) ပြည်ထောင်စု အစိုးရထံမှ ပေးပို့ခဲ့ခြင်းပင် ။

လင်းဟွမ် ချက်ချင်း ဖွင့်ကြည့်လိုက်သည်။

'မဂ်လာပါ မစ္စတာလင်းရှီ၊ မင်းကို ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က ဟင်းလင်းပြင် အပျက်အဆီးနေရာကို သွားရောက် လေ့လာဖို့အတွက် စာရင်းသွင်းထားတယ်။ မသွားခင် မင်းကိုယ်မင်း ကြိုတင် ပြင်ဆင်ထားပါ။ ဇူလိုင်လ (၇) ရက်နေ့ကျရင် မှော်ကောင်းကင် ပလာဇာမှာ စုဝေးမယ်။ ဝပ်ကျင်းအမှတ် (၃) အေ (၁) မှာ ကျန်တဲ့ လေ့လာရေး သမားတွေနဲ့ မနက် (၉) နာရီတိတိမှာ

ဆုံမယ်။ အချိန်မီ မရောက်ရင် စူးစမ်းလေ့လာသူ စားရင်းမှာ ပယ်ဖျက်မယ်။ ဒီအချက်ကို သတိထားပေးပါ'

"သဘက်ခါလား"

လင်းဟွမ် သတိမထားလိုက်မိဘဲ အချိန်များက လျင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။ သို့သော်လည်း မြန်သည်ဟု မခံစားရချေ။ ထိုအစား သူ့ကိုယ်သူ ရယ်မောလိုက်ပြီး

"ကြည့်ရတာတော့ မနက်ဖြန် ညကျရင် စောစော အိပ်ရမယ့်ပုံပဲ"

အခန်း(၆၈၂) - လွင့်မြော ကုန်းမြေလား....

အဖွဲ့ခွဲ (၃) ရှိ ဝပ်ကျင်းအမှတ် (အေ - ၁) မှ (အေ - ၁၀) အထိ ဝင်ရောက်သည့် လူတိုင်းသည် မည်သူမဆို စစ်ဆေးခြင်း ခံရသည်။

လင်းဟွမ်သည် လက်မှတ်ဝယ်ယူစဉ်က ပြည်ထောင်စု အစိုးရ၏ ဖိတ်ကြားလွှာကိုပင် ပူးတွဲ ဖော်ပြခဲ့သည်။ ဖိတ်စာနှင့်အတူ ပါလာသောကြောင့် (၁၀) စက္ကန့်ထက် နည်းသော စစ်ဆေးမှုကိုသာ ခံခဲ့ရပြီး ကြိုတင် ဘိုကင်လုပ်ခြင်း အောင်မြင်ခဲ့သည်။

လင်းဟွမ်သည် မှော်ကောင်းကင်မြို့ ဝပ်ကျင်အမှတ် (အေ - ၃) ကို တစ်ရက်အလိုတွင် ရောက်ရှိလာခဲ့သည်။ မှော်ကောင်းကင် ပလာဇာအနီးရှိ ဟိုတယ်တစ်ခုတွင် အခန်း ယူခဲ့သည်။ အခန်းယူပြီးနောက် အင်ပါယာနှလုံးသား လက်စွပ်မှ မက်ဆေ့ချ်နှစ်ခု လက်ခံ ရရှိခဲ့သည်။

ပထမဦးဆုံး မက်ဆေ့ချ်မှာ အမည်မသိ ဖုန်းနံပါတ် တစ်ခုထံမှ ဖြစ်ပြီး မက်ဆေ့ချ်ထဲတွင် စာတစ်ကြောင်းသာ ပါသည်။

“ဟင်းလင်းပြင် အပျက်အဆီးကို သွားမယ့် ကောင်းကင်ဘုံ အဖွဲ့ဝင် အချင်းချင်း

ဆက်သွယ်ပြောဆိုနိုင်ဖို့၊ ပိုမို အဆင်ပြေနိုင်စေဖို့ စကားပြောအဖွဲ့ထဲ ကျေးဇူးပြုပြီး ဝင်ပေးပါ”

ဒုတိယမက်ဆေ့ချ်မှာမူ အမည်မသိ ထိုဖုန်းနံပါတ်ထံမှ အဖွဲ့ထဲဝင်ရန် လင့်ချထားပေးခြင်းပင် ။ လင်းဟွမ်က လင့်ကို ကလစ် နှိပ်လိုက်သည်။ အဖွဲ့စကားဝိုင်းကို အသံတိတ် ပုံစံ လုပ်ထားနိုင်သောကြောင့် သူ့အတွက်များစွာ ထိခိုက်မည် မဟုတ်ချေ။

အဖွဲ့စကားဝိုင်းထဲတွင် ပါဝင်သော လူဦးရေမှာ များပြားလှ၏။ အချို့က စတင် နှုတ်ဆက်ကြသည်။ သူတို့သည် အဖွဲ့ထဲ ရောက်ရောက်ချင်း စိတ်လှုပ်ရှား နေကြသည်။ လင်းဟွမ်နှင့် လူနည်းစုတို့သာ

တိတ်တဆိတ်နေရန် ရွေးချယ်ခဲ့ကြသည်။ ခဏလေး အတွင်းမှာပင် လူ (၃၀) ရှိသွားသည်။ ဟင်းလင်းပြင် အပျက်အဆီးထဲ သွားမည့် လူအားလုံးကို အဖွဲ့စကားဝိုင်း (Gropup chact) ထဲ ထည့်ထားသည်မှာ ထင်ရှားသည်။ ထိုအခိုက်အတန့်တွင် အဖွဲ့စကားဝိုင်း အက်ဒမင်က လိုင်းပေါ်တွင် ရှိနေသည်။ မက်ဆေ့ချ်တွင် အားလုံးကို ဖော်ပြထားသည်။

“အဖွဲ့ စကားဝိုင်းက ကြိုဆိုပါတယ်။ ငါက အဖွဲ့ခွဲ (၁) , ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ ဌာနချုပ်က ရှန်းထောင်ပါ။ အားလုံးကို စုစည်းရတဲ့ ရည်ရွယ်ချက်က မနက်ဖြန် မနက်အတွက် ငါတို့ရဲ့ အစီအစဉ်ကို

ဆွေးနွေးဖို့ပါ။ တော်တော်များများလည်း သိပြီးသား ဖြစ်မှာပါ။ ငါတို့ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းက လူ (၃၀) ပဲ သွားခွင့်ရလို့ အဖွဲ့ခွဲ (၃) ရဲ့ ဒေသခံ အဖွဲ့အစည်းတွေနဲ့ မယှဉ်နိုင်ဘူး။ ဒါကြောင့် ငါတို့တွေ အတူတကွ ပူပေါင်း လုပ်ဆောင်တာက အကောင်းဆုံး ဖြစ်လိမ့်မယ်။ မနက် (၈) နာရီခွဲကျရင် မှော်ကောင်းကင် ပလာဇာ အရှေ့ဘက်မှာရှိတဲ့ ကော်ဖီဆိုင်မှာ မင်းတို့အားလုံး စောင့်နေပေးပါ။ လူတိုင်း ဆုံနိုင်မယ်လို့ မျှော်လင့်ပါတယ်”

ရှန်းထောင်က စာပို့ပြီးနောက် သူ့ဓါတ်ပုံကို ပို့လိုက်သည်။

လင်းဟွမ်သည် စာကိုဖတ်ပြီးသည်နှင့် ချက်ချင်း အသံတိတ် ပုံစံ လုပ်လိုက်သည်။ သူ့တွင် ဖုံးကွယ်ထားရမည့် လျှို့ဝှက်ချက်များစွာ ရှိနေသောကြောင့် ကျန်သည့်လူများနှင့် တွေ့ဆုံရမည့် ကိစ္စနှင့် ပက်သက်လျှင် မှတ်ချက်ပေးခြင်း မရှိခဲ့ပေ။

ဟင်းလင်းပြင် အပျက်အဆီးနေရာနှင့် ပတ်သက်၍ သူကိုယ်တိုင်လည်း သေသေချာချာ မသိချေ။ ထို့ကြောင့် ကျန်သည့်လူများနှင့် ပူပေါင်း လုပ်ဆောင်ခြင်းက ပို၍ အဆင်ပြေလိမ့်မည်။ အခြားသူများထံမှ သူ မသိသေးသော သတင်းအချက်အလက်များ ရရှိနိုင်သည်။ မည်သို့ပင်

ဆိုစေကာမူ ဟင်းလင်းပြင် အပျက်အဆီးထဲ ရောက်သွားပြီးနောက် လိုအပ်ပါက ခွဲထွက်သွားနိုင်သည်။

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် လှည့်စားခြင်းကတ်ကို ထုတ်ယူလိုက်သည်။ ကတ်ကို ချေမှုပြီး အသက်သွင်းလိုက်ကာ သူ၏ ယခုလက်ရှိပုံစံ လင်းရှိပုံစံကို ကြည့်လိုက်သည်။ လှည့်စားခြင်းကတ်ကို အသုံးပြုရသည့် အဓိက ရည်ရွယ်ချက်မှာ ရုပ်ဖျက်ထားခြင်း ပေါက်ကြား သွားမည်ကို ရှောင်ရှားနိုင်ရန်ပင် ။ ဤကဲ့သို့ ဖြစ်ပါက ဟင်းလင်းပြင် အပျက်အဆီးထဲ ဝင်ခွင့် မရနိုင်ပေ။

လင်းဟွမ်သည် လှည့်စားခြင်းကတ်ကို အသက်သွင်းပြီးနောက် ဟိုတယ်အခန်းထဲမှ ထွက်လာကာ မနေ့က ရှန်းထောင်နှင့် ချိန်းထားသည့် ကော်ဖီဆိုင်ကို ဦးတည်ပြီး ထွက်ခွာသွားသည်။

သူ တည်းခိုသည့် ဟိုတယ်သည် မော်ကောင်းကင်ပလာဇာ၏ အရှေ့မြောက်ဘက်အရပ်တွင် တည်ရှိသည်။ သူတို့ကြားမှ အကွာအဝေးသည် တစ်ကီလိုမီတာပင် မဝေးချေ။ ကော်ဖီဆိုင်သို့ ရောက်သောအခါ မနက် (၈) နာရီပင် မထိုးသေးချေ။

မနက်စာ တစ်စုံနှင့် ကော်ဖီတစ်ခွက် မှာပြီး နေရောင်အောက်မှ ထီးအောက်တွင် မနက်စာ

အေးအေးဆေးဆေး စားနေလိုက်သည်။ မနက်စာ စားပြီးနောက် သူနှင့် မလှမ်းမကမ်းတွင် ရှန်းထောင်ပေါ်လာသည်။

အရပ်က (၁.၉) မီတာထက် ပိုရှည်သည်။ ဗလအတောင့်ကြီး မဟုတ်သလို အပိန်ကြီးလည်း မဟုတ်ပေ။ အနက်ရောင် ရှပ်အင်္ကျီနှင့် မီးခိုးရောင် ဘောင်းဘီ ဝတ်ဆင်ထားကာ နေကာမျက်မှန် တစ်လက် ဝတ်ဆင်ထားသော်လည်း ခံ့ခံ့ညားညား မရှိချေ။

လင်းဟွမ်သည် ခင်မင်ရင်းနှီးခြင်း မရှိသောကြောင့် ဦးစွာထ နှုတ်ဆက်ရန် တုံ့ဆိုင်းနေသည်။ ထိုစဉ်

ရှန်းထောင်က သူ့ကို လှမ်းမြင်ပြီး သူ့ထံ လမ်းလျှောက်လာသည်။

"မင်းက လင်းရှီလား"

ရှန်းထောင်က လင်းဟွမ်အနီးကို ရောက်လာလျှင် မတ်တပ်ရပ်ပြီး နေကာမျက်မှန် ချွတ်လိုက်သည်။ လင်းရှီဆိုသည်မှာ ယခင်ကတည်းက ပါရမီရှင်သမဂ္ဂတွင် အကျော်ကြားဆုံး လူတစ်ယောက် ဖြစ်နေပြီး သူသည် ဦးဆောင်သူစာရင်းတွင် ပထမအဆင့် ရှိနေဆဲပင်။ သူ့ဓါတ်ပုံကို ဦးဆောင်သူစာရင်းတွင် တင်ထားသည်။ ထို့ကြောင့် ရှန်းထောင်က သူ့ကို မှတ်မိနေခြင်းသာ .....

"တွေ့ရတာ ဝမ်းသာပါတယ်"

လင်းဟွမ်က အပြုံးကလေးနှင့် ခေါင်းငြိမ့်လိုက်သည်။

ရှန်းထောင်သည် လင်းဟွမ်နှင့် လက်ဆွဲနှုတ်ဆက်ပြီးနောက် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်ချလိုက်သည်။ ထို့နောက် ကော်ဖီတစ်ခွက် မှာပြီး လင်းဟွမ်နှင့် စကားစမြည် ပြောဆိုနေသည်။

“လင်းရှီ၊ မင်း ပါရမီရှင်သမဂ္ဂထဲ မဝင်တာ တစ်လကျော် ရှိနေပြီနော်”

“အလုပ် ရှုပ်နေတာလား”

“ဟုတ်တယ်။ လေ့ကျင့်ရင်း အလုပ်ရှုပ်နေလို့”

ထို့နောက် ရှန်းထောင်သည် လင်းဟွမ်က ခရမ်းရောင်မီးလျှံအဆင့် ရောက်နေကြောင်း သတိထားလိုက်မိကာ

"မင်းရဲ့စွမ်းရည်ကို မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို ကန့်သတ်ထားတယ်။ မကြာခင် မင်းက အင်မော်တယ်အဆင့် တက်လှမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကြယ်လမ်းစဉ် သစ်ပင်ရဲ့ စစ်ဆေးရေး (၆၃) မှာ ပေါ်လာနိုင်ဖို့ မျှော်လင့်တယ်"

ရှန်းထောင်သည် အင်မော်တယ်အဆင့် (၉) ဖြစ်သော်လည်း နိမ့်ချတတ်သည့် လူတစ်ယောက် ဖြစ်နေသည်။ ထို့ကြောင့် လင်းဟွမ်အတွက် ထူးဆန်းသွားသည်။ ပါရမီရှင်သမဂ္ဂထဲတွင် ရှိနေသော

လူတိုင်းမှာ ပါရမီရှင်များသာ ဖြစ်ကြသည်။ အထွတ်အထိပ် ပါရမီရှင်များကို အားကျသော လူများမှလွဲ၍ ကျန်သည့် လူများသည် တစ်ယောက်နှင့်တစ်ယောက် အစေး မကပ်လှပေ။

သို့သော်လည်း လင်းရှီကမူ အပြာရောင် မီးလျှံအဆင့်လေးနှင့် ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ စစ်ဆေးရေးဂိတ် (၅၅) ကို ရောက်ရှိအောင် တက်နိုင်ခဲ့သောကြောင့် အလွန်ထူးချွန်သည်ဟု အများစုက သဘောတူ လက်ခံထားကြသည်။

ကြယ်လမ်းစဉ် သစ်ပင်က သူတို့၏ တိုက်ခိုက်ရေး အစွမ်းထက် သူတို့၏အလုံးစုံ စွမ်းရည်များကို

အကဲဖြတ်ခြင်းပင် ။ သူတို့အားလုံးသည် အပြာရောင် မီးလျှံအဆင့် ရှိနေသည့်အချိန်၌ အသုံးပြုနိုင်သည့် အရေအတွက် ကန့်သတ်ချက် မရှိသော နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းကို ပိုင်ဆိုင်ထားလျှင်ပင် စစ်ဆေးရေးဂိတ် (၅၅) ကို မရောက်နိုင်ချေ။

ထိုအကြောင်းကို သူတို့ အားလုံး ကောင်းကောင်း သိနေကြသည်။ သို့သော်လည်း လင်းရှီကမ္ဘ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ဒါသည် အခြားသူများထက် ပိုသန်မာကြောင်း သက်သေ ပြနေခြင်းပင်။

လင်းရှီ၏ တိုက်ခိုက်ရေးအဆင့်မှာ နိမ့်သော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် မသေဆုံးပါက သူ၏စွမ်းရည်သည် ဘုရင် ငါးပါးနှင့် တန်းတူဖြစ်ပြီး လူအများကို ဖိနိပ်နိုင်ကြောင်း အများက ယူဆထားကြသည်။

သူတို့နှစ်ယောက် စကားစမြည် ပြောဆိုနေစဉ် ကျန်သည့်အဖွဲ့ဝင်များ တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။ ရှန်းထောင်က သူ့ဓါတ်ပုံကို အဖွဲ့စကားဝိုင်းထဲ တင်ထားသောကြောင့် လူအများက သူ့ကို တစ်ချက်မြင်ရုံနှင့် မှတ်မိကြသည်။ ထို့နောက် သူရှေ့တွင် ထိုင်နေသော လင်းဟွမ်ကိုလည်း တွေ့လိုက်ရသည်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့အစည်းမှ လူများ မဆိုထားနှင့် ပါရမီရှင်သမဂ္ဂက အဖွဲ့ဝင် အများစုပင် လင်းရှီကို သိကြသည်။ သူတို့သည် သူတို့နှစ်ယောက်ကို ဝိုင်းပြီး ချက်ချင်း ထိုင်လိုက်သည်။ ပြောဆိုနေကြသည့် အကြောင်းအရာ အများစုက လင်းရှီနှင့် ပတ်သက်သော အကြောင်းအရာများ ဖြစ်နေပြီး ဟင်းလင်းပြင် အပျက်အဆီးနှင့် ပတ်သက်သည့် ကိစ္စများကို ပြောဆိုခြင်းက နည်းပါးသည်။

လင်းဟွမ်သည် စကားလမ်းကြောင်း ပြောင်းရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပြီး ဟင်းလင်းပြင် အပျက်အဆီးအကြောင်း ပြောရန် ကြိုးစားနေခဲ့သည်။

“ဟင်းလင်းပြင် အပျက်အဆီးအကြောင်းနဲ့ ပက်သက်ရင် သတင်းအချက်အလက် အသစ်တွေ ရှိသေးလား”

“ငါ မနေ့ကမှ အဖွဲ့ခွဲ (၁) က လာတာဆိုတော့ မသေချာဘူး”

ရှန်းထောင်က ခေါင်းခါလိုက်သည်။

“အဖွဲ့ခွဲ (၃) က ဒေသခံတွေနဲ့ ပက်သက်တဲ့ သတင်းဆိုရင်တော့ အချက်အလက်တချို့ ရထားတယ်။”

အင်မော်တယ်အဆင့် (၉) ရှိသော အဖွဲ့ (၃) မှ မိန်းကလေးတစ်ယောက် သတင်းဝေမျှခြင်း ဖြစ်သည်။

“ဟင်းလင်းပြင် အပျက်အဆီးက အဖွဲ့ခွဲ (၃) နဲ့ ကီလိုမီတာ (၄) သိန်းလောက် ဝေးတယ်လို့ ပြောတယ်။ ငြိမ်းချမ်းရေး သမုဒ္ဒရာရဲ့ အထက်ကောင်းကင်ယံမှာ တည်ရှိပြီး လေထဲမှာ တည်နေတဲ့ ကုန်းမြေကြီးပဲ။ ကုန်မြေကြီးက မှော်ကောင်းကင်မြို့ထက် အဆ အနည်းငယ် ပိုကြီးတယ်”

အကျဉ်းချုံး အကြောင်းအရာမျှသာ ဖြစ်သော်လည်း လင်းဟွမ်နှင့် ကျန်သည့်လူများကို အံ့ဩ သွားစေသည်။ ကီလိုမီတာ (၄) သိန်း ဒါသည် လနှင့်ကမ္ဘာကြားမှ အကွာအဝေးပင် ။ လင်းဟွမ်အတွက် မယုံနိုင်သည့်အချက်မှာ လေထဲတွင် တည်နေသော

ကုန်းမြေကြီးအကြောင်း ထုတ်ဖော် ပြောဆိုနေခြင်း ဖြစ်သည်။ မော်ကောင်းကင်မြို့၏ ဧရိယာမှာ အာဖရိက တိုက်နီးပါးကြီးမားပြီး စတုရန်း ကီလိုမီတာ (၃၂) သန်းကျော် ကျယ်ဝန်းသည်။ သို့သော်လည်း လေထဲ လွင့်မြောနေသော ကုန်းမြေမှာ မော်ကောင်းကင် မြို့ထက်ပင် အဆ အနည်းငယ် ပိုကြီးနေသေးသည်။

ဒါသည် စတုရန်းမီတာ ရာနှင့်ချီပြီး ကြီးနေခြင်း မဟုတ်ပါလော။

လင်းဟွမ်စိတ်ထဲတွင် ပထမဦးဆုံး ပေါ်လာသော အတွေးမှာ သတင်းအချက်အလက် မှားယွင်းနေခြင်းသာ ဖြစ်လိမ့်မည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ အာရုံစိုက်မှု ရခဲ့ပြီး ကျယ်လောင်စွာ စတင် ဆွေးနွေးလာကြသည်။ လင်းရှိအကြောင်းကို အာရုံ မစိုက်ကြတော့ချေ။

မနက် (၈) နာရီ (၅၀) ခန့်တွင် အဖွဲ့ဝင် (၃၀) လုံး ရောက်ရှိနေကြသည်။

စစ်ဝတ်စုံ ဝတ်ဆင်ထားသော ပြည်ထောင်စုအစိုးရမှ ဝန်ထမ်းများသည် ပလာဇာကို အလှဆင်မှု ပြီးစီးသွားသည့် အချိန်၌ အဖွဲ့အစည်း အသီးသီးမှ စတင် ဝင်ရောက်လာကြသည်။ ပါရမီရှင်သမဂ္ဂ အဖွဲ့ဝင်များ၏ ဝတ်စားဆင်ယင်မှုမှာ ပေါ့ပေါ့ပါးပါးသာ.....

သို့သော်လည်း ပြည်ထောင်စု အစိုးရများနှင့် တရားဝင် အဖွဲ့အစည်းများက ပွဲတက် အဝတ်အစားများကို တစ်ညီတစ်ညွှတ်တည်း ဝတ်ဆင်ထားကြသည်။ အဖွဲ့ နှစ်ခုပေါင်းလျှင် လူ (၃၀၀) ခန့် ရှိသည်။

ထို့နောက် မြေအောက်အဖွဲ့အစည်းမှ လူအသီးသီး ရောက်ရှိလာကြသည်။

လင်းဟွမ်သည် မျက်နှာပေါ်တွင် လက်ဝါးကပ်တိုင်ပုံစံ ရိုက်နှိပ်ထားသော အဖြူရောင် ဝတ်ဆင်ထားသည့် သူတော်စင်အဖွဲ့ဝင်များ၊ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသည့် ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များ၊ ရွှေသံချပ်ကာ ဝတ်စုံ ဝတ်ဆင်ထားသည့် မင်းဆက်

အဖွဲ့ဝင်များ၊ ရောင်စုံဝတ်စုံ ဝတ်ဆင်ထားသည့် ဒိတ္ထိများကို မြင်လိုက်ရပြီး ကျန်သည့်အဖွဲ့မှာ ပြည်ထောင်စု အစိုးရ အဖွဲ့အစည်း၊ မုဆိုးအဖွဲ့အစည်းနှင့် စွန့်စားသူတို့၏ သုခဘုံတို့အပြင် မင်းဆက်တို့ ဖြစ်နိုင်သည်။ စုစုပေါင်း လူ (၂၀၀) ခန့် ရှိသည်။

သူတော်စင်အဖွဲ့အစည်း၊ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်း၊ ဒိတ္ထိများနှင့် ကျန်သည့် အဖွဲ့အစည်း အသီးသီးတွင် အဖွဲ့ဝင် (၁၀၀) ရှိသည်။ ကျန်သည့်အဖွဲ့များမှာ အဖွဲ့ခွဲ (၃) မှ ဒေသခံ အဖွဲ့အစည်းများပင် ဖြစ်ကြသည်။

ခွဲတမ်း (၅၀) ပေးထားသော နယ်မြေသခင် မဟာမိတ်အဖွဲ့အစည်း မှလွဲ၍ ကျန်သည့် ပါရမီရှင် အဖွဲ့စည်းများသည် အဖွဲ့ခွဲ (၁) ရှိ အဖွဲ့များနှင့်တူပြီး ခွဲတမ်း(၃၀) သာ သတ်မှတ်ပေးထားသည်။

“ကြည့်ရတာ ငွေရှာရတာ ခက်တော့မယ့်ပုံပဲ”

ရှန်းထောင်က ရယ်မောကာ ခေါင်းခါလိုက်သည်။

“ဟင်းလင်းပြင် အပျက်အဆီးက ဘယ်လောက်ကြီးတဲ့ အပေါ် မူတည်တယ်”

လင်းဟွမ်က အကောင်းမြင်နေသည်။

“ငါတို့ထဲက အချို့တွေက ကံကောင်းပြီး ခါတ်ကြွင်းတွေ၊ ဘာတွေ ရနိုင်တာပေါ့။ ဒါပေမယ့် ကျန်တဲ့အဖွဲ့အစည်းက ငါတို့ဆီက လုယက်မယ်ဆိုတာ သေချာတယ်”

မိန်းကလေးတစ်ယောက်က တိုးတိုးလေး ပြောလိုက်သည်။

“ငါတို့ဆီက လုဖို့လား။ သူတို့မှာ လုပ်နိုင်စွမ်း ရှိ၊ မရှိ အရင်ဆုံး ကြည့်လိုက်ရအောင်”

လင်းဟွမ်က လုံးဝ မကြောက်ပေ။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ လူများသည် လင်းဟွမ်ကို မျက်လုံးစောင်းပြီး လှမ်းကြည့်ကြသည်။

သူ့ထက်များစွာ သန်မာသည့် လူများနှင့် ရင်ဆိုင်ရသော်လည်း လင်းရှိ တစ်ယောက်က သတ္တိရှိနေဆဲပင်။ သူများ မလုပ်နိုင်ခဲ့သည့်အရာကို သူ လုပ်နိုင်ခဲ့သည်မှာ မဆန်းတော့ပေ။

ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းအပြင် ကျန်သည့်အဖွဲ့အစည်းမှ အဖွဲ့ဝင်များကလည်း လင်းဟွမ်အကြောင်းကို ပြောဆို နေကြသည်။ ပါရမီရှင်သမဂ္ဂမှ အဖွဲ့ဝင် အများစုသည် လင်းဟွမ်ကို မှတ်မိကြသည်။ ထို့ကြောင့် ကောင်းကင်ဘုံ မဟာမိတ်ထံ အာရုံ ပြောင်းသွားကြသည်။

မနက် (၉) နာရီတွင် ဆံပင်ဖြူဖြူ၊ နှုတ်ခမ်းမွေး ရှိသည့် နတ်ဘုရားတစ်ပိုင်း တစ်ယောက်က လေထဲမှ ပျံသန်းလာသည်။ သူက လက်ကို ဝှေ့ယမ်းလိုက်ရာ ပလာဇာထဲရှိ ဆူညံသံအားလုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။

“အားလုံးတိတ်ကြပါ။ ဟင်းလင်းပြင် အပျက်အဆီးရဲ့ အခြေအနေကို ပြောပြမယ်။ ငါတို့ရဲ့ စူးစမ်းရှာဖွေရေး အဖွဲ့တွေရဲ့ တွေ့ရှိချက်အရ ဟင်းလင်းပြင် အပျက်အဆီးကို တွေ့ခဲ့တယ်။ ဟင်းလင်းပြင် အပျက်အဆီးက ငြိမ်းချမ်းရေး သမုဒ္ဒရာအရှေ့ဘက် ကမ်းရိုးတန်းမှာ ရှိတယ် ဒါက အဖွဲ့ခွဲ (၃)

ဘေးကင်းရေးဇုန်နဲ့ ကီလိုမီတာ (၄) သိန်းလောက် ဝေးတယ်။ အဲ့ဒီ ဟင်းလင်းပြင် အပျက်အဆီးက ငြိမ်းချမ်းရေး သမုဒ္ဒရာရဲ့ အထက် လေထုထဲမှာ လွင့်မြောနေတဲ့ ကုန်းမြေကြီးပဲ။ ကုန်းမြေရဲ့ ဧရိယာက စတုရန်းကီလိုမီတာ သန်း (၁၀၀) ကျော် ရှိမယ်လို့ ခန့်မှန်းထားတယ်”

လင်းဟွမ်သည် နတ်ဘုရားတစ်ပိုင်းထံမှ သတင်းအချက်အလက်ကို နားထောင်ရင်း အံ့ဩမှင်တက် သွားသည်။ ဤသတင်းက အမှန်တကယ် ဖြစ်လိမ့်မည်ဟု မည်သည့် အချိန်ကမျှ မမျှော်လင့်ထားပေ။

"ဟင်းလင်းပြင် အပျက်အဆီးထဲကို သန့်ရှင်းမီးလျှံအဆင့်နဲ့ အင်မော်တယ်အဆင့်တွေပဲ ဝင်ခွင့်ပြုတယ်။ အဖွဲ့အစည်း အသီးသီးက အဲ့ဒီ အဆင့်တွေကိုပဲ ဖိတ်ခေါ်ထားတယ်။ ဟင်းလင်းပြင် အပျက်အဆီးထဲကနေ ရသမျှ ပစ္စည်းအားလုံးက မင်းတို့အပိုင်ပဲ။ အဖွဲ့ခွဲ (၃) ပြည်ထောင်စု အစိုးရက ခွဲတမ်းယူမှာ မဟုတ်ဘူး။ အခွန် မကောက်ဘူး အဲ့ဒီအတွက် စိတ်မပူကြနဲ့"

နတ်ဘုရားတစ်ပိုင်း အကြီးအကဲသည် စည်းမျဉ်းများနှင့် ပတ်သက်၍ အကျဉ်းချုံး မိတ်ဆက်ပြီးနောက် ထွက်ခွာသွားသည်။ ထို့နောက်

စစ်တပ်ယူနီဖောင်း ဝတ်ဆင်ထားသော အင်ပါယာအဆင့် လူတစ်ယောက်က တာဝန် လွဲပြောင်းရယူလိုက်သည်။ သူက ဟင်းလင်းပြင် အပျက်အဆီးထဲ ခရီးစထွက်ရန် စီစဉ်လိုက်သည်။

“ကျေးဇူးပြုပြီး မင်းတို့ရဲ့ မူလနေရာမှာပဲ ရှိနေပေးပါ။ ဝန်ထမ်းတွေက နေရာကူးပြောင်းခြင်း ပေါ်တယ်ကို နောက်ပိုင်းမှာ ဖွင့်ပေးလိမ့်မယ်။ ငြိမ်းချမ်းရေး သမုဒ္ဒရာက အန္တရာယ်များတဲ့ နေရာဖြစ်နေလို့ နေရာကူးပြောင်းခြင်း ပေါ်တယ်က မင်းတို့ကို ဟင်းလင်းပြင် အပျက်အဆီးနားက ကျွန်းတစ်ကျွန်းပေါ်

ပို့ပေးလိမ့်မယ်။ အဲ့ဒါပြီးရင် မင်းတို့ကို အင်ပါယာသဘော်ဘန့် တည်နေရာကို လိုက်ပို့ပေးဖို့ စီစဉ်ထားတယ်”